INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# အစိုးရဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်းယန္တရားများ

International IDEA မှထုတ်ဝေသော ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း စာတမ်းအမှတ် (၁၇)



INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# အစိုးရဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်းယန္တရားများ

International IDEA မှထုတ်ဝေသော
ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း
စာတမ်းအမှတ် (၁၇)

စာတမ်းပြုစုသူ

Elliot Bulmer

© ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International IDEA) ၂၀၂၀ ခုနှစ်မူပိုင်ဖြစ်သည်။

International IDEA အဖွဲ့မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံများ၏ အကျိုးစီးပွား သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားတို့မှ သီးခြားလွတ်လပ်မှု ရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများမှာ International IDEA အဖွဲ့၊ ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများကို ကိုယ်စားပြုသည်ဟု ယတိပြတ်မဆိုနိုင်ပါ။

ဤစာအုပ်ကို Creative Commons Attribution-NonCommercialShareAlike ၃.၀ (CC BY-NC-SA 3.0) လိုင်စင် ခွင့်ပြုချက်အရ အီလက်ထရောနစ်ဖိုင်အနေဖြင့် ရယူနိုင်ပါသည်။ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ပါက လွတ်လပ်စွာ ကူးယူခြင်း၊ ဖြန့်ဝေခြင်း၊ ပို့လွှတ်ခြင်း၊ ရောနှောသုံးစွဲခြင်း သို့မဟုတ် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည်စီစဉ်ပြုစုခြင်းများ လုပ်ဆောင်နိုင်ပါသည်။ မူရင်းရေးသားပြုစုသူအား လျော်ကန်စွာ အသိအမှတ်ပြုရည်ညွှန်းချက်ဖော်ပြပေးပြီး အလားတူတရားဝင်လိုင်စင် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ်သည်။

ဤလိုင်စင်နှင့် စပ်လျဉ်း၍ ဆက်လက်သိရှိလိုပါက Creative Commons ဝဘ်ဆိုဒ်တွင် အင်တာနက်လိပ်စာ http://creativecommons.org/licenses/by-nc-sa/3.0/ တွင် သွားရောက်ကြည့်ရှုနိုင်သည်။

**အင်တာနေရှင်နယ် အိုင်ဒီယာ**
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

Cover design: International IDEA
မြန်မာဒီဇိုင်း - မြင့်စိုးဦး

ISBN: 978-91-7671-317-4 (Print)
ISBN: 978-91-7671-318-1 (PDF)
DOI: <https://doi.org/10.31752/idea.2020.31>

# မာတိကာ


၁။ **နိဒါန်း** ..... ၅

အားသာချက်များနှင့် အန္တရာယ်များ ..... ၆

၂။ **ပါဝင်သည့် အကြောင်းအရာနှင့် နယ်ပယ်** ..... ၇

ဤမိတ်ဆက်စာစဉ်အား တစ်စိတ်တစ်ပိုင်း သမ္မတစနစ်များတွင် အသုံးချနိုင်မှု ..... ၇

၃။ **ပြဿနာက မည်သည့်အရာနည်း။** ..... ၉

ပါလီမန် ဒီမိုကရေစီစနစ်၏ အခြေခံမူများ ..... ၉

ပါလီမန်စနစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူလအစနှင့် တိုးတက်ဖြစ်ပေါ်လာမှု ..... ၁၄

ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲသူများအတွက် အထွေထွေစဉ်းစားစရာများ ..... ၁၆

၄။ **အခြေခံ ရွေးချယ်စရာ ဒီဇိုင်းများ** ..... ၁၉

အနိမ့်ဆုံးဖြစ်သော ပါလီမန်စနစ် ..... ၁၉

အားနည်းသော ပါလီမန်စနစ် ..... ၂၁

အားကောင်းသော ပါလီမန်စနစ် ..... ၂၃

အစိုးရဖွဲ့စည်းခြင်း စည်းမျဉ်းများနှင့် ဆက်နွှယ်သော နောက်ထပ် ဒီဇိုင်းကိစ္စများ ..... ၂၈

အစိုးရဖယ်ရှားခြင်းအတွက် နောက်ထပ်စည်းမျဉ်းများ ..... ၃၃

၅။ **ဖြည့်စွက်စဉ်းစားနိုင်သော ဒီဇိုင်းများ** ..... ၃၈

ဝန်ကြီးချုပ်၏ သက်တမ်းအကန့်အသတ် ..... ၃၈

ဝန်ကြီးများကို ခန့်အပ်ခြင်း ..... ၃၉

ဝန်ကြီးများသည် လွှတ်တော်အမတ်များ ဖြစ်သင့်ပါသလား။ ..... ၄၀

ဝန်ကြီးအရေအတွက် ..... ၄၃

အစိုးရအဖွဲ့တွင် လူမှုအသိုင်းအဝိုင်းစုံကို ကိုယ်စားပြုခြင်း ..... ၄၄

ကျားမ ပူးပေါင်းပါဝင်မှု ..... ၄၅

အစိုးရအပြောင်းအလဲများ ..... ၄၆

၆။ **ဆက်စပ်အခြေအနေများကို ထည့်သွင်းစဉ်းစားခြင်း**.............................................. ၄၉
ပါတီစနစ်နှင့် ရွေးကောက်ပွဲဥပဒေ .................................................................... ၄၉

၇။ **ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် မေးခွန်းများ**....................................................... ၅၂

၈။ **ဥပမာများ** ...................................................................................................... ၅၄
အားနည်းသော ပါလီမန်စနစ် ........................................................................... ၅၄
အားကောင်းသော ပါလီမန်စနစ် ....................................................................... ၅၅

**အကိုးအကားများ** ............................................................................................. ၆၄

**နောက်ဆက်တွဲ**..................................................................................................... ၆၅
စာရေးသူများအကြောင်း .................................................................................... ၆၅
International IDEA အကြောင်း ........................................................................ ၆၅
MyConstitution အကြောင်း ........................................................................... ၆၅
ဤစာစဉ်နှင့်စပ်လျဉ်း၍ ....................................................................................... ၆၆

# ၁။ နိဒါန်း

ပါလီမန် ဒီမိုကရေစီစနစ်တွင် အစိုးရများကို ပြည်သူလူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းမဟုတ်ပေ။ ၎င်းအစိုးရများ၏ ဒီမိုကရေစီနည်းကျ အာဏာတည်ရှိမှုသည် လွှတ်တော်များ၏ထောက်ခံမှုအပေါ် မူတည်သည် (လွှတ်တော်နှစ်ရပ် ကျင့်သုံးသည့်စနစ်တွင် အောက်လွှတ်တော်သို့မဟုတ် လူကြိုက်များမဲဖြင့် ရွေးကောက်လိုက်သည့် လွှတ်တော်၏ထောက်ခံမှုအပေါ် မူတည်သည်)။ အစိုးရများကို လွှတ်တော်၏ အယုံအကြည်ရှိမှုအပေါ်အခြေခံ၍သာ ရွေးချယ်လေ့ရှိသည်။ လွှတ်တော်၏ အယုံအကြည်မရလျှင် အစိုးရရာထူးမှ လုံးဝအဆုံးသတ်သွားမည် ဖြစ်သည်။

ကောင်းမွန်စွာလည်ပတ်နေသော ပါလီမန်ဒီမိုကရေစီစနစ်တစ်ရပ်တွင် လွှတ်တော်ရှိအများစုနှင့် ၎င်းတို့ကို ကိုယ်စားပြုအုပ်ချုပ်သော အစိုးရအဖွဲ့တို့အကြား အပြုသဘောဆောင်ကာ ပူးပေါင်းဆောင်ရွက်သော ဟန်ချက်ညီဆက်ဆံရေးတစ်ခု လိုအပ်သည်။ အစိုးရက ထိုအများစုကို တာဝန်ခံရန် လိုအပ်သည်။ သို့မှသာလျှင် အစိုးရက လွှတ်တော်၏ထောက်ပံ့မှုဖြင့် ကောင်းမွန်ပြည့်စုံသည့် မူဝါဒများဖော်ဆောင်နိုင်မည်။ လွှတ်တော်မှတဆင့် ပြည်သူလူထုကိုလည်း တာဝန်ခံနိုင်မည်။ အစိုးရ ဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်းစည်းမျဉ်းများသည် အဆိုပါဆက်ဆံရေးအတွက် အလွန်အရေးပါသည်။ ၎င်းစည်းမျဉ်းများသည် လွှတ်တော်က အစိုးရအပေါ်အယုံအကြည်ရှိမှု၊ မရှိမှုကို ဖော်ပြနိုင်သည့် တရားဝင်ပုံမှန်လုပ်ငန်းစဉ်များကို သတ်မှတ်သည်။

ပါလီမန် ဒီမိုကရေစီစနစ်တိုင်းတွင် အဆိုပါစည်းမျဉ်းများ ရှိကြသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ စာသားများတွင် အမြဲတမ်းအတိအလင်း ဖော်ပြမထားတတ်ပေ။ ကနေဒါ၊ နယ်သာလန် ကဲ့သို့သော ခေတ်ဟောင်းပါလီမန် ဒီမိုကရေစီစနစ်များတွင် ရေးသားမထားသော အစဉ်အလာ သဘောတူညီမှုများထဲတွင်သာ ရှိတတ်သည်။ အစိုးရအဖွဲ့လက်စွဲ သို့မဟုတ် လွှတ်တော်တည်မြဲအမိန့်များကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေ၏အောက်နိမ့်သော စာရွက်စာတမ်းများထဲတွင်သာ ထည့်သွင်းထားတတ်သည်။ သို့သော်လည်း နောက်ပိုင်း ပါလီမန်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်မူ စာသားများ အတိအလင်း ရေးသားထည့်သွင်းထားခြင်းဖြင့် ပိုမိုဦးတည်လာကြသည်ကို တွေ့ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အစိုးရဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်းစည်းမျဉ်းများ အတိအလင်းဖော်ပြထားခြင်းအား ကိုလိုနီစနစ်ဖျက်သိမ်းပြီးနောက်ပိုင်းခေတ် ဓနသဟာနိုင်ငံများတွင်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်အပြီး သို့မဟုတ် ဘာလင်တံတိုင်းပြိုကျအပြီးတွင် တည်ထောင်သော ဥရောပနိုင်ငံများတွင်လည်းကောင်း အများစုတွေ့နိုင်သည်။

## အားသာချက်များနှင့် အန္တရာယ်များ

အစိုးရ ဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်း စည်းမျဉ်းများသည် မည်သူက အုပ်ချုပ်ခွင့်အာဏာရသည်၊ မည်သူက အာဏာဆက်လက် ထိန်းထားနိုင်သည်၊ မည်သူက အာဏာဆုံးရှုံးသည်စသည်တို့နှင့် သက်ဆိုင်နေသောကြောင့် အနိုင်အရှုံးကြီးမားသည်။ ထို့ကြောင့် ရှင်းလင်းသော စည်းမျဉ်းများရှိခြင်းသည် သိသာထင်ရှားသော အားသာချက်များရှိသည်။ မှုတ၍ ကျိုးကြောင်းဆီလျော်သည်ဟု အမြင်ခံရမည်။ ဖြစ်လာနိုင်ချေရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သူကအုပ်ချုပ်ရန် အာဏာရှိသလဲနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းအငြင်းပွားခြင်းကို ရှောင်ရှားနိုင်သည်။ အစိုးရဖွဲ့စည်းခြင်း စည်းမျဉ်းပုံစံရေးဆွဲရာတွင် အုပ်ချုပ်ရေးမဏ္ဍိုင်၏ တည်ငြိမ်မှုနှင့် တာဝန်ခံမှုနှစ်ခုလုံးကို မည်သို့ အားကောင်းစေနိုင်မလဲကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ အစိုးရအားဖယ်ရှားရန် လွယ်ကူလွန်းခြင်းသည် မတည်ငြိမ်မှုဖြစ်စေနိုင်ပြီး ဖယ်ရှားရန် ခက်ခဲလွန်းခြင်းသည် တာဝန်ခံမှုမရှိသည့်အဖြစ်ကို ရောက်စေနိုင်သည်။

# ၂။ ပါဝင်သည့်အကြောင်းအရာနှင့်နယ်ပယ်

ဤမိတ်ဆက်စာစဉ်သည် ပါလီမန် ဒီမိုကရေစီစနစ်တွင် အစိုးရအား ရွေးချယ်ခြင်း၊ ဖယ်ရှားခြင်း ပြုလုပ်နိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ယန္တရားများကို ဆွေးနွေးခြင်းဖြစ်သည်။ အောက်ပါ အကြောင်းအရာများကို ဆွေးနွေးတင်ပြထားသည်။

- လွှတ်တော်၏ "အယုံအကြည်ရှိမှု" နှင့် "တာဝန်" တို့ကို ရှင်းပြခြင်းအပါအဝင် ပါလီမန် ဒီမို ကရေစီစနစ်ရှိ အစိုးရဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်းလုပ်ငန်းစဉ်များ၏ အဓိကအယူအဆများ၊
- အစိုးရ ဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်း လုပ်ငန်းစဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိတိ ကျကျဖော်ပြသင့်၊ မဖော်ပြသင့်နှင့်၊ ဖော်ပြသင့်သည်ဆိုလျှင် မည်သို့ဖော်ပြသင့်သည်ကို ဆွေးနွေးခြင်း၊
- လွှတ်တော်မှ ဝန်ကြီးချုပ်အား တင်မြှောက်သည့် မဲခွဲဆုံးဖြတ်ခြင်းနှင့် ခေါင်းဆောင်ပြောင်းလဲ ရန် အယုံအကြည်မရှိ မဲပေးခြင်းတို့အပါအဝင် အားနည်းသောအစိုးရနှင့် အားကောင်းသော အစိုးရဖွဲ့စည်းခြင်း စည်းမျဉ်းပုံသဏ္ဌာန် အမျိုးမျိုး၊
- ဝန်ကြီးများ ခန့်အပ်ခြင်းနှင့် ဖယ်ရှားခြင်း (ဝန်ကြီးချုပ်မှ အပ)။

## ဤမိတ်ဆက်စာစဉ်အား တစ်စိတ်တစ်ပိုင်း သမ္မတစနစ်များတွင် အသုံးချနိုင်မှု

ယခုဖော်ပြမည့် အကြောင်းအရာအများစုသည် ဝန်ကြီးချုပ်ဦးဆောင်သည့် တစိတ်တပိုင်း သမ္မတစနစ်အတွက် အသုံးဝင်သည်။ ၎င်းစနစ်တွင် သမ္မတ၏အခန်းကဏ္ဍသည် အနည်းအကျဉ်းသာ ရှိပြီး အစိုးရအဖွဲ့အား ဦးဆောင်ခြင်း၊ မူဝါဒများချမှတ်ခြင်းသည် ဝန်ကြီးချုပ်နှင့် ရွေးချယ်ခံအစိုးရ၏ လက်ဝယ်တွင်ရှိပြီး လွှတ်တော်ကိုတာဝန်ခံရသည် (ထို့ကြောင့်ဝန်ကြီးချုပ်-သမ္မတ ပူးတွဲစနစ် ဟုလည်း ခေါ်သည်)။

သို့သော် ဤစာတမ်းသည် သမ္မတဦးဆောင်သည့် တစိတ်တပိုင်းသမ္မတစနစ်အတွက် အသုံး မဝင်ပေ။ သို့မဟုတ် အဓိကကျသည့် ဥပဒေအချက်အလက်တချို့အတွက်သာ အသုံးဝင်မည်။ ဤ စနစ်တွင် သမ္မတသည် အုပ်ချုပ်ရေး၏ အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်၌ တစ်ဆင့်နိမ့်သည့် ရာထူး

သာရှိသည် (ထို့ကြောင့် သမ္မတ-လွှတ်တော် ပူးတွဲစနစ်ဟုလည်းခေါ်သည်)။ ဤစနစ်များ၌ ဝန်ကြီးချုပ်ရွေးချယ်ရာတွင် ဆင်တူသောလုပ်ထုံးလုပ်နည်းများကို လိုက်နာနိုင်သော်လည်း လက်တွေ့တွင် အလွန်ပင် ခြားနားကွဲပြားသည်။ လက်တွေ့တွင် လွှတ်တော်မှ ဝန်ကြီးချုပ်ကိုမရွေးချယ်ရသလို ဝန်ကြီးချုပ်သည် လွှတ်တော်ကို တာဝန်ခံမှုလည်း ရှိချင်မှရှိမည်။ သို့သော် သမ္မတက ဝန်ကြီးချုပ်ကို ရွေးချယ်ပြီး ဝန်ကြီးချုပ်သည် သမ္မတကိုသာ တာဝန်ခံမည်ဖြစ်သည်။

# ၃။ ပြဿနာကဘယ်သည့်အရာနည်း။

## ပါလီမန် ဒီမိုကရေစီစနစ်၏ အခြေခံမှုများ

ဖွဲ့စည်းပုံအခြေခံဥပဒေ စာသားများထဲတွင် အစိုးရဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်း လုပ်ထုံးလုပ်နည်းများထည့်သွင်းရန် ပါလီမန် ဒီမိုကရေစီစနစ်၏ အခြေခံမှုများနှင့် ယန္တရားများအား ကနဦးနားလည်ထားရန် လိုအပ်သည်။

ပါလီမန် ဒီမိုကရေစီစနစ်တစ်ခုတွင် နိုင်ငံတော်၏အကြီးအကဲနှင့် အစိုးရအကြီးအကဲရုံးများအား ခွဲခြားထားသည်။ နိုင်ငံတော်၏ အကြီးအကဲ (ပုံမှန်အားဖြင့် ရွေးကောက်ခံသမ္မတ သို့မဟုတ် ဘုရင်နန်းဆက်) သည် အဓိကအားဖြင့် အဆောင်အယောင်သဘောနှင့် နိုင်ငံတော်အာဏာ၏ အရပ်သားကိုယ်စားပြုသူအဖြစ် ထမ်းဆောင်ရသည်။ တခါတရံတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေအား စောင့်ရှောက်သူ၊ ကြားနေခုံသမာဓိအဖြစ် ထမ်းဆောင်ရတတ်သည်။ နိုင်ငံရေးခေါင်းဆောင်မှုအား အစိုးရအကြီးအကဲမှ တာဝန်ယူသည် (အများအားဖြင့် ဝန်ကြီးချုပ် - ဇယား ၃.၁ တွင်ရှု)။ လက်တွေ့တွင် ၎င်းကသာ အုပ်ချုပ်ရေးအကြီးအကဲဖြစ်ပြီး **အစိုးရအဖွဲ့** သို့မဟုတ် **ဝန်ကြီးများကောင်စီ**ကို ဦးဆောင်သည်။

**ဇယား ၃.၁ ဝန်ကြီးချုပ် - ဝေါဟာရ မှတ်စု**

ဝန်ကြီးချုပ် (prime minister) ဟူသော စကားလုံးသည် ပါလီမန်စနစ်တွင် အစိုးရအဖွဲ့အကြီးအကဲ ရာထူးအတွက် မူရင်းအင်္ဂလိပ်စကားလုံး ဖြစ်သည်။ အခြားသော စကားလုံးများဖြစ်သည့် "first minister (ပထမဝန်ကြီး)၊ chief minister (ဝန်ကြီးချုပ်)၊ chancellor (အဓိပတိ)၊ head of government (အစိုးရခေါင်းဆောင်)၊ president of the council (of ministers) (ဝန်ကြီးများကောင်စီ၏ ဥက္ကဋ္ဌ)၊ minister of state (နိုင်ငံတော်၏ ဝန်ကြီး)၊ premier or minister-president" ဆိုသည်များလည်း ဘာသာဗေဒနှင့် ယဉ်ကျေးမှုအပေါ်မူတည်၍ အသုံးပြုတတ်ကြသည်။

ဝန်ကြီးချုပ်သည် နိုင်ငံသားများ တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်း မဟုတ်ပေ။ ပုံမှန်အားဖြင့် နိုင်ငံတော်အကြီးအကဲမှ အမည်စာရင်းတင်သွင်း သို့မဟုတ် ခန့်အပ်သည်။ သို့သော် နိုင်ငံတော်

အကြီးအကဲတွင် ဆုံးဖြတ်ပိုင်ခွင့်အာဏာ များစွာမရှိတတ်ပေ။ ပါလီမန် ဒီမိုကရေစီစနစ်၏ ပထမဆုံး အခြေခံမှုသည် အစိုးရအား **ပါလီမန်၏ အယုံအကြည်ရှိမှု**ဖြင့် ရွေးချယ်ခြင်းပင် ဖြစ်သည်။

ဤနေရာတွင် အယုံအကြည်ရှိမှုဆိုသည်မှာ ထောက်ခံမှုဟုရိုးရိုးဆိုလိုခြင်းပင် ဖြစ်သည်။ ပါလီမန်တွင် အများစုက အစိုးရအား နိုင်ငံရေးအရထောက်ခံသောအခါ ရာထူးခန့်အပ်ရန် သဘောတူခွင့်ပြုပြီး ဆက်လက်တာဝန် ထမ်းဆောင်နိုင်ရန် ထောက်ခံသောအခါ အစိုးရတစ်ရပ်သည် ပါလီမန်၏ အယုံအကြည်ရှိမှုကိုရရှိသည်ဟု ဆိုလေ့ရှိကြသည်။ လွှတ်တော်နှစ်ရပ်ထားရှိသည့် စနစ်တွင် အောက်လွှတ်တော်၏ အယုံအကြည်ရှိမှုရလျှင်ပင် အများအားဖြင့် လုံလောက်သည်။ အစိုးရအား ထောက်ခံကြောင်း တရားဝင်ဖော်ပြခြင်း၊ ခွင့်ပြုခြင်းကို **အယုံအကြည်ရှိမှုအတွက် မဲခွဲဆုံးဖြတ်ခြင်း**ဟု ခေါ်ဆိုသည်။

ဝန်ကြီးချုပ်တစ်ဦးရွေးချယ်သည့် လုပ်ငန်းစဉ်နှင့် အစိုးရဖွဲ့ရန် အခြားသောဝန်ကြီးများ ရွေးချယ်ခြင်းလုပ်ငန်းစဉ်ကို **အစိုးရဖွဲ့စည်းခြင်း လုပ်ငန်းစဉ်**ဟု ခေါ်ဆိုသည်။ ဝန်ကြီးချုပ်တစ်ဦး သေဆုံးခြင်း၊ ရာထူးနှုတ်ထွက်ခြင်းနှင့် ဖယ်ရှားခံရပြီးနောက် သို့မဟုတ် အထွေထွေ လွှတ်တော်ရွေးကောက်ပွဲ တစ်ခုပြုလုပ်ပြီးသည့်နောက်တွင် အစိုးရဖွဲ့စည်းခြင်းအား တွေ့ရလေ့ရှိသည်။ အစိုးရဖွဲ့စည်းခြင်း လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်မှာ လွှတ်တော်၏ အယုံအကြည်ရှိမှုကိုရရှိပြီး ထိရောက်စွာ အုပ်ချုပ်နိုင်သည့် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့အား ရွေးချယ်ခန့်အပ်ရန်ပင် ဖြစ်သည်။

ဝန်ကြီးချုပ် ရွေးချယ်သည့် တရားဝင်နည်းလမ်းများသည် နေရာအလိုက် ကွဲပြားသည်။ အချို့နိုင်ငံများတွင် နိုင်ငံတော်အကြီးအကဲသည် အစဉ်အလာ သဘောတူညီမှုများ တဆင့်ဖြစ်စေ (ဥပမာ- ကနေဒါ၊ နော်ဝေ)၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော စည်းမျဉ်းများအတိုင်းဖြစ်စေ (ဥပမာ- ဘင်္ဂလားဒေ့ရှ်)၊ လွှတ်တော်၏ အယုံအကြည်ရှိမှုကို ရရှိနိုင်သူအား ဝန်ကြီးချုပ်ခန့်အပ်ရန် မျှော်လင့်ကြသည်။ လွှတ်တော်ရွေးကောက်ပွဲ ရလဒ်အပေါ်အခြေခံ၍ သင့်တော်သူအား ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်အကြီးအကဲ၏ ဆုံးဖြတ်ခွင့်အဖြစ် ထားရှိတတ်ကြသည်။ အခြားတစ်ဖက်တွင်လည်း နိုင်ငံတော်အကြီးအကဲမှ လွှတ်တော်အတွင်း **ရာထူးခန့်အပ်ရန် မဲခွဲဆုံးဖြတ်**ရာတွင် အနိုင်ရရန် လိုအပ်သည့် ဝန်ကြီးချုပ်လောင်းလျာတစ်ယောက်ကို အဆိုပြုနိုင်သည်။ ရာထူးမခန့်အပ်မီ ဖြစ်စေ (ဥပမာ - စပိန်)၊ အမည်စာရင်း တင်သွင်းပြီးပြီးချင်း အချိန်အတိအကျ တစ်ခုအတွင်းဖြစ်စေ (ဥပမာ- အီတလီ၊ ခရိုအေးရှား) မဲခွဲကြရသည်။ လွှတ်တော်က ၎င်းတို့ဆုံးဖြတ်ချက်ဖြင့် စိတ်ကြိုက် ဝန်ကြီးချုပ်ကို အမည်တင်သွင်းသော (ဥပမာ - အိုင်ယာလန်)၊ သို့မဟုတ် အကြိတ်အနယ် ယှဉ်ပြိုင်ရသော ရွေးကောက်ပွဲဖြင့် လွှတ်တော်မှဝန်ကြီးချုပ်အား ရွေးကောက်တင်မြှောက်သော (ဥပမာ - ဆော်လမွန်ကျွန်းနိုင်ငံ) နိုင်ငံများလည်းရှိကြသည်။ အဆိုပါ နိုင်ငံများတွင် နိုင်ငံတော်အကြီးအကဲသည် လွှတ်တော်မှ ရွေးချယ်ထားသော ပုဂ္ဂိုလ်အား တရားဝင်ဖြစ်အောင် အတည်ပြုပေးခြင်းသာ လုပ်ရသည်။

ဝန်ကြီးချုပ်မှအပ အခြားသော ဝန်ကြီးများကိုတော့ ဝန်ကြီးချုပ်က ရွေးချယ်လေ့ရှိသည်။ ၎င်းတို့အား ဝန်ကြီးချုပ်မှ တိုက်ရိုက်ခန့်အပ် (ဥပမာ - ဂျပန်) သို့မဟုတ် ဝန်ကြီးချုပ်က အမည်စာရင်း

တင်သွင်းသောအခါ နိုင်ငံတော်အကြီးအကဲက တရားဝင်ခန့်အပ် ပေးရသည် (ဥပမာ - အိန္ဒိယ)။ ဝန်ကြီးများခန့်အပ်ရန် သီးသန့်မဲခွဲခြင်းများရှိသောကြောင့်ဖြစ်စေ (ဥပမာ - အိုင်ယာလန်)၊ ဝန်ကြီးချုပ်သာမက အစိုးရတစ်ဖွဲ့လုံး ရာထူးခန့်အပ်ရန် မဲခွဲဆုံးဖြတ်ခြင်းတွင် အနိုင်ရရှိရန်လိုအပ်သောကြောင့်ဖြစ်စေ အချို့နိုင်ငံများတွင် ဝန်ကြီးများခန့်အပ်ရန် လွှတ်တော်၏အတည်ပြုချက်ယူရသည် (ဥပမာ-အီတလီ)။ လွှတ်တော်တွင် အယုံအကြည်ရှိ မဲခွဲမှုအောင်မြင်ထားသည့် ဝန်ကြီးချုပ်တစ်ဦးသည် ဝန်ကြီးအဖွဲ့အတွက် လွှတ်တော်၏အတည်ပြုချက်ရယူရန် စွမ်းဆောင်နိုင်ကြသည်။ သို့သော် မည်မျှအထိ လွတ်လပ်စွာရွေးချယ်ခွင့် ရှိ၊ မရှိကမူ ပါတီတစ်ခုတည်းပါဝင်သော အစိုးရအဖွဲ့ကို ဦးဆောင်ခြင်းလား၊ ညွန့်ပေါင်းအစိုးရလားအပေါ်တွင် မူတည်သည်။

အစိုးရဖွဲ့စည်းခြင်းသည် အကျိုတ်အနယ်ရှိသော နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သလို ဥပဒေရေးရာ လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်သည်။ ၎င်း၏ သဘောသဘာဝနှင့် ထွက်ပေါ်လာသော ရလဒ်များသည် နိုင်ငံရေးအခြေအနေအပေါ် မူတည်သကဲ့သို့ ရေးသားထားသော (တခါတရံ ရေးသားမထားသော) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းများ အပေါ်တွင်လည်း မူတည်သည်။ သမာရိုးကျရွေးကောက်ခြင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ရန် မဲခွဲဆုံးဖြတ်ခြင်းလိုသည်ဖြစ်စေ၊ မလိုသည်ဖြစ်စေ၊ ဝန်ကြီးချုပ်သည် လွှတ်တော်တွင်အများစု အနိုင်ရသည့်ပါတီ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့၏ခေါင်းဆောင်သာ ဖြစ်ရမည်ဟု မျှော်လင့်ကြသည်။

- ပုံမှန်အားဖြင့် ပါတီတစ်ခုသည် လွှတ်တော်တွင် အများစု၏ထောက်ခံမှုရရှိပါက ထိုပါတီ၏ခေါင်းဆောင်သည် ဝန်ကြီးချုပ်အဖြစ် အဆိုပြုခံရရန် တောင်းဆိုပိုင်ခွင့်ရှိသည်။ ထိုအစိုးရအဖွဲ့ကို "**အများစု ထောက်ခံသည့် အစိုးရ**" ဟု ခေါ်ဆိုသည်။ အဆိုပါအခြေအနေတွင် အစိုးရဖွဲ့စည်းခြင်းသည် တရားဝင်စေရန် တစ်ရက်နှစ်ရက်သာ ကြာမြင့်သည့် လုပ်ရိုးလုပ်စဉ်အဖြစ်သာ ရှိတတ်သည်။

- လွှတ်တော်တွင် မည်သည့်ပါတီမှ အများစု မလွှမ်းမိုးနိုင်သည့်အခါ အစိုးရဖွဲ့စည်းခြင်းသည် ကျယ်ပြန့်ကြာရှည်သော ဆွေးနွေးညှိနှိုင်းမှုများ ပါဝင်လာရသည်။ လွှတ်တော်၏ အယုံအကြည်ရှိမှုကို ရရှိသော **ညွန့်ပေါင်းအစိုးရ** တစ်ရပ်ဖွဲ့စည်းရန်အတွက် ပါတီများအကြား ဆွေးနွေးကြရသည်။ ထိုသို့ ဆွေးနွေးညှိနှိုင်းကြရာတွင် ပါတီများပါဝင်ဖွဲ့စည်းမှု၊ ပါဝင်မည့် လူပုဂ္ဂိုလ်များနှင့် အစိုးရ၏မူဝါဒလမ်းကြောင်းများကို ဆွေးနွေးတတ်ကြပြီး ရက်သတ္တပတ်ပေါင်းများစွာ၊ တခါတရံလပေါင်းများစွာကြာနိုင်သည်။ ဆွေးနွေးမှု၏ရလဒ်အနေဖြင့် ညွန့်ပေါင်းအဖွဲ့ကို စုစည်းစေသော မူဝါဒလမ်းစဉ်ကိုဖော်ပြထားသည့် တရားဝင်**ညွန့်ပေါင်းသဘောတူစာချုပ်** ချုပ်ဆိုခြင်း ဖြစ်စေနိုင်သည်။

- အခြားတစ်ဖက်တွင်လည်း **လူနည်းစုထောက်ခံသည့် အစိုးရ** တစ်ရပ် (လွှတ်တော်ကိုယ်စားလှယ်အများစုမှ လက်ခံသော်လည်း လူနည်းစုကသာ တက်တက်ကြွကြွ ထောက်ခံမှုရှိသည့် အစိုးရ) ဖွဲ့စည်းနိုင်ပေသည်။ ၎င်းတို့တွင် တစ်ပါတီ သို့မဟုတ် ထို့ထက်ပိုသော

အခြားပါတီများ၏ တရားဝင်ကျောထောက်နောက်ခံပြုမှုရှိနိုင်သည်။ ထိုပါတီများက အစိုးရနှင့် မူဝါဒရေးရာ လိုက်လျောပေးရန် ညှိနှိုင်းထားကြပြီး အပြန်အလှန်အားဖြင့် အစိုးရကို အယုံအကြည်ရှိမှု မဲခွဲရာ၌လည်းကောင်း၊ ဘတ်ဂျက်အတည်ပြုရာ၌လည်းကောင်း ထောက်ခံပေးသည်။ သို့သော် ညွန့်ပေါင်းအဖွဲ့အဖြစ် အပြည့်အဝ မပူးပေါင်းကြပေ။

- အချို့ဖြစ်ရပ်များတွင် အစိုးရတစ်ရပ် မဖွဲ့စည်းနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်ခြင်းလည်း ရှိသည် (လွှတ်တော် ဖျက်သိမ်းခြင်းကိုဖြစ်စေပြီး ရွေးကောက်ပွဲ အသစ်ကျင်းပရသည်)။

ရာထူးခန့်အပ်ခံရ ပြီးသောအခါ အစိုးရသည် လွှတ်တော်ကို တာဝန်ခံရသည်။ ဤနေရာတွင် ပညာရပ်ဆိုင်ရာရှုထောင့်မှ တာဝန်ခံခြင်း (responsibility) သည် လွှတ်တော်ကို ယေဘုယျသသော တာဝန်ခံရခြင်း (accountability) ထက်ပိုသည်။ လွှတ်တော်ကိုတာဝန်ခံရန် လွှတ်တော်ကော်မတီအမျိုးမျိုး၊ အများပြည်သူ ကြားနာမှုများ၊ ဝန်ကြီးများအတွက် မေးခွန်းများ မေးမြန်းခြင်း၊ အလွတ်သဘောဆွေးနွေးပွဲများ စသည်ဖြင့် ပြုလုပ်ကြသည်။ ဤနေရာတွင် **တာဝန်ခံခြင်း** ဆိုသည်မှာ အယုံအကြည်ရှိမှုကို ရုပ်သိမ်းကာ အစိုးရကိုဖယ်ရှားပစ်နိုင်သည့် လွှတ်တော်၏လုပ်နိုင်စွမ်းရှိခြင်းကိုသာ ရည်ညွှန်းသည်။ ထိုသို့ အစိုးရဖယ်ရှားရန် **အယုံအကြည်မရှိကြောင်း မဲခွဲဆုံးဖြတ်ခြင်း** ပြုလုပ်၍ဖြစ်စေ (သို့မဟုတ် အချို့သော တရားရေးစနစ်များတွင် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ မဲခွဲခြင်း ဟုလည်း ခေါ်ကြသည်။ ဇယား ၃.၂ တွင်ရှု)၊ အယုံအကြည်ရှိမှုထောက်ခံကြောင်း မဲခွဲရန် အဆိုပြုခြင်းအား ငြင်းပယ်၍ဖြစ်စေ ပြုလုပ်နိုင်သည်။ ထို့အတွက်ကြောင့် ပါလီမန် ဒီမိုကရေစီစနစ်ကို **တာဝန်ခံမှုရှိသော အစိုးရ** စနစ်ဟုလည်း ခေါ်တတ်ကြသည် (အထူးသဖြင့် သမိုင်းကြောင်းအရ ဗြိတိသျှလွှမ်းမိုးမှု ရှိခဲ့သော တိုင်းပြည်များတွင် ဖြစ်သည်)။

လွှတ်တော်မှ အယုံအကြည်မရှိခြင်းသည် က) အစိုးရ နှုတ်ထွက်ရခြင်း၊ သို့မဟုတ် ထုတ်ပယ်ခံရခြင်းဖြစ်စေ၊ ခ) ရွေးကောက်ပွဲ အသစ်ကျင်းပရန်လိုစေမည့် လွှတ်တော်ဖျက်သိမ်းခြင်းဖြစ်စေ ဖြစ်လာနိုင်သည်။ ထွက်ပေါ်လာမည့် ရလဒ်သည် နိုင်ငံရေးအခြေအနေနှင့် တည်ရှိနေဆဲဖွဲ့စည်းပုံ အခြေခံဥပဒေစည်းမျဉ်းများ အပေါ်မူတည်ပေသည်။

### ဇယား ၃.၂ - အယုံအကြည်မရှိမဲခွဲခြင်းနှင့် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ မဲခွဲခြင်း

အချို့သော ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် 'အယုံအကြည်မရှိ မဲခွဲခြင်း' နှင့် 'စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ မဲခွဲခြင်း' ကို ခွဲခြားသတ်မှတ်ထားသည်။ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ မဲခွဲခြင်းသည် အမှားပြုလုပ်ခြင်းအတွက် လွှတ်တော်မှပြစ်တင်ခြင်းကို ဆိုလိုပြီး၊ အယုံအကြည်မရှိ မဲခွဲခြင်းသည် လွှတ်တော်၏ နိုင်ငံရေးရွေးချယ်မှု ပြောင်းလဲသွားခြင်းကိုပြနေပြီး အစိုးရ၏ အမှားတစ်ခုခုနှင့် သီးသန့်ဆက်စပ်မှု ရှိချင်မှရှိမည်။ သို့သော် လက်တွေ့တွင် ကွာဟမှုသည် အလွန်ပင် ကျဉ်းမြောင်းနိုင်သည်။ အခြေအနေ တော်တော်များများတွင် ဆင်တူယိုးမှား ဝေါဟာရများသာဖြစ်ပြီး အလဲအလှယ် ပြောင်းလဲသုံးစွဲတတ်ကြသည်။

ပါလီမန်ဒီမိုကရေစီစနစ်၏ အနှစ်သာရမှာ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင် တို့အကြား ပါတီအပေါ် သစ္စာရှိမှုဖြင့် ညီညွတ်စေကာ၊ သဟဇာတဖြစ်သော ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ယုံကြည်မှုတို့ဖြင့် နီးကပ်သောဆက်ဆံရေး ရှိခြင်းပင်ဖြစ်သည်။ ပါလီမန်ဒီမိုကရေစီစနစ်တွင် အစိုးရသည် အများအားဖြင့် နိုင်ငံရေးပါတီမှဖြစ်စေ၊ ညွန့်ပေါင်းအဖွဲ့မှဖြစ်စေ ထောက်ခံမှုဖြင့် လွှတ်တော်တွင် အများစုထောက်ခံမှု ရရှိကြသည်။ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် အများအားဖြင့် အများစုအနိုင်ရသည့်ပါတီ၏ အကြီးအကဲများ ဖြစ်ကြသည်။ ၎င်းတို့အား မူဝါဒများချမှတ်ရန်၊ ဥပဒေများရေးဆွဲရေးဦးဆောင်တင်ပြရန်အတွက် ကျယ်ပြန့်သောလုပ်ပိုင်ခွင့်များ ပေးအပ်ထားတတ်ကြသည်။ ထို့ကြောင့် မူဝါဒများချမှတ်ရာတွင်ဖြစ်စေ၊ ဥပဒေများပြင်ဆင်ရာတွေဖြစ်စေ အမှန်တကယ်တွင် လွှတ်တော်မှ အကန့်အသတ်ဖြင့်သာ လွှမ်းမိုးနိုင်မှုရှိတတ်သည်။ ဤအချက်ကို လစ်လျူမရှုဘဲကြည့်လျှင် ပါလီမန်ဒီမိုကရေစီစနစ်တွင် အစိုးရများသည် ၎င်းတို့၏ ဥပဒေရေးရာ စီမံကိန်းများအား လွှတ်တော်က ထောက်ခံမည်ဟု မျှော်လင့်တတ်ကြသည် (အကြောင်းအရာ ကိစ္စရပ်အလိုက်သာ အခြားပါတီများ၏ထောက်ခံမှုရရှိနိုင်သော လူနည်းစုထောက်ခံသော အစိုးရများကတော့ချွင်းချက်ဖြစ်သည်)။

သို့သော် အစိုးရများသည် လွှတ်တော်၏ ယုံကြည်မှုရှိသလောက် ကာလအတွင်းသာ မူဝါဒဦးဆောင်မှုကို ပြုလုပ်နိုင်သည်။ အတိုက်အခံဘက်မှဦးဆောင်ပြီး တင်လေ့ရှိသည့် အယုံအကြည်မရှိအဆိုတင်သွင်းခြင်းအား အတည်ပြုလိုက်ခြင်းသည် အပြန်အလှန်ယုံကြည်မှု ပျက်ယွင်းခြင်း၏ လက္ခဏာတစ်ရပ် ဖြစ်သည်။ ထို့နောက် ဆက်ဆံရေးဆိုးရွားစွာပျက်စီးခြင်းကို ဖြစ်ပေါ်လာစေသည်။ ဤအချက်သည် နိုင်ငံတစ်နိုင်ငံ၏ စည်းမျဉ်း၊ အလေ့အကျင့်များနှင့် နိုင်ငံရေးအခြေအနေအပေါ်မူတည်၍ အစိုးရနုတ်ထွက်ရမည်၊ သို့မဟုတ် ရွေးကောက်ပွဲအသစ်ကျင်းပရန် လွှတ်တော်ဖျက်သိမ်းရမည်ဟု ဆိုလိုပေသည်။ "အရင်းအမြစ်ထောက်ပံ့ရန် ငြင်းဆန်ခြင်း" (အစိုးရရန်ပုံငွေ စီးဆင်းမှုမှီခိုနေရသောဘတ်ဂျက်ကို လွှတ်တော်မှအတည်ပြုချက်မရခြင်း)၊ အချို့အခြေအနေတွင် အစိုးရက ယုံကြည်မှုရှိရမည်ဟု ကြေငြာထားသော လူသိများသည့်ဥပဒေတစ်ခုအား ငြင်းပယ်ခြင်းသည်ပင်

အယုံအကြည်မရှိ မဲခွဲခြင်းဟု သတ်မှတ်ခံရသည်။ ထိုသို့ သတ်မှတ်ခံရပြီးလျှင် အစိုးရအဖွဲ့ နှုတ်ထွက်ရခြင်း၊ သို့မဟုတ် လွှတ်တော်ဖျက်သိမ်းရခြင်း ဖြစ်ပေါ်စေနိုင်သည်။ တစ်ဦးတစ်ယောက်၏ လက်ဝယ်စုစည်းထားသော်လည်း တာဝန်ယူမှုရှိသော အာဏာသည် ဝန်ကြီးချုပ်၏ ညီညွတ်သော ခေါင်းဆောင်မှုအောက်တွင် ထိရောက်ပြီး ပြည့်စုံကောင်းမွန်သော မူဝါဒချမှတ်ခြင်းများ ဖြစ်ပေါ်စေသည်။ သို့သော်လည်း ထိုအာဏာအား လွှတ်တော်မှတဆင့် ပြည်သူသို့ ဒီမိုကရေစီနည်းကျ တာဝန်ခံမှုဖြင့် ရှင်းရှင်းလင်းလင်း ပေါင်းစပ်ထားရမည် ဖြစ်သည်။

## ပါလီမန်စနစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူလအစနှင့် တိုးတက်ဖြစ်ပေါ်လာမှု

၁၉ ရာစုတွင် ပြဌာန်းခဲ့ကြသော ပထမမျိုးဆက် လွှတ်တော်စနစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် မျိုးရိုးဆက်ခံသည့် ထီးနန်းများအား ဝန်ကြီးများခန့်အပ်ပိုင်ခွင့်၊ ထုတ်ပယ်ပိုင်ခွင့် အပါအဝင် အုပ်ချုပ်ရေးအာဏာများကို ထိန်းသိမ်းထားရန် ခွင့်ပြုသည်။ လက်တွေ့တွင် အဆိုပါ တိုင်းပြည်များ ဒီမိုကရေစီ စနစ်သို့ ကူးပြောင်းလာသောအခါ **ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ သဘောတူညီချက်များ** ဟုခေါ်သည့် ရေးသားမထားသော စည်းမျဉ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းများနှင့် အတူဖြစ်ပေါ်လာသည်။ အဆိုပါ သဘောတူညီချက်များကို အုပ်ချုပ်ရေးမဏ္ဍိုင်မှ ကျင့်သုံးရန် လိုအပ်သည်။ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့တို့သည် ဘုရင်က တရားဝင်ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း ပြုလုပ်သော်လည်း လက်တွေ့တွင် လွှတ်တော်၏ အများစုထောက်ခံမှုအပေါ် မူတည်၍သာ ရွေးကောက်ခြင်း၊ ထုတ်ပယ်ခြင်း ပြုလုပ်ကြသည်။ ဤတိုးတက်မှုများသည် ရွေးကောက်ပွဲ မဲပေးပိုင်ခွင့်များ ကျယ်ပြန့်လာခြင်း၊ စနစ်တကျ စုစည်းထားသော နိုင်ငံရေးပါတီများ ထွန်းကားလာခြင်းကို တုံ့ပြန်မှုအဖြစ် တရားဝင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းမပြုဘဲ သဘာဝအလျောက် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

### ဇယား ၃.၃ - ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ သဘောတူညီချက်များ

'ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ သဘောတူညီချက်များ (အင်္ဂလိပ်စာတွင် စာလုံးအသေးဖြင့် constitutional conventions ဟုရေးသည်)' ဟူသော ဝေါဟာရသည် ရေးသားမထားသော်လည်း နိုင်ငံရေးအရ စည်းနှောင်ထားပြီး (ဥပဒေအရ စည်းနှောင်မှုမရှိ) လိုက်နာရန် လိုအပ်သည့် စည်းမျဉ်းများအဖြစ် ယေဘုယျလက်ခံထားကြခြင်းကို ရည်ညွှန်းသည်။ 'ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့် ညီလာခံ' (အင်္ဂလိပ်စာတွင် စာလုံးအကြီးဖြင့် Constitutional Conventions ဟုရေးသည်) နှင့် နားလည်မှု မရောထွေးရန်လိုသည်။ ဤညီလာခံများသည် သာမာန်ဥပဒေပြုမှုနှင့်မတူဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ရေးဆွဲရေးအဖွဲ့ကို ရည်ညွှန်းသုံးစွဲတတ်သည်။ ဥပမာ - ၁၇၈၇ ခုနှစ် အမေရိကန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ညီလာခံ။

၂၀ ရာစု အစောပိုင်း အရောက်၌ ပါလီမန် ဒီမိုကရေစီစနစ်များစွာ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တရားဝင် စကားလုံးများနှင့် အစဉ်အလာ သဘောတူညီချက်များကြောင့် ခိုင်မြဲတည်ရှိနေသည့်အစိုးရ အလေ့အထများအကြား ကြီးမားသောကွာဟချက်ရှိလာသည် (ဖွဲ့စည်းပုံအခြေခံဥပဒေ စာသားများကို တိုက်ရိုက်ကောက်ယူခြင်းထက်ပင် ပို၍ ဒီမိုကရေစီနည်းလမ်းကျသည်ကို တွေ့ရတတ်သည်)။ ကြာမြင့်စွာ တည်ရှိလာခဲ့သော ပါလီမန် ဒီမိုကရေစီ တိုင်းပြည်များတွင် အစဉ်အလာ သဘောတူညီချက်များနှင့် ဥပဒေဆိုင်ရာ အခြေခံဥပဒေများအကြား ကွဲပြားခြားနားချက်များကို ထိန်းသိမ်းထားဆဲဖြစ်သည်။ ၎င်းတို့၏ ရေးသားထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အစိုးရဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်း လုပ်ငန်းစဉ်များအကြောင်းကို အနည်းငယ်သာ ဖော်ပြထားတတ်ကြသည်။ ထိုအကြောင်းပြချက်ကြောင့်ပင် ရေးကျသော ပါလီမန်စနစ် ဖွဲ့စည်းပုံအခြေခံဥပဒေများ (ဥပမာ - ဩစတြေးလျ၊ ကနေဒါ၊ နယ်သာလန်နှင့် နော်ဝေတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ) သည် နားလည်မှုလွဲနိုင်သည်။ ၎င်းတို့ကို နိုင်ငံတစ်ခုချင်း၏ နောက်ခံသမိုင်းကြောင်းနှင့် နှိုင်းယှဉ်နားလည်ရန် လိုအပ်သည်။ ပုံမှန် ပြဋ္ဌာန်းစာသားများနှင့် အစဉ်အလာအလေ့အထများအကြား မည်သို့ဆက်နွယ်မှုရှိသည်ကို သိရှိရန် လိုသည်။ အခြားသောနေရာ ဒေသများမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများအနေဖြင့် နမူနာအဖြစ်အသုံးပြုလိုလျှင် သတိကြီးကြီးထားရန် လိုအပ်သည်။

ပထမကမ္ဘာစစ် (၁၉၁၄-၁၈) အပြီး ဖြစ်ပေါ်လာသော နိုင်ငံများသည် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါလီမန် ဒီမိုကရေစီစနစ်ပါဝင်လာသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေသစ်များတွင် အစိုးရဖွဲ့စည်းခြင်း၊ ဖယ်ရှားခြင်းနှင့် ပတ်သက်သော ပါလီမန်စနစ်၏ အခြေခံမှုများကို ရှင်းလင်းပြတ်သားပြီး ဥပဒေအရ စည်းနှောင်အားရှိသော ပြဋ္ဌာန်းချက်များအဖြစ် ထည့်သွင်းအသိအမှတ်ပြုရန် ကြိုးစားလာကြသည်။ ထိုသို့ တိတိကျကျ ပြဋ္ဌာန်းလာကြခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုံစံများအတွက် အရေးပါသည့် ခြေတစ်လှမ်းဖြစ်သည်။ ပါလီမန်စနစ်ကို အစဉ်အလာ သဘောတူညီချက်များအဖြစ်မထားဘဲ ဥပဒေအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းခြင်းဖြစ်သည်။ ၎င်းသည် လက်တွေ့တွင်ရော အထိမ်းအမှတ်သဘောအရပါ အကျိုးကျေးဇူးရှိသည်။ လက်တွေ့အားဖြင့် စည်းမျဉ်းများရှင်းလင်းပြီး တိကျသေချာလာသည်။ အထိမ်းအမှတ်အားဖြင့် အစိုးရအား လွှတ်တော်မှတဆင့် ပြည်သူကရွေးကောက်တင်မြှောက်သင့်သည်၊ အစိုးရက လွှတ်တော်မှတဆင့် ပြည်သူအားတာဝန်ခံသင့်သည် ဟူသော ဒီမိုကရေစီအခြေခံမှုများကို ပီပီပြင်ပြင်ပြောဆိုနိုင်လာသည်။ ရေးသားပြဋ္ဌာန်းမထားသည့်အစဉ်အလာများ တည်ရှိမှုကို လက်မခံနိုင်ကြတော့သည့် နိုင်ငံများ၊ အစဉ်အလာသဘောတူချက်များ၏ အကြောင်းအရာ၊ လက်တွေ့အသုံးဝင်မှုနှင့် အာဏာသက်ရောက်မှုတို့ အငြင်းပွားစရာဖြစ်လာသော နိုင်ငံများတို့တွင် အထက်ပါကဲ့သို့သော တိုးတက်မှုများကို ပါလီမန်ဒီမိုကရေစီစနစ်အဖြစ် တန်ဖိုးထားပြဋ္ဌာန်းကြသည်။ ထို့ကြောင့် ခေတ်သစ်ပါလီမန်စနစ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အစိုးရဖွဲ့စည်းခြင်း၊ ဖယ်ရှားခြင်း လုပ်ငန်းစဉ်နှင့် စည်းမျဉ်းများကို အတိုင်းအတာတစ်ခုအထိ တိတိကျကျ ထည့်သွင်းပြဋ္ဌာန်းလာကြသည်ဟု ဆိုနိုင်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများအတွက် အထွေထွေစဉ်းစားစရာများ

နောက်တစ်ပိုင်းတွင် အဆိုပါစည်းမျဉ်းများ ရေးဆွဲနိုင်မည့် နည်းလမ်းများကို ဆွေးနွေးထားသည်။ ထိုသို့မဆွေးနွေးမီ မှတ်ချက်တစ်ချို့ ရှင်းပြရန်လိုအပ်သည်။ သို့မှသာ စည်းမျဉ်းများအား ရှင်းပြရာတွင်ဖြစ်စေ၊ မိမိတို့ တိုင်းပြည်အခြေအနေနှင့် ကိုက်ညီအောင် ပြုလုပ်ရာတွင်ဖြစ်စေ အထောက်အပံ့ ဖြစ်စေနိုင်မည်။

### စည်းမျဉ်းများ၏ ရည်ရွယ်ချက်များ

အစိုးရ ဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်း စည်းမျဉ်းများ၏ ရည်ရွယ်ချက်များမှာ - က) လွှတ်တော်၏ အများစု ထောက်ခံမှုကိုရရှိသော အစိုးရတစ်ရပ်အား ဖြစ်နိုင်လျှင် ချက်ချင်းခန့်အပ်ရန် သို့မဟုတ် ထိုသို့ မဖြစ်နိုင်လျှင် တည်ငြိမ်မှုအရှိဆုံး ဖြစ်စေရန်အတွက် လူနည်းစုထောက်ခံသော အစိုးရတစ်ရပ် ဖွဲ့စည်းခြင်းကို ခွင့်ပြုရန်၊ ခ) လွှတ်တော်၏ ထောက်ခံမှုမရရှိတော့သောအခါ အစိုးရတစ်ရပ်ကို ဖယ်ရှားခြင်းအား ခွင့်ပြုရန်တို့ ဖြစ်သည်။ ဤစည်းမျဉ်းများသည် အစိုးရအပေါ် အယုံအကြည်ရှိမှုကို ရုပ်သိမ်းနိုင်စေရန်နှင့် ထိုသို့ ရုပ်သိမ်းခြင်းအားဖြင့် အစိုးရမှ တာဝန်ခံမှုရှိလာစေရန် တွန်းအားပေး နိုင်ခွင့် လွှတ်တော်တွင် ရှိလာစေသည်။

### ရှင်းလင်းသေချာမှု လိုအပ်ခြင်း

မည်သူက လွှတ်တော်၏ အယုံအကြည်ကို ရရှိသလဲ၊ မည်သူက အစိုးရအဖွဲ့တွင် တရားဝင် ထောက်ခံမှုရှိသလဲနှင့် ပတ်သက်၍ မည်သည့်အခါမှအငြင်းပွားစရာ ဖြစ်ပေါ်မလာသင့်ပေ။ ထို့ကြောင့် စည်းမျဉ်းများသည် ဝေဝေဝါးဝါးဖြစ်မနေရဘဲ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအားလုံးကို လွှမ်းခြုံ နိုင်ရန် ရေးသားထားရမည်။ မသမာသော နိုင်ငံရေးခေါင်းဆောင်များမှ အသုံးချနိုင်သည့် အန္တရာယ် ကြီးသော ဟာကွက်များ မဖြစ်ပေါ်လာစေရန်၊ စည်းမျဉ်းများ မရှင်းလင်းသောကြောင့် အသုံးချမရ၊ ရှောင်ရှားမရဖြစ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေ အကျပ်အတည်းဖြစ်ခြင်းကို ရှောင်ရှားရန်တို့အတွက် ရှင်းလင်းနေစေရန် လိုအပ်သည်။

### အုပ်ချုပ်ရေး - ဥပဒေပြုရေးမဏ္ဍိုင်အကြား အာဏာဟန်ချက်ညီစေခြင်း

လွှတ်တော်မှ အစိုးရကို ဖယ်ရှားရန် လွယ်ကူလွန်းလျှင် လွှတ်တော်က အစိုးရထက် အာဏာပိုရှိ နေမည်။ ၎င်းသည် ဒီမိုကရေစီနည်းကျ တာဝန်ခံမှုတိုးတက်လာနိုင်သော်လည်း အစိုးရအဖွဲ့ တည် ငြိမ်မှုနှင့် ထိရောက်မှုကို အားနည်းစေနိုင်သည်။ အခြားတစ်ဖက်တွင်လည်း လွှတ်တော်မှ အစိုးရအား ဖယ်ရှားရန်ခက်ခဲနေလျှင် အစိုးရကလွှမ်းမိုးသွားမည်။ အစိုးရအဖွဲ့၏ တည်ငြိမ်မှုနှင့် ထိရောက်မှု အားကောင်းလာနိုင်ချေ ရှိသော်လည်း ဒီမိုကရေစီနည်းကျ တာဝန်ရှိ/သိမှု အားနည်းသွားပေမည်။ လက်တွေ့တွင်မူ တိုင်းပြည်အတွင်းရှိ ပါတီအရေအတွက်နှင့် သက်ဆိုင်သည်။ တစ်ပါတီက လွှမ်းမိုး ထားခြင်းလား၊ ပါတီနှစ်ခုအပြိုင်လား၊ ပါတီများစွာဖြင့် ကွဲပြားနေသလားပေါ်မူတည်သည်။ ထို့အပြင်

ရွေးကောက်ပွဲ စနစ်ပေါ် လည်း မူတည်သည်။ ဤစည်းမျဉ်းများ ရေးဆွဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများသည် လက်ရှိနိုင်ငံရေးအခြေအနေတွင် မည်သို့အဆင်ပြေနိုင်သလဲ၊ အနာဂတ် ဖြစ်လာနိုင်ချေရှိသောအခြေအနေတွင် မည်သို့အဆင်ပြေနိုင်မလဲအား နားလည်သဘောပေါက်ရန် လိုသည်။

## နိုင်ငံတော်အကြီးအကဲ၏ အခန်းကဏ္ဍ

ဝန်ကြီးချုပ် ရွေးချယ်ခြင်းအပေါ် လွှမ်းမိုးနိုင်ခြင်းသည် နိုင်ငံတော်အကြီးအကဲ တစ်ယောက်အတွက် အရေးကြီးသည့် အာဏာရင်းမြစ်တစ်ခု ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ စိတ်ကြိုက် ဝန်ကြီးချုပ်ရွေးချယ်ခွင့်၊ ထုတ်ပယ်ခွင့်ရှိနေလျှင် မူဝါဒချမှတ်သည့် လုပ်ပိုင်ခွင့်သည် နိုင်ငံတော်အကြီးအကဲလက်ထဲသို့ ရောက်ရှိသွားမည်။ ထိုအခါ စနစ်သည်လည်း ပါလီမန် ဒီမိုကရေစီစနစ်စစ်စစ် မဟုတ်တော့ပေ။ နိုင်ငံတော်အကြီးအကဲအား အဆောင်အယောင်ရာထူးဖြင့် နိုင်ငံရေးနှင့် မသက်ဆိုင်သည့် အခန်းကဏ္ဍတွင်သာထားရှိသော ပါလီမန် ဒီမိုကရေစီစနစ်ဖြစ်လိုလျှင် ၎င်းအား ဤကဲ့သို့ အာဏာသုံးခြင်းမှ ကာကွယ်ထားရန် အရေးကြီးသည်။ ဥပမာ - လွှတ်တော်မှသာ ဝန်ကြီးချုပ် ရွေးကောက်တင်မြှောက်ခြင်း၊ သို့မဟုတ် နိုင်ငံတော်အကြီးအကဲအား ဝန်ကြီးချုပ် ကိုယ်စားလှယ်လောင်းအား အမည်စာရင်းတင်သွင်းခွင့်သာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့် ပေးထားခြင်းမျိုး ဖြစ်သည်။

ဝန်ကြီးချုပ် ရွေးချယ်ခြင်းတွင် နိုင်ငံတော်အကြီးအကဲ၏ အမှန်တကယ်လွှမ်းမိုးမှုကို အနည်းဆုံးတွင် ထားရသော်လည်း တရားဝင်ဖြစ်စေခြင်းနှင့် သင်္ကေတ၊ အထိမ်းအမှတ်သဘော အခန်းကဏ္ဍကိုတော့ ထားရှိကြသည်မှာ ပုံမှန်ပင် ဖြစ်သည် (ဝန်ကြီးချုပ် ကိုယ်စားလှယ်လောင်းအား တရားဝင် အမည်စာရင်း တင်သွင်းစေခြင်းဖြစ်စေ၊ လွှတ်တော်မှ အဆိုပြုသော ဝန်ကြီးချုပ်အား တရားဝင် ခန့်အပ်စေခြင်းဖြစ်စေ ပြုလုပ်နိုင်သည်)။ ဤနည်းဖြင့် ဝန်ကြီးချုပ်ထံတွင် တရားဝင်မှုနှင့် အာဏာပိုင်မှု အပ်နှင်းပေးသည်။

အနည်းငယ်သော ဒီမိုကရေစီစနစ်များတွင်တော့ စပ်ကြားပုံစံမျိုး ရှိသည်ကိုလည်း မှတ်သားထားရန် သင့်သည်။ (ဥပမာ - တောင်အာဖရိက၊ ဘော့ဆွာနာနှင့် နာရူနိုင်ငံများ) အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အနှစ်သာရအားဖြင့် ပါလီမန်စနစ်ဖြစ်သည်။ မူလစံနူန်းနှင့် ကွဲပြားသွားသည်မှာ သမ္မတတစ်ယောက်တည်းက အစိုးရအကြီးအကဲ၊ နိုင်ငံတော်အကြီးအကဲအဖြစ် ဦးဆောင်ခြင်းဖြစ်သည်။ အဆိုပါစနစ်တွင် သမ္မတအား လွှတ်တော်မှ ရွေးကောက်တင်မြှောက်သည့် လုပ်ရိုးလုပ်စဉ် လိုအပ်သည် (လွှတ်တော် ဥက္ကဋ္ဌသည် သမ္မတအား ခန့်အပ်ခြင်း၊ ရာထူးနုတ်ထွက်လွှာကို လက်ခံခြင်းများပြုလုပ်ရသောကြောင့် တစ်စိတ်တစ်ပိုင်းအားဖြင့် နိုင်ငံတော်အကြီးအကဲအလုပ်ကို လုပ်သလိုတော့ ရှိသည်)။ ဤကဲ့သို့ ပုံစံမျိုးကို စဉ်းစားလိုပါက အချက်တစ်ချက်ကို အလေးအနက်ထား စဉ်းစားရန်လိုသည်။ အစိုးရအကြီးအကဲနှင့် နိုင်ငံတော်အကြီးအကဲအား ပိုင်းခြားသည့် ပါလီမန်စနစ်၏ အစဉ်အလာ ပျောက်ကွယ်သွားခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော အထိမ်းအမှတ်သဘောနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နောက်ဆက်တွဲများကို စဉ်းစားရန် အချက်ဖြစ်သည်။

## ဖျက်သိမ်းခြင်း

အယုံအကြည်မရှိအဆို တင်သွင်းခြင်းဖြင့် အစိုးရအား ဖယ်ရှားခြင်းသည် လွှတ်တော်အား ဖျက်သိမ်းရမှုအထိ ဖြစ်စေနိုင်သည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ တည်ရှိမှုလည်း ထိခိုက်နိုင်သောကြောင့် အယုံအကြည်မရှိအဆိုအား တင်သွင်းရန်ဖြစ်နိုင်ချေ နည်းတတ်သည်။ အခြားတစ်ဖက်တွင်လည်း အစိုးရအလိုရှိတိုင်း လွှတ်တော်ကိုဖျက်သိမ်း၍ မရနိုင်သောကြောင့် လွှတ်တော်က သာလွန်သည့်သဘော ရှိနေသည်။ အထွေထွေရွေးကောက်ပွဲ နှစ်ခုအကြားကာလအတွင်း လွှတ်တော်ကို ဖျက်သိမ်းစရာမလိုဘဲ အစိုးရအားဖြုတ်ချ၍ အစားထိုးနိုင်သော အနေအထား လွှတ်တော်တွင် ရှိနေသောကြောင့် ဖြစ်သည်။ မည်သည့်အခြေအနေတွင်မဆို အစိုးရဖွဲ့စည်းခြင်း၊ ဖယ်ရှားခြင်းနှင့် လွှတ်တော်ဖျက်သိမ်းခြင်း စည်းမျဉ်းများကြားတွင် သဟဇာတဖြစ်ပြီး ရှေ့နောက် တသတ်မှတ်တည်းဖြစ်ရန် အရေးကြီးသည်။ သို့မှသာ အစိုးရနှင့် လွှတ်တော်အကြား အပြုသဘောဆောင်ပြီး ဟန်ချက်ညီသည့် အလုပ်သဘော ဆက်ဆံရေးတစ်ခုကို တည်တံ့စေနိုင်မည်။ လွှတ်တော်ဖျက်သိမ်းသည့် စည်းမျဉ်းများနှင့် ပတ်သက်၍ အသေးစိတ်ကို International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး မိတ်ဆက်စာစဉ်အမှတ် ၁၆ - *ပါလီမန် ဖျက်သိမ်းခြင်း*တွင် လေ့လာနိုင်သည်။

# ၄။ အခြေခံရွေးချယ်စရာ ဒီဇိုင်းများ

ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် အစိုးရ ဖွဲ့စည်းခြင်း လုပ်ငန်းများအား နည်းလမ်းအမျိုးမျိုးဖြင့် ထိန်းညှိနိုင်သည်။ ဤစာတမ်းတွင် ပါလီမန်စနစ်အား 'အနိမ့်ဆုံးဖြစ်သော'၊ 'အားနည်းသော' နှင့် 'အားကောင်းသော' ဟူ၍ အခြေခံခွဲခြား ဖော်ပြထားသည်။ အနိမ့်ဆုံးဖြစ်သော နည်းလမ်းကို အသုံးပြုသည့် ပါလီမန်စနစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစိုးရမည်သို့ ဖွဲ့စည်းရမည်ကို တိတိကျကျ ဖော်ပြမထားဘဲ ပါလီမန်စနစ်၏ အထွေထွေအခြေခံမှုများကိုသာ ညွှန်းဆိုထားသည်။ အားနည်းသော ပါလီမန်စနစ် ဆိုသည်မှာ အစိုးရမှ လွှတ်တော်အား တာဝန်ခံခြင်း၊ လွှတ်တော်မှ အစိုးရအား အယုံအကြည်မရှိ မဲခွဲခြင်းဖြင့် ဖြုတ်ချနိုင်ခွင့်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားဝင်အသိအမှတ်ပြုထားခြင်းကို ဆိုလိုသည်။ သို့သော် ဝန်ကြီးချုပ်ရွေးချယ်ခြင်း၊ အတည်ပြုခြင်းအတွက် လွှတ်တော်တွင် တရားဝင်မဲခွဲရန် လိုအပ်ချက်မရှိပေ။ အများအားဖြင့် လွှတ်တော်သည် အစိုးရအား ဖွင့်မပြောဘဲ နားလည်မှုဖြင့် ခွင့်ပြုချက်ပေးအပ်သည်။ ဆန့်ကျင်ဘက်အားဖြင့် အားကောင်းသော ပါလီမန်စနစ်တွင်မူ ဝန်ကြီးချုပ်မခန့်အပ်မီ အကြိုတ်အနယ်ရွေးကောက်ခြင်း သို့မဟုတ် ရွေးကောက်တင်မြှောက် မဲခွဲဆုံးဖြတ်ခြင်းအားဖြင့် လွှတ်တော်၏ တရားဝင်ခွင့်ပြုချက်ကို သိသိသာသာဖော်ပြရန် လိုအပ်သည်။

## အနိမ့်ဆုံးဖြစ်သော ပါလီမန်စနစ်

### ပါလီမန်စနစ် အခြေခံမှုများသာပါဝင်သော ကြေငြာချက်

အချို့သောဖွဲ့စည်းပုံအခြေခံဥပဒေများသည် ပါလီမန်ဒီမိုကရေစီစနစ်၏အခြေခံမှုများဖြစ်သည့် 'အစိုးရသည် လွှတ်တော်တွင် အများစုထောက်ခံမှုရှိရမည်' ဟူသည့်အခြေခံမှုကို အသိအမှတ်ပြုသည်။ သို့သော် ယေဘုယျသာဖော်ပြခြင်းဖြစ်ပြီး အစိုးရဖွဲ့စည်းခြင်း၊ ဖယ်ရှားခြင်း စည်းမျဉ်းများနှင့် ပတ်သက်၍ တိတိကျကျ ဖော်ပြမထားပေ။

- အိုက်စလန်နိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် "အိုက်စလန်သည် ပါလီမန်အစိုးရတစ်ရပ်ရှိသည့် သမ္မတနိုင်ငံတစ်နိုင်ငံဖြစ်သည်" ဟု ဖော်ပြထားသည်။ သို့သော် ထိုအခြေခံမှုကို ဖော်ပြထားသည်မှအပ သမ္မတအတွက် အစိုးရဖွဲ့စည်းရန်၊ ဖယ်ရှားရန် အခြားသော ညွှန်ကြားချက်များ ပေးမထားပေ (ပုဒ်မ ၁)။

- လူဇင်ဘတ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "လူဇင်ဘတ်အား ပါလီမန်ဒီမိုကရေစီ စနစ်အောက်တွင် ထားရှိသည်" ဟု ကြေငြာထားသော်လည်း ပါလီမန်ဒီမိုကရေစီစနစ်အတွက် မည်သည့် စည်းမျဉ်း၊လုပ်ထုံးလုပ်နည်းမျှ တိတိကျကျဖော်ပြမထားပေ (ပုဒ်မ ၅၁)။

အစိုးရဖွဲ့စည်းခြင်း၊ ဖယ်ရှားခြင်းစည်းမျဉ်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှင်းရှင်းလင်းလင်းဖော်ပြမထားသောကြောင့် ဤနည်းလမ်းသည် ရေးသားမထားသည့် အစဉ်အလာ သဘောတူညီချက်များအပေါ်တွင် အားကိုးရသည်။ အစဉ်အလာသဘောတူညီချက်များသည် အမှန်တကယ် အသက်ဝင်ရန်အတွက်၊ နိုင်ငံရေးပါဝင်ပတ်သက်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်မျှဝေ၊ နားလည်လက်ခံကာ ကျင့်သုံးရန်လိုအပ်သည်။ ထို့ကြောင့် ပါလီမန် ဒီမိုကရေစီစနစ်၏ အခြေခံမှုများ အခြေခိုင်ပြီး တည်ငြိမ်ရင့်ကျက်သည့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် လိုအပ်သည်။ ထိုသို့ရှိနေသည်ဟုလည်း ယူဆနိုင်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေအောက် နိမ့်သောစည်းမျဉ်းများ

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အနည်းဆုံးသာ ပြဋ္ဌာန်းဖော်ပြသည့် အချို့တိုင်းပြည်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအောက် တဆင့်နိမ့် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တွဲလျက်သုံးရသည့် စာရွက်စာတမ်းများတွင်သာ အစိုးရဖွဲ့စည်းခြင်း၊ ဖယ်ရှားခြင်းနည်းလမ်းများကို တိတိကျကျဖော်ပြထားတတ်သည် (ဥပမာ - လွှတ်တော်၏ တည်မြဲအမိန့်များ သို့မဟုတ် အစိုးရအဖွဲ့လက်စွဲ)။ ၎င်းတို့တွင် ရှင်းလင်းတိကျပြီး အမိန့်ပေးသည့် နည်းလမ်းဖြင့် ဖော်ပြထားတတ်ကြသည်။

- နယူးဇီလန်တွင် အစိုးရ ဖွဲ့စည်းခြင်း၊ ဖယ်ရှားခြင်း လုပ်ငန်းစဉ်ကို အစိုးရအဖွဲ့ လက်စွဲတွင် ဖော်ပြထားသည်။ ၎င်းလက်စွဲသည် အစဉ်အလာ စည်းမျဉ်းများကို နားလည်ရန်အတွက် အစိုးရ ရည်ညွှန်းစာရွက်စာတမ်းတစ်ခု ဖြစ်သည် (Palmer and Palmer 2004) ။

- နယ်သာလန်တွင် (၂၀၁၁ ခုနှစ်အထိ) အစိုးရဖွဲ့စည်းခြင်းကို ရေးသားမထားသော အစဉ်အလာများဖြင့်သာ သတ်မှတ်သည်။ အဆိုပါ အစဉ်အလာအရ ဘုရင်သည် ညွှန့်ပေါင်းဖွဲ့နိုင်ခြေ ရှိ၊ မရှိကို စုံးစမ်းရန်တာဝန်ရှိသူ (informateur) တစ်ယောက်ရွေးချယ်သည်။ ထို့နောက် အစိုးရဖွဲ့စည်းရန် တာဝန်ပေးအပ်ထားသည့် တာဝန်ရှိသူ (formateur) တစ်ယောက်ကို အမည်စာရင်း တင်သွင်းသည်။ ထိုသို့ ဘုရင်၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်အပေါ် မှီခိုအားထားရခြင်းသည် ဒီမိုကရေစီ နည်းလမ်းမကျဟု ဝေဖန်မှုများဖြစ်ပေါ်လာပြီးနောက် အစိုးရဖွဲ့စည်းခြင်း လုပ်ငန်းစဉ်ကို လွှတ်တော်တည်မြဲအမိန့်များဖြင့် ဆောင်ရွက်သည်။ လွှတ်တော်တည်မြဲအမိန့်အရ အောက်လွှတ်တော်မှအထက်တွင်ဖော်ပြထားသော တာဝန်ရှိသူနှစ်ယောက် (informateur နှင့် formateur) ကို အမည်စာရင်းတင်သွင်းစေသည် (Andeweg and Irving 2014)။

ဖွဲ့စည်းပုံ အခြေခံဥပဒေအောက် တဆင့်နိမ့် (sub-constitutional) သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တွဲလျက်သုံးရသည့် (para-constitutional) စာရွက်စာတမ်းများတွင်သာ အစိုးရ ဖွဲ့စည်းခြင်း၊ ဖယ်ရှားခြင်း နည်းလမ်းများကို တိတိကျကျ ဖော်ပြထားခြင်းသည် ရှင်းလင်းနားလည် နိုင်ပြီး ရေးသားမထားသည်ထက်ကောင်းသည်။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မထည့် ဘဲထားခြင်းသည် အချိန်မရွေးပြောင်းလဲနိုင်ပြီး အာဏာသက်ဝင်အောင် ပြုလုပ်ရန်ခက်ခဲသည်။ ထို့ကြောင့် ဤနည်းလမ်းများသည် နှစ်ပေါင်းများစွာ ခိုင်မြဲအခြေကျနေသော ပါလီမန်ဒီမိုကရေစီ နိုင်ငံများအတွက် အနိမ့်ဆုံးအဖြစ် လက်ခံ၍ရသည်။ ၎င်းတို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင် စရာမလိုဘဲ အစဉ်အလာသဘောတူချက်များကို တိကျပြတ်သားရှင်းလင်းစွာ ထားရှိလိုကြသည်။ သို့သော်လည်း နိုင်ငံအသစ်များ၊ ပြိုကွဲလွယ်သော နိုင်ငံများအတွက်မူ သိပ်မသင့်တော်ပေ။

## အားနည်းသော ပါလီမန်စနစ်

### ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သာ ပြဋ္ဌာန်းထားသော အစိုးရဖယ်ရှားရေးစည်းမျဉ်း

အချို့သော ရေးဟောင်း ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် လွှတ်တော်၏ အယုံအကြည်ရှိမှုကို ဆုံးရှုံးလျှင် အစိုးရနုတ်ထွက်ရမည်ဆိုသော အခြေခံမူကို ရှင်းရှင်းလင်းလင်း ထည့်သွင်းပြဋ္ဌာန်းထား သည်။ သို့သော် ၎င်း၏ မရှိမဖြစ်တွဲဘက်ဖြစ်သော လွှတ်တော်၏အယုံအကြည်ရှိ ထောက်ခံမှုကို ရရှိမှသာ အစိုးရခန့်အပ်ရမည်ဟူသောမူကို ဖော်ပြမထားပေ။

- နော်ဝေနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဝန်ကြီးတစ်ယောက်သည် မိမိအားလည်းကောင်း၊ အစိုးရ တစ်ရပ်လုံးကိုလည်းကောင်း လွှတ်တော်မှ အယုံအကြည်မရှိ အဆိုတင်သွင်း အောင်မြင်ပါက ရာထူးမှနုတ်ထွက်ရမည်ဖြစ်ပြီး ဘုရင်မှ အဆိုပါ နုတ်ထွက်ခြင်းကို လက်ခံ ရမည်ဟု ဖော်ပြထားသည် (ပုဒ်မ ၁၅) ။
- အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ဝန်ကြီးများ ကောင်စီသည် ပြည်သူ့လွှတ်တော် သို့ စုပေါင်းတာဝန်ခံရမည်" ဟု ဖော်ပြသည်။ အစိုးရသည် ပြည်သူ့လွှတ်တော်၏ ထောက် ခံမှုကို ထိန်းသိမ်းထားရမည်၊ ရရှိရမည်၊ ထိုသို့မရရှိပါက ဖျက်သိမ်းရမည်ဟု ရှင်းလင်းစွာ ညွှန်ပြထားသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေက အစိုးရဖွဲ့ စည်းခြင်းကို မထိန်းကျောင်းသလို အစိုးရမဖွဲ့ခင် လွှတ်တော်၌မဲခွဲ၍ ကြိုတင် ခွင့်ပြုချက် ယူရန်လည်း မလိုအပ်ပေ (ပုဒ်မ ၇၅)။

သို့သော် ပယ်ချ၊ ငြင်းပယ်နိုင်စွမ်းရှိခြင်းသည် သွယ်ဝိုက်သောအားဖြင့် ရွေးချယ်ခွင့်ရှိခြင်းပင် ဖြစ်သည်။ လွှတ်တော်၏ ထောက်ခံမှုရရှိရန် လိုအပ်ခြင်းသည် နိုင်ငံတော်အကြီးအကဲမှ ခန့်အပ်ရမည့် ဝန်ကြီးချုပ်လောင်းလျာ ရွေးချယ်ခြင်းအား နိုင်ငံရေးအရများစွာကန့်သတ်ပေးထားခြင်းပင် ဖြစ်သည်။ ထို့ကြောင့် လက်တွေ့တွင်မူ ဝန်ကြီးချုပ်အား လွှတ်တော်၌ အများစုက လက်ခံမှုရှိရမည် ဖြစ်သည်။

## အယုံအကြည်ရှိမှုအပေါ် အခြေခံ၍ ခန့်အပ်ပိုင်ခွင့်

နိုင်ငံတော်တော်များများတွင် အစိုးရဖွဲ့စည်းခြင်းစည်းမျဉ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသော လုပ်ပိုင်ခွင့်အာဏာကဲ့သို့ ဖြစ်သည်။ လွှတ်တော်၏ထောက်ခံမှုကို ရရှိသောသူအား ဝန်ကြီး ချုပ်အဖြစ် နိုင်ငံတော်အကြီးအကဲမှ ခန့်အပ်ပေးရန် လိုအပ်သည်။ ထို့နောက် လွှတ်တော်၏ အယုံအကြည်မရှိအဆို မဲခွဲရာတွင်ရှုံးနိမ့်လျှင် အစိုးရနုတ်ထွက်ရမည့် စည်းမျဉ်းလည်း ပါဝင်တတ်သည်။

- ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'လွှတ်တော် ကိုယ်စားလှယ်အများစု၏ ထောက်ခံမှုကိုရရှိနိုင်သော လွှတ်တော်ကိုယ်စားလှယ်အား ဝန်ကြီးချုပ်အဖြစ် သမ္မတမှ ခန့်အပ်မည်' ဟု ဖော်ပြထားသည် (ပုဒ်မ ၅၆) ။
- ဘဟားမားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'ဝန်ကြီးချုပ် ခန့်အပ်ရန် မည်သည့် အခြေအနေပေါ်ပေါက်သည် ဖြစ်စေ၊ ဘုရင်ခံချုပ်သည် (က) အောက်လွှတ်တော်တွင် အများစု ထောက်ခံမှုရရှိသော ပါတီခေါင်းဆောင်ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် (ခ) အားလုံး တညီတညွတ်တည်းထောက်ခံသော ပါတီခေါင်းဆောင် မရှိလျှင်ဖြစ်စေ၊ မည်သည့်ပါတီမှ အများစု ထောက်ခံမှုမရလျှင်ဖြစ်စေ၊ အဆိုပါ လွှတ်တော်၏ အများစု ထောက်ခံမှုကို ရနိုင်ဖွယ်ရှိသော၊ ဝန်ကြီးချုပ်ရာထူးကို လက်ခံသော လွှတ်တော် ကိုယ်စားလှယ်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရမည်' ဟု ပါရှိသည် (ပုဒ်မ ၇၃) ။

ယခုကဲ့သို့ ပြဋ္ဌာန်းချက်များသည် လွှတ်တော်၏ ထောက်ခံမှုပေါ်မူတည်၍ ဝန်ကြီးချုပ် ခန့်အပ်သည့် အခြေခံမှုကို အသိအမှတ်ပြုထားသည်။ သမားရိုးကျ ရွေးကောက်ပွဲ သို့မဟုတ် ရာထူး ရွေးချယ်ရန် မဲခွဲဆုံးဖြတ်ခြင်း မလိုအပ်သော်လည်း အစိုးရ ဖွဲ့စည်းခြင်းလုပ်ငန်းစဉ်တွင် လွှတ်တော်၏ ဒီမိုကရေစီတာဝန်ကို အထိမ်းအမှတ်သဘောအားဖြင့် အလေးအနက်ထားခြင်းဖြစ်သည်။ ဤစည်းမျဉ်း များသည် နိုင်ငံတော် အကြီးအကဲအား ကိုယ်ပိုင်လုပ်ပိုင်ခွင့်အာဏာ အသုံးပြုခြင်းကို ဖြစ်စေနိုင်သေး သည်။ အထူးသဖြင့် မည်သည့်ပါတီမှ အများစုထောက်ခံမှုမရသော ပါတီစုံစနစ်တွင် ဖြစ်သည်။ သို့သော်လည်း ဂရိနှင့် ဘူဂေးရီးယားတို့တွင် ကျင့်သုံးသည့် အစိုးရဖွဲ့စည်းရန် လမ်းညွှန်စည်းမျဉ်း များက ထိုအချက်ကို တန်ပြန်ထားနိုင်သည် (နောက်ပိုင်းတွင် အသေးစိတ်ကြည့်)။

## စဉ်းစားရန် အချက် ၁

မိမိတို့နိုင်ငံတွင် ပါလီမန် ဒီမိုကရေစီစနစ် အောင်မြင်ခဲ့သော သမိုင်းရှိခဲ့ပါသလား။ ပါလီမန် ဒီမိုကရေစီစနစ် မည်သို့အလုပ်လုပ်သင့်ကြောင်းကို ကောင်းမွန်စွာနားလည်ထားပြီးပါသလား။ ရေးသားမထားသော အစဉ်အလာ နားလည်မှုများတွင် အစိုးရဖွဲ့စည်းခြင်း၊ ဖယ်ရှားခြင်းနှင့် ပတ်သက်၍ အလုပ်ဖြစ်သော စည်းမျဉ်းများပါဝင်နေပါသလား။ အဆိုပါ အစဉ်အလာ သဘော တူညီချက်များသည် အဓိပ္ပါယ်ဖွင့်ဆိုရာတွင်ဖြစ်စေ၊ အသုံးပြုရာတွင်ဖြစ်စေ အငြင်းပွားစရာ ဖြစ် နိုင်ချေမရှိနိုင်အောင် လုံလောက်သည့် ရှင်းလင်းပြည့်စုံမှု ရှိပါသလား။ နိုင်ငံတော်အကြီးအကဲ အပါအဝင် နိုင်ငံရေးခေါင်းဆောင်များသည် အဆိုပါသဘောတူညီချက်များအား အသိစိတ်ရှိရှိ၊ မျှမျှတတ၊ စေတနာကောင်းဖြင့် အသုံးချမည်ဟု ယုံကြည်ထိုက်ပါသလား။ အဆိုပါ သဘောတူ ညီချက်များသည် မရည်ရွယ်သော အခြေအနေများဖြစ်ပေါ်မလာစေရန်၊ ချိုးဖောက်ခံရခြင်း မရှိဘဲ နိုင်ငံရေးအခြေအနေ အမျိုးမျိုးအတွက် သင့်တော်တုံ့ပြန်နိုင်ပါသလား (ဥပမာ - ပါတီ အသစ်များ အင်အားကောင်းလာခြင်း)။

အထက်ပါ မေးခွန်းများတွက် အဖြေက "ဖြစ်နိုင်တယ်" ဆိုလျှင်တော့ အနိမ့်ဆုံး သို့မဟုတ် အားနည်းသော စည်းမျဉ်းတစ်ခုခုကို လက်တွေ့ကျင့်သုံး၍ ရကောင်းရနိုင်မည်။ မေးခွန်းများ ထဲက တစ်ခုခုအတွက် အဖြေသည် "မဖြစ်နိုင်ပါ" ဟုဆိုလျှင် ပါလီမန်စနစ် အခြေခိုင်ရန် အား ကောင်းသော စည်းမျဉ်းများ လိုအပ်နိုင်သည်။ အစိုးရ ဖွဲ့စည်းခြင်းအတွက် လွှတ်တော်၏ အတည်ပြုချက် ဖော်ပြရန်လိုအပ်ရမည်။

## အားကောင်းသော ပါလီမန်စနစ်

အားကောင်းသော ပါလီမန်စနစ်တွင် အစိုးရအား လွှတ်တော်မှ တရားဝင်အသိအမှတ်ပြုရန် အတွက် ရွေးကောက်တင်မြှောက် မဲခွဲဆုံးဖြတ်မှုမျိုး တိတိကျကျလိုအပ်သည်။ ထိုမဲခွဲဆုံးဖြတ်မှုသည် အသွင်အမျိုးမျိုးဖြင့် ဖြစ်နိုင်သည်။ အကြိတ်အနယ်မယှဉ်ပြိုင်ရသော ရွေးကောက်ပွဲ၊ အကြိတ်အနယ် ယှဉ်ပြိုင်ရသော ရွေးကောက်ပွဲတို့မှ အတည်ပြုခြင်း၊ လွှတ်တော်ဆုံးဖြတ်ချက်ဖြင့် ဝန်ကြီးချုပ် အမည် အဆိုပြုခြင်းတို့ ဖြစ်နိုင်သည်။ သို့မဟုတ် ဝန်ကြီးချုပ်ခန့်အပ်ခြင်းအား လွှတ်တော်၏အယုံအကြည်ရှိမှု မဲခွဲဆုံးဖြတ်ခြင်းဖြင့် အတည်ပြုရန်လိုအပ်ခြင်း ဖြစ်နိုင်သည်။ လက်တွေ့တွင်မူ ဤလုပ်ငန်းစဉ်များ အားလုံးသည် အစိုးရ၌ လွှတ်တော်မှပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ရှင်းရှင်းလင်းလင်း ရှိစေရန်သာ ဖြစ်ပြီး လုပ်ပုံလုပ်နည်း တစ်ခုနှင့်တစ်ခုကြား ကွဲပြားမှုမှာအနည်းငယ်သာ ရှိနိုင်သည်။

မည်သူက ဝန်ကြီးချုပ်လောင်းလျာကို အဆိုပြုနိုင်သလဲ ဆိုသည့်အချက် အတည်ပြုရန်အတွက် အများစု ထောက်ခံမှုလိုအပ်ချက်၊ လုပ်ငန်းစဉ်ပြီးစီးရန် အချိန်အကန့်အသတ်နှင့် ရှေ့မတိုး နောက် မဆုတ်သာ အခြေအနေများကို ကျော်လွှားရန်နည်းလမ်းများကဲ့သို့သော ပို၍နက်နဲသည့် ခြားနားချက်

များသည် အစိုးရဖွဲ့စည်းခြင်း၏ ရလဒ်အပေါ် သိသာသောသက်ရောက်မှု ရှိနိုင်သည်။ အထူးသဖြင့် နိုင်ငံတော်အကြီးအကဲအား အစိုးရဖွဲ့စည်းခြင်းတွင် တက်ကြွသည့်အခန်းကဏ္ဍ ပေးထားသည့် ယန္တရားများနှင့် ပေးမထားသည့် ယန္တရားများအကြားတွင် (အဆိုပြုခြင်းတွင် ပါဝင်သည့်အသေးစိတ် အချက်အလက်များ သို့မဟုတ် ရှေ့မတိုး နောက်မဆုတ်သာ အခြေအနေများကို ကျော်လွှားရန် နည်းလမ်းများ) အမှန်တကယ်ပင် ခြားနားကွဲပြားပါသည်။

## လွှတ်တော်မှအတည်ပြုခြင်း/ရွေးကောက်တင်မြှောက်ရန် မဲခွဲဆုံးဖြတ်ခြင်း

လွှတ်တော်မှအတည်ပြုခြင်းသည် ခေတ်ပြိုင်ပါလီမန် ဒီမိုကရေစီစနစ်တွင် ဝန်ကြီးချုပ် ရွေးချယ်ရန် လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်သည်။ ဝန်ကြီးချုပ်ရာထူးအတွက် အဆိုပြုခံထားရသော ကိုယ်စားလှယ်တစ်ယောက်တည်းကိုသာ ထောက်ခံမဲ၊ ဆန့်ကျင်မဲပေးရသည့် အကြိတ်အနယ်မယှဉ်ပြိုင်ရသော ရွေးကောက်ပွဲပုံစံလည်း ဖြစ်နိုင်သည်။ ကိုယ်စားလှယ်လောင်းအား အဆိုပြုရန်သည် နိုင်ငံတော်အကြီးအကဲ၏တာဝန်ဖြစ်သည်။ သို့သော် အချို့သောတိုင်းပြည်များ (ဥပမာ-ဆွီဒင်) တွင် လွှတ်တော်ဥက္ကဋ္ဌက ထိုတာဝန်ကိုဆောင်ရွက်ပြီး အချို့နိုင်ငံ (ဥပမာ-ဖင်လန်) တွင် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်မှ အုပ်စုများနှင့် ကြားနာပြီးမှ နိုင်ငံတော်အကြီးအကဲက အဆိုပြုသည်။ လွှတ်တော်မှ အတည်ပြုပြီးသောအခါ နိုင်ငံတော်အကြီးအကဲက ဝန်ကြီးချုပ်ကို တရားဝင်ခန့်အပ်ရသည်။ အဆိုပြုခံရသည့် ကိုယ်စားလှယ်အား လွှတ်တော်မှပယ်ချပါက နောက်ထပ်ကိုယ်စားလှယ်တစ်ဦးအား ထပ်မံအဆိုပြုခွင့်ပေးလေ့ရှိသည်။ သို့သော်အချို့နိုင်ငံများတွင် ထိုသို့ပယ်ချခံရခြင်းသည် အကြိတ်အနယ် ယှဉ်ပြိုင်ရသောရွေးကောက်ပွဲ သို့မဟုတ် လွှတ်တော်မှသာအဆိုပြုခြင်း သို့မဟုတ် အခြားသော ရွေးချယ်နည်းများ ဖြစ်ပေါ်စေနိုင်သည်။

- ဖင်လန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နမူနာပုံစံ ဖြစ်သည်။ 'အဆိုပြုခံရသူသည် လွှတ်တော်တွင် ပွင့်လင်းစွာမဲပေးခြင်းဖြင့် မဲပေးသူ တစ်ဝက်ထက်ပို၍ ထောက်ခံမှုကို ရရှိပါက ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်သည်။ အဆိုပြုခံရသူသည် လိုအပ်သော အများစုထောက်ခံမှုကို မရရှိပါက နောက်ထပ် ကိုယ်စားလှယ်တစ်ယောက်အား ဤလုပ်ထုံးလုပ်နည်းအတိုင်း တင်မြှောက်မည်။ ဒုတိယအဆိုပြုခံရသူသည်လည်း အများစု ထောက်ခံမှုမရရှိပါက ဝန်ကြီးချုပ်တင်မြှောက်ခြင်းအား လွှတ်တော်တွင် ပွင့်လင်းစွာမဲပေးခြင်းဖြင့် ရွေးချယ်မည်။ မဲအများဆုံးရရှိသူအား ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်သည်' (အပိုဒ် ၆၁)။

အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် လွှတ်တော်၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ နိုင်ငံတော်အကြီးအကဲအား အစိုးရ ခန့်အပ်ခွင့် ပြုသည်။ သို့သော် အစိုးရအသစ် အနေဖြင့် သတ်မှတ်ထားသော အချိန်အတွင်း လွှတ်တော်၏ အယုံအကြည်ရှိမှုကိုရရှိရန် လိုအပ်သည်။ ဤရွေးကောက်တင်မြှောက်ရန်မဲခွဲဆုံးဖြတ်ခြင်းသည်အစိုးရအဖွဲ့ခန့်အပ်ခြင်းကိုအတည်ပြုပြည့်စုံစေသည်။ မဲခွဲမဆုံးဖြတ်မီအထိ အစိုးရခန့်အပ်မှုသည် ယာယီအဖြစ်သာ သတ်မှတ်သည်။ အကယ်၍ သတ်မှတ်ထားသည့် အချိန်

အတွင်း မဲခွဲမှုရှုံးနိမ့်ခဲ့လျှင်၊ ငြင်းပယ်ခံရလျှင် အစိုးရနုတ်ထွက်ရမည်ဖြစ်ပြီး အစိုးရဖွဲ့စည်းခြင်း လုပ်ငန်းစဉ်အသစ် ပြန်စရမည်ဖြစ်သည်။ ၎င်းသည် အထက်တွင် ဆွေးနွေးခဲ့သည်များထဲမှ အတည် ပြုပုံမတူသည့် လုပ်ပုံလုပ်နည်းဖြစ်သည်။ တစ်ခုတည်းသော ခြားနားချက်မှာ လွှတ်တော်၏ထောက်ခံ မှုကိုရရှိရန် မဲခွဲဆုံးဖြတ်ခြင်းသည် အစိုးရမဖွဲ့မီ ပြုလုပ်ခြင်းမဟုတ်ဘဲ အစိုးရဖွဲ့ပြီးမှသာ ပြုလုပ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဝန်ကြီးချုပ်တစ်ယောက်သာမကဘဲ အစိုးရတစ်ဖွဲ့လုံးအပေါ် အန္တရာယ်ရှိသည်။

- လက်ဘာနွန်တွင် သမ္မတမှ ဝန်ကြီးချုပ်အား အဆိုပြုသည်။ သို့သော် 'အစိုးရအဖွဲ့ ဖွဲ့စည်း ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်သည့် နေ့ရက်မှရက်ပေါင်းသုံးဆယ်အတွင်း လွှတ်တော် ၏ အယုံအကြည်ရှိမှုအတွက် မဲခွဲဆုံးဖြတ်ရန် အစိုးရသည် ပြည်သူ့လွှတ်တော်သို့ ဝန်ကြီး စာရင်း တင်ပြရမည်ဖြစ်သည်' (ပုဒ်မ ၆၄) ။

- ချက်သမ္မတနိုင်ငံတွင် 'သမ္မတသည် ဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်အဆိုပြုသည့် အခြားသော အစိုးရအဖွဲ့ဝင်များကို ခန့်အပ်ရမည်။' သို့သော် အစိုးရခန့်အပ်ပြီး ရက်ပေါင်း သုံးဆယ် အတွင်း အောက်လွှတ်တော်ရှေ့မှောက် သွားရောက်၍ အယုံအကြည်ရှိမှု တောင်းခံရမည်။ အသစ်ခန့်ထားသော အစိုးရအဖွဲ့သည် လွှတ်တော်၏ထောက်ခံမှုကို မရရှိလျှင် အစိုးရ ခန့်အပ်ရေးလုပ်ငန်းစဉ်ကို တစ်ကြိမ်ထပ်မံပြုလုပ်ရမည်။ ဒုတိယအကြိမ်တွင်လည်း လွှတ် တော်၏ အများစုထောက်ခံမှုကိုမရရှိပါက အောက်လွှတ်တော် ဥက္ကဋ္ဌက အဆိုပြုသည့် ဝန်ကြီးချုပ်ကိုသာ သမ္မတမှ အတည်ပြုခန့်အပ်ရမည်' (ပုဒ်မ ၆၈) ။

## လမ်းညွှန်ချက်ဖြင့် ဖွဲ့စည်းရေးစည်းမျဉ်းများ

လွှတ်တော်၏ အတည်ပြုချက်ရယူရန်အတွက် နိုင်ငံတော်အကြီးအကဲမှ ဝန်ကြီးချုပ် ကိုယ်စား လှယ်လောင်းအမည်တင်သွင်းရတိုင်း နိုင်ငံတော်အကြီးအကဲသည် ပုဂ္ဂိုလ်ရေးလုပ်ပိုင်ခွင့်များသုံး၍ ကိုယ်စားလှယ်လောင်း ရွေးချယ်ရာတွင် လွှမ်းမိုးတတ်သည်။ အထူးသဖြင့် ပါတီတစ်ခုတည်းက အများစုမလွှမ်းမိုးနိုင်သည့် ပါတီစုံစနစ်တွင်ဖြစ်သည်။ ဤသို့ ပြုလုပ်ခြင်းသည် နိုင်ငံတော်အကြီး အကဲ၏ နိုင်ငံရေးတွင် ပါဝင်မပတ်သက်မှု၊ လွတ်လပ်မှုနှင့် နိုင်ငံတော်ကို စည်းလုံးစေသည့် ဦးဆောင် ပြယုဂ်အနေအထားကို လျော့ပါးနိမ့်ကျစေသည်။ ထိုသို့ သိမ်မွေ့ပြီး အန္တရာယ်များသော လုပ်ပိုင်ခွင့် များကိုဖယ်ရှားရန် အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများ (ဥပမာ - ပုဒ်မ ၃၇၊ ဂရိ။ ပုဒ်မ ၉၉၊ ဘူဂေးရီးယား) တွင်ပြဋ္ဌာန်းချက်များ ထည့်သွင်းထားသည်။ ဝန်ကြီးချုပ်ဖြစ်နိုင်ချေရှိသည့် အလောင်း အလျာများသည် လွှတ်တော်၏ယုံကြည်မှုဖြင့် အစိုးရတစ်ရပ်ဖွဲ့နိုင်သည့် အခွင့်အရေးရှိသည်။ ထို ဝန်ကြီးချုပ်အလောင်းအလျာများသည် အကြီးဆုံးပါတီ၏ ခေါင်းဆောင်ဖြစ်နိုင်သလို ဒုတိယအကြီး ဆုံးပါတီ၏ ခေါင်းဆောင်သည်လည်း ဒုတိယဖြစ်နိုင်ချေရှိသည်။ ဤသို့သော စည်းမျဉ်းများသည် နိုင်ငံရေးအရ အငြင်းပွားစရာမဖြစ်အောင် နိုင်ငံတော်အကြီးအကဲများအား ကာကွယ်ပေးထားသည်။ ထို့အပြင် လွှတ်တော်ရွေးကောက်ပွဲရလဒ်များနှင့် အစိုးရဖွဲ့စည်းခြင်းကို တိုက်ရိုက်ချိတ်ဆက်ပေး

သည်။ အဘယ်ကြောင့်ဆိုသော် နေရာအများဆုံးရရှိပြီး ရွေးကောက်ပွဲအနိုင်ရသည့် အစိုးရသည် အစိုးရဖွဲ့ရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်ရှိသောကြောင့် ဖြစ်သည်။

## လွှတ်တော်မှ ဝန်ကြီးချုပ် ရွေးကောက်တင်မြှောက်ခြင်း

အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဝန်ကြီးချုပ်သည် (အကြိုတ်အနယ် ရှိနိုင်သော) ရွေးကောက်ပွဲမှတစ်ဆင့် လွှတ်တော်၏ ရွေးချယ်ခံရမည်။ (ဥပမာ - ဆော်လမွန်ကျွန်းနိုင်ငံ၏ ပုဒ်မ ၃၃၊ တုဗာလူ၏ ပုဒ်မ ၆၃၊ ဗန်နွေ့တူ၏ ပုဒ်မ ၄၁) ထိုရွေးကောက်ပွဲတွင် နှစ်ဦးနှင့် နှစ်ဦးထက်ပိုသော ကိုယ်စားလှယ်လောင်းများကို လွှတ်တော်က မဲပေးရွေးချယ်နိုင်သည်။ ဤနည်းလမ်းကို ပြည်နယ် အဆင့် အစိုးရများစွာ ဖွဲ့စည်းရာတွင်လည်း အသုံးပြုကြသည် (ဥပမာ - အချို့သော ကနေဒါနယ်မြေများ၊ ဂျာမနီနိုင်ငံ လင်းဒါပြည်နယ်)။ ဤနည်းလမ်းတွင် အဓိကအားသာချက် သုံးခုရှိသည်။

၁။ နိုင်ငံတော်အကြီးအကဲအား (လွှတ်တော်မှ ရွေးချယ်ထားသည့် ကိုယ်စားလှယ်ကို တရားဝင် ခန့်အပ်ပေးရသည့်) အဆောင်အယောင် လုပ်ပိုင်ခွင့်သက်သက် ပေးထားသည်မှအပ အစိုးရဖွဲ့စည်းခြင်း လုပ်ငန်းစဉ်မှဖယ်ထားသည်။ အစိုးရဖွဲ့စည်းခြင်း လမ်းညွှန်စည်းမျဉ်းများကဲ့သို့ပင် နိုင်ငံတော်အကြီးအကဲ၏ အလွန်အကျွံအာဏာ အသုံးပြုခြင်းမှ ကာကွယ်ပေးထားခြင်း ဖြစ်သည်။ (ဘုရင်ပင် ဖြစ်ပါစေ ၎င်း၏ နိုင်ငံရေးဘက်မလိုက်မှုကို ထိန်းသိမ်းထားရန်လည်းကောင်း၊ ဒီမိုကရေစီလုပ်ပိုင်ခွင့်ကို အသုံးပြု၍ ကြားဝင်ပတ်သက်ချင်သည့် တိုက်ရိုက်ရွေးကောက်တင်မြှောက်ထားသော နိုင်ငံတော်အကြီးအကဲပင်ဖြစ်ပါစေ အစိုးရ လုပ်ငန်းစဉ်မှ ဝေးဝေးနေရမည်။)

၂။ ပြီးမြောက်သော ရွေးကောက်ပွဲတစ်ခုဖြစ်လာနိုင်ရန်နှင့် ရှေ့မတိုးသာနောက်မဆုတ်သာ အခြေအနေများကို ကျော်လွှားနိုင်ရန် ရွေးကောက်ပွဲစည်းမျဉ်းများ ရေးဆွဲနိုင်သည်။ အများစုထောက်ခံမှုရရှိရန် တစ်ကြိမ်ထက်တစ်ကြိမ် လိုအပ်သည့်မဲအရေ အတွက်နည်းလာသည့် ထပ်တလဲလဲမဲပေးရခြင်းမျိုး (successive rounds of voting) ရှိနိုင်သည်။ ရွေးချယ်ခံသည့် ကိုယ်စားလှယ်အရေအတွက်လည်း တစ်ကြိမ်ထက်တစ်ကြိမ် နည်းလာနိုင်သည်။ (မဲအနည်းဆုံးသာရသည့် ကိုယ်စားလှယ်လောင်းကို ထုတ်ပယ်ခြင်း သို့မဟုတ် မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းနှစ်ယောက်သာ နောက်တစ်ဆင့် ယှဉ်ပြိုင်စေခြင်း)။ ဥပမာအဖြစ် ဆော်လမွန်ကျွန်း၊ တုဗာလူနှင့် ဗန်နွေ့တူတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ ကို ကြည့်နိုင်သည်။ အချို့တိုင်းပြည်များတွင် ဤအချက်များကြောင့် မည်သည့် နည်းလမ်းနှင့်မျှ အစိုးရမဖွဲ့နိုင်သည့်အခါ လွှတ်တော်မှ ရွေးကောက်တင်မြှောက်ခြင်းကို အကြပ်အတည်း ဖြေရှင်းရေးနည်းလမ်းအဖြစ် အသုံးပြုကြသည် (အောက်တွင် ဖော်ပြထားသော 'ပေါင်းစပ်ထားသော နည်းလမ်း' တွင်ကြည့်)။

၃။ ပါတီစနစ် အားနည်းသည့် နိုင်ငံများအတွက် သင့်တော်သည်။ ရှင်းလင်းသည့် ပါတီအုပ်စုများမရှိသော၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ စုစည်းထားသည့် မဟာမိတ်များ အား

ကောင်းသောလွှတ်တော်မျိုးတွင်ပင် ဝန်ကြီးချုပ်ရွေးချယ်ရန်အတွက် ထိရောက်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။ စနစ်တကျ ဖွံ့ဖြိုးပြီးသောပါတီစနစ်ရှိသည့် အခြေအနေတွင်လည်း ဤနည်းကို သုံးနိုင်သည်။ သို့သော် ထိုအခြေအနေမျိုးတွင် (လွှတ် တော်အတွင်း ပါတီအနေအထားနှင့် ၎င်းတို့အချင်းချင်းကြား ညွန့်ပေါင်းဖွဲ့စည်းထားမှု အပေါ် မူတည်၍) မည်သူက အမှန်တကယ် ဝန်ကြီးချုပ်ဖြစ်နိုင်မည်မှာ ကြိုတင်ပင် သိသာနေတတ်သည်။ ထို့ကြောင့် ဝန်ကြီးချုပ်ရွေးကောက်တင်မြှောက်ခြင်းသည် အမှန်တကယ် ရွေးချယ်ခြင်းထက် သမာရိုးကျတရားဝင်ဖြစ်အောင် လုပ်သည့်သဘောသာ ဖြစ်တတ်သည်။ သို့သော်လည်း တစ်ခါတရံတွင် အမှန်တကယ် ပြိုင်ဆိုင်အားကောင်းသော ရွေးကောက်ပွဲများ ရှိတတ်သည်။

## လွှတ်တော်မှ အမည်စာရင်းတင်သွင်းခြင်း

အချို့သော တိုင်းပြည်များ (ဥပမာ - အိုင်ယာလန်) တွင် ဝန်ကြီးချုပ်ကို ရွေးကောက်ပွဲမှ တင်မြှောက်ခြင်းအစား လွှတ်တော်မှအမည်စာရင်း တင်သွင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ညွှန်းဆိုထားကြသည်။ လက်တွေ့တွင် ဤသို့ပြုလုပ်ခြင်းနှင့် ရွေးကောက်ခြင်းသည် သိပ်မကွာပေ။ အိုင်ယာလန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၃) တွင် 'လွှတ်တော်၏ အမည်စာရင်းတင်သွင်းမှုဖြင့် သမ္မတမှ ဝန်ကြီးချုပ်ခန့်အပ်ရမည်' ဟု ပါရှိသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေရော လွှတ်တော်၏ တည်မြဲအမိန့်များပါ အမည်စာရင်းတင်သွင်းခြင်း ပြုလုပ်ရမည့် အသေးစိတ်စည်းမျဉ်းများ ဖော်ပြမထားပေ။ အစဉ်အလာသဘောတူညီမှုအရ လွှတ်တော်ကိုယ်စားလှယ်များက ဥက္ကဋ္ဌထံသို့အမည်စာရင်းများ တင်သွင်းနိုင်သည်။ အမည်စာရင်း တင်သွင်းခံရသည့် ကိုယ်စားလှယ်လောင်းများကို ထောက်ခံသည့်မိန့်ခွန်းတိုများ ပြောခွင့်ရသည်။ ထို့နောက် ကိုယ်စားလှယ်လောင်းတစ်ယောက်ချင်းစီအတွက် မဲပေးကြပြီး အခြားသူများထက် ထောက်ခံမဲအသာရသည့် ကိုယ်စားလှယ်ကို ဝန်ကြီးချုပ်အဖြစ် အသိအမှတ်ပြုသည် (Ajenjo, Martin and Rasch 2011)။

## ပေါင်းစပ်ထားသော နည်းလမ်း

အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ရောထွေးသော စည်းမျဉ်းများကို ဖော်ပြထားကြသည်။ အစိုးရသည် လွှတ်တော်၏ အတည်ပြုချက်ရရှိရန် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် နည်းလမ်းအမျိုးမျိုးကို အသုံးပြုထားသည်။ ဥပမာအားဖြင့် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းသည် နိုင်ငံတော်အကြီးအကဲနှင့် လွှတ်တော်အကြား အပြန်အလှန်ပေးပို့ခြင်း ဖြစ်နေတတ်သည်။

- ဂျာမဏီတွင် သမ္မတက အဓိပတိ (ဝန်ကြီးချုပ်) အမည်စာရင်း တစ်ယောက်တင်သွင်းသည်။ ၎င်းကို ဘွန်းဒက်စတတ်ဂ်ဟုခေါ်သော အောက်လွှတ်တော်မှ မဲပေးရသည်။ မဲအားလုံး၏ ထက်ဝက်ကျော်ထောက်ခံမှု (ယတိပြတ် အများစု) ကိုရရှိလျှင် ကိုယ်စားလှယ်လောင်းကို အဓိပတိအဖြစ် သမ္မတမှခန့်အပ်သည်။ သမ္မတ အဆိုပြုသူသည် မဲအားလုံး၏ ထက်ဝက်ကျော်၏ထောက်ခံမှုကိုမရရှိလျှင် အောက်လွှတ်တော်မှ ကိုယ်စားလှယ်လောင်းတစ်ယောက်

ရွေးကောက်တင်မြှောက်ရန် အချိန် ၁၄ ရက်ရရှိသည်။ ၎င်းသည်လည်း မဲအားလုံး၏ ထက်ဝက်ကျော် ထောက်ခံမှုကိုရရှိရမည်။ ၁၄ ရက်ကျော်လွန်၍ မဲအားလုံး၏ ထက်ဝက်ကျော်ထောက်ခံမှုဖြင့် အဓိပတိအား မတင်မြှောက်နိုင်ပါက နောက်ဆုံးအကြိမ် မဲပေးခြင်းပြုလုပ်သည်။ နောက်ဆုံးအကြိမ်တွင် ကိုယ်စားလှယ်လောင်းသည် မဲအားလုံး၏ထက်ဝက်ကျော်ထောက်ခံမဲ ဖြင့်ရွေးကောက်တင်မြှောက်ခံရပါက သမ္မတသည် ယင်းကိုယ်စားလှယ်လောင်းအား အဓိပတိအဖြစ်ခန့်အပ်ရမည်။ အကယ်၍ ကိုယ်စားလှယ်လောင်းမှ ရိုးရိုးအများစုဖြင့်သာ ထောက်ခံမဲရလျှင် သမ္မတသည် လူနည်းစုထောက်ခံသည့် အစိုးရကိုလက်ခံခြင်းသို့မဟုတ် လွှတ်တော်ကို ဖျက်သိမ်းခြင်းနည်းလမ်းနှစ်ခုမှ တစ်ခုကိုရွေးချယ်ရန်ရှိသည် (ပုဒ်မ ၆၃)။

- ဖီဂျီနှင့် ကေးမန်းကျွန်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်အကြီးအကဲမှ ဝန်ကြီးချုပ်ခန့်အပ်ရန် လမ်းညွှန်မှုများနှင့် လွှတ်တော်မှရွေးကောက်တင်မြှောက်ခြင်းကို ပေါင်းစပ်ထားသည်။ ထို့ကြောင့် လွှတ်တော်တွင် အင်အားထက်ဝက်ကျော်ရှိသော ပါတီတစ်ခုရှိလျှင် ပါတီ၏ခေါင်းဆောင်ကို ဝန်ကြီးအဖြစ် နိုင်ငံတော်အကြီးအကဲမှ ခန့်အပ်ရသည်။ ခန့်အပ်ရန်အတွက် မဲခွဲရန်မလိုပေ။ သို့သော် ထိုသို့အများစုလွှမ်းမိုးသည့် ပါတီမရှိလျှင် လွှတ်တော်မှဝန်ကြီးချုပ်ကိုရွေးကောက်တင်မြှောက်ရမည်ဖြစ်ပြီးနိုင်ငံတော်အကြီးအကဲမှ တရားဝင် ခန့်အပ်ရမည်ဖြစ်သည် (ဖီဂျီ၏ ပုဒ်မ ၉၃၊ ကေးမန်းကျွန်း၏ ပုဒ်မ ၄၉) ။

## အစိုးရဖွဲ့စည်းခြင်း စည်းမျဉ်းများနှင့် ဆက်နွှယ်သော နောက်ထပ်ဒီဇိုင်းကိစ္စများ

### လွှတ်တော်နှစ်ရပ်ရှိသော စနစ်မှ ပါလီမန်ဒီမိုကရေစီ

လွှတ်တော်နှစ်ရပ်ရှိသော စနစ်တွင် အစိုးရရွေးချယ်ခြင်း (ဖယ်ရှားခြင်း) အတွက် အောက်လွှတ်တော်တွင်သာ လုပ်ပိုင်ခွင့်အပြည့်ရှိသည်။ အထက်လွှတ်တော်ကို ဤလုပ်ငန်းတွင် မပါဝင်စေတတ်ပေ။ အခြေအနေအများစုတွင် အောက်လွှတ်တော်သည် လူဦးရေအခြေခံဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် အောက်လွှတ်တော်တွင် ဒီမိုကရေစီနည်းကျ လုပ်ပိုင်ခွင့် ရှင်းရှင်းလင်းလင်း ရှိသည်။ ဆန့်ကျင်ဘက်အားဖြင့် အထက်လွှတ်တော်သည် အများအားဖြင့် ဒေသတွင်း၊ ပြည်နယ်တွင်း လွှတ်တော်များမှတဆင့် သွယ်ဝိုက်၍ ခန့်အပ်ခံရသည်။ သို့မဟုတ် ဒီမိုကရေစီအရ တရားဝင်မှုနည်းသော နည်းလမ်းများဖြင့် ရွေးချယ်တတ်သည်။ ဥပမာ လူဦးရေအခြေခံခြင်းထက် နယ်မြေကိုအခြေခံ၍ ရွေးချယ်ခြင်း။

သို့သော် အစဉ်အလာ သဘောတူညီမှုများ အပေါ်တွင်သာ အခြေခံသော ပါလီမန်စနစ်ကျင့်သုံးသည့် တိုင်းပြည်များတွင် နိုင်ငံတော်အကြီးအကဲ၊ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့နှင့် လွှတ်တော်များအကြား နိုင်ငံရေးအရ ဆက်ဆံရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှင်းလင်းတိကျစွာ ဖော်ပြမထားပေ။ အထက်လွှတ်တော်၏ အာဏာနှင့်ပတ်သက်၍ မရှင်းလင်းမှုများ၊ သဘောမတူမှုများ

ရှိနိုင်သည်။ ၁၉၇၅ ခုနှစ် ဩစတေးလျတွင် ဂို့ရ်ျ ဝစ်လမ်အစိုးရအား ဘက်ဂျက်အတွက် လွှတ်တော်၏ အတည်ပြုချက်ကို မရယူနိုင်သောကြောင့် ဘုရင်ခံချုပ် ဆာ ဂျွန်ကားမှ ထုတ်ပယ်ခဲ့သည်။ ဘဏ္ဍာငွေ ရရှိအောင် မစွမ်းဆောင်နိုင်သည့် အစိုးရသည် အုပ်ချုပ်၍မရနိုင်ဟု ဂျွန်ကားက ဆိုခဲ့သည်။ ထို့ အတွက်ကြောင့် လွှတ်တော်တွင်အစိုးရအားထုတ်ပယ်နိုင်သည့် လုပ်နိုင်စွမ်းရှိသည်ဟူသော အခြေခံ မှုကို လက်တွေ့ကျင့်သုံးရာ ရောက်သည် ။

ထိုသို့သော မရှင်းလင်းမှုများကိုရှောင်ရှားရန် အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အစိုးရ သည် (အယုံအကြည် ရရှိအောင် ဆောင်ရွက်ခြင်းဖြင့်) အောက်လွှတ်တော်ကိုသာ တာဝန်ခံရမည်ဟု ဖော်ပြထားသည်။ သို့သော်လည်း အထက်လွှတ်တော်၏ အရေးကြီးသော တာဝန်များဖြစ်သည့် အစိုးရအားစောင့်ကြည့်ခြင်း၊ အစိုးရဖယ်ရှားခြင်းအထိ ဖြစ်ပေါ်စေနိုင်သည့် တာဝန်ယူမှု၊တာဝန်ခံမှု သေချာစေခြင်း အစရှိသည့် တာဝန်များကို ပစ်ပယ်မထားပေ။ ဥပမာ - အိန္ဒိယ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် အစိုးရသည် လောကသဘာဟုခေါ်သည့် အောက်လွှတ်တော်ကို တာဝန်ခံရမည်ဟု တိတိ ကျကျဖော်ပြထားသည်။ သွယ်ဝိုက်သောအားဖြင့် ရာဇသဘာ (အထက်လွှတ်တော်) ကို တာဝန်ခံ ရန်မလိုဟု အသိအမှတ်ပြုခြင်းဖြစ်သည်။ ထိုသို့ အစိုးရမှ အောက်လွှတ်တော်ကိုသာ တာဝန်ခံရခြင်း အား နောက်ထပ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှစ်ခုဖြင့် အားဖြည့်ထားသည်။ ပထမတစ်ခုမှာ လွှတ်တော်နှစ်ရပ်အကြားတွင် ဥပဒေပြုရေးဆိုင်ရာ အငြင်းပွားမှုများရှိခဲ့လျှင် လွှတ်တော်နှစ်ရပ်ပူး ပေါင်းအစည်းအဝေး (joint session) ဖြင့် ဖြေရှင်းနိုင်သည့် အကြပ်အတည်းဖြေရှင်းရေး ယန္တရား တစ်ခုဖြစ်သည်။ ဒုတိယတစ်ခုမှာ အထက်လွှတ်တော်တွင် (အခွန်၊ အသုံးစရိတ် အစရှိသည့်) ငွေ ကြေးဆိုင်ရာဥပဒေများကို ကန့်သတ်ပြဋ္ဌာန်းထားပြီး အောက်လွှတ်တော်အား ထိုဥပဒေများနှင့် ပတ် သက်၍ အပြီးသတ်ဆုံးဖြတ်ပိုင်ခွင့် အပြည့်အဝပေးထားခြင်းဖြစ်သည်။ အဆိုပါ အိန္ဒိယနိုင်ငံဖွဲ့စည်း ပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များမှာ ဩစတေးလျနိုင်ငံတွင်ဖြစ်ခဲ့ဖူးသည့် အထက်လွှတ်တော်က ဘဏ္ဍာငွေများကို ထိန်းချုပ်ခြင်းဖြင့် အစိုးရကိုအကြပ်အတည်းတွန်းပို့ခြင်းမျိုး မဖြစ်စေရန်ဖြစ်သည်။ ဤနည်းဖြင့်ဖက်ဒရယ်နိုင်ငံတစ်ခုရှိလွှတ်တော်နှစ်ရပ်ထားရှိသည့်စနစ်ကိုပါလီမန်ဒီမိုကရေစီစနစ်နှင့် သဟဇာတဖြစ်စေသည်။

အခြားတစ်ဖက်၌ နိုင်ငံတချို့တွင် အစိုးရသည် လွှတ်တော်နှစ်ရပ်လုံးကို တာဝန်ခံရန် ဖော်ပြ ထားသည်။ ၁၉၄၆ ခုနှစ် အီတလီ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နမူနာတစ်ခု ဖြစ်သည်။ အီတလီ အစိုးရ များစွာသည် အထက်လွှတ်တော်၏ ဆန့်ကျင်မဲပေးမှုကြောင့် ရာထူးနုတ်ထွက်ခဲ့ရသည်။ သို့သော် လည်း လွှတ်တော်နှစ်ရပ်လုံးသို့ တာဝန်ခံရခြင်းသည် တစ်ဆင့်နိမ့်သည့် အစီအစဉ်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အစိုးရတည်ထောင်ရန်ခက်ခဲစေပြီး ဖယ်ရှားရန်လွယ်ကူနေခြင်း ကြောင့် အုပ်ချုပ်ရေးမဏ္ဍိုင်တည်ငြိမ်မှုကို အားနည်းစေနိုင်သည်။

## စဉ်းစားရန် အချက် (၂)

ဒုတိယ လွှတ်တော် ရှိနေပြီး အစိုးရ ဖွဲ့စည်းခြင်း၊ ဖယ်ရှားခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ တာဝန်လည်းရှိခဲ့လျှင် မည်သည့်ကဏ္ဍမှ ဖြစ်သင့်သလဲ။ နိုင်ငံရေး စနစ်တစ်ခုလုံးတွင်ရှိသော ထိုလွှတ်တော်၏ အနေအထားနှင့် မည်သို့ဆက်နွှယ်နိုင်မလဲ။ အကယ်၍ ထိုဒုတိယလွှတ်တော် သည် ဖက်ဒရယ်နိုင်ငံတစ်ခု၏ ပြည်နယ်များကို ညီတူညီမျှ ကိုယ်စားပြုနေလျှင် အစိုးရအနေနှင့် ထိုလွှတ်တော်ကို တာဝန်ခံခြင်းသည် သင့်တော်ပါသလား။ (ပြည်နယ်အငယ်များသည် ပို၍ ကိုယ်စားပြုမှုရပြီး ပြည်နယ်အကြီးများက ကိုယ်စားပြုမှုနည်းနေနိုင်သောကြောင့်) လွှတ်တော် တွင်း နေရာအများစုရထားသူများသည် နိုင်ငံအတွင်းရှိလူအများစုနှင့် မတူညီကြလျှင်ပင် အစိုးရ အနေဖြင့် ထိုဒုတိယလွှတ်တော်ကိုသာ တာဝန်ခံသင့်ပါသလား။ ထိုသို့ဆိုလျှင် ဒီမိုကရေစီအရ လက်သင့်ခံနိုင်စရာ ရှိပါသလား။

ဒုတိယလွှတ်တော်သည် ခန့်အပ်ခံ သို့မဟုတ် သွယ်ဝိုက်ရွေးကောက်ခံရခြင်းဖြစ်လျှင် အစိုးရ ဖွဲ့စည်းခြင်း၊ ထုတ်ပယ်ခြင်းကိစ္စတွင်ပါဝင်သင့်ပါသလား။ အခြားသောအပြန်အလှန် ထိန်း ကျောင်းသည့် လုပ်ငန်းများ၊ ဆန်းစစ်သည့် တာဝန်များတွင်သာ တာဝန်ကန့်သတ်သင့်ပါသလား။ အကယ်၍ ပါဝင်မည်ဆိုလျှင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ စာသားများသည် ရှင်းရှင်းလင်း လင်းရှိပါသလား။ အနာဂတ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကြပ်အတည်းကို ဖြစ်စေနိုင်သော သံသယဖြစ်ဖွယ်၊ မရှင်းလင်းသော အဓိပ္ပာယ်ကောက် ကွဲပြားခြင်းများ ဖြစ်နိုင်ချေ ရှိပါသလား။

## အများစုဖြစ်ရန် လိုအပ်ချက်များ (Majority requirements)

အစိုးရ ရာထူးရယူရန် အများစုထောက်ခံမှု လိုအပ်သည့်ပမာဏသည် အမျိုးမျိုးဖြစ်နိုင်သည်။ ထက်ဝက်ကျော်ဆန္ဒမဲ absolute majority (မဲပေးခွင့်ရှိသည့် မဲအားလုံး၏ ၅၀ ရာနှုန်းနှင့် တစ်မဲ)၊ တက်ရောက်မဲပေးသူ အားလုံး၏ အများစု (၅၀ ရာခိုင်နှုန်းနှင့်တစ်မဲ)၊ သာမန်အများစုဆန္ဒမဲ simple majority (ကန့်ကွက်မဲထက် ထောက်ခံမဲပိုများခြင်း သို့မဟုတ် အခြားသော ယှဉ်ပြိုင်ဘက်ထက် မဲအသာရခြင်း) ဟူ၍ ရှိနိုင်သည်။

ယေဘုယျစည်းမျဉ်းတစ်ခုအနေနှင့် နားလည်နိုင်သည်မှာ အစိုးရဖွဲ့ရန် ထက်ဝက်ကျော်အများစု ထောက်ခံမှု လိုအပ်ခြင်းသည် အစိုးရဖွဲ့သည့် လုပ်ငန်းစဉ်ကို ပို၍ခက်ခဲစေသည်။ ပါတီအများစုရှိ သည့် ရှုပ်ထွေးသည့်စနစ်တွင် တရားဝင်ညွန့်ပေါင်းဖွဲ့ရန် ဆွေးနွေးညှိနှိုင်းခြင်းများ လိုအပ်နိုင်သည်။ အခြားတစ်ဖက်တွင်လည်း ရိုးရိုးအများစု ထောက်ခံမှုသာလိုအပ်ပါက လူနည်းစုထောက်ခံသည့် အစိုးရဖွဲ့စေရန် အားပေးသလို ဖြစ်နိုင်သည်။ ထိုအစိုးရများက ဥပဒေပြုရေး ကိစ္စအလိုက် အခြားပါတီ များနှင့် အလျှင်းသင့်သလို အပေးအယူ ပြုလုပ်ကြရသည်။

အများစုထောက်ခံခြင်း စည်းမျဉ်းများအား လျှော့ချပေးခြင်းသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အားပေးသည့် နည်းလမ်းအဖြစ် အသုံးပြုနိုင်သည်။ ဥပမာ စပိန်တွင် ဝန်ကြီးချုပ်လောင်းလျာအား

အတည်ပြုရန် ပထမဆုံးအကြိမ်တွင် လွှတ်တော်၏ ယတိပြတ် အများစုထောက်ခံမှု လိုအပ်သည်။ အကယ်၍ မရှိခဲ့လျှင် ၄၈ နာရီ ကြာပြီးနောက် ဒုတိယအကြိမ် မဲပေးခြင်းပြုလုပ်၍ သာမန်အများစု ထောက်ခံမှုဖြင့်သာ ဆုံးဖြတ်သည်။

## ပွင့်လင်းစွာ မဲပေးခြင်း သို့မဟုတ် လျှို့ဝှက်မဲပေးခြင်း

အချို့သော တိုင်းပြည်များတွင် ဝန်ကြီးချုပ်အား လျှို့ဝှက်မဲပေးနည်းဖြင့် ရွေးကောက်ခြင်းအား ခွင့်ပြုသည်။ သို့သော် ပွင့်လင်းစွာ မဲပေးခြင်းဖြင့် ရွေးကောက်ခြင်းသည်သာ ပုံမှန်လုပ်ရိုးလုပ်စဉ် ဖြစ်သည်။ (ဥပမာ - အမည်ခေါ်ခြင်း သို့မဟုတ် မှတ်တမ်းတင်မဲခွဲခြင်း) ဤသို့ ပွင့်လင်းစွာ မဲပေးရခြင်း များအား ပါတီ၏ထိန်းချုပ်မောင်းနှင်မှုက မလွဲမရှောင်သာ နောက်ခံပြုထားရသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ အလွန်အရေးကြီးပြီး အမှားအယွင်းမခံနိုင်သည့် မဲခွဲမှုမျိုးတွင် လွှတ်တော်ကိုယ်စား လှယ်များသည် ပါတီခေါင်းဆောင် သို့မဟုတ် ပါတီဦးဆောင်အဖွဲ့၏ လမ်းညွှန်ချက်အတိုင်း မဲပေးရန် လိုအပ်သည်။ ဤသို့သော ပါတီစည်းကမ်းသည် ပါလီမန် အစိုးရအားနည်းလမ်းနှစ်မျိုးဖြင့် အသက် ဝင်စေရန် ကူညီသည်။ ပထမနည်းလမ်းမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းနှင့် ညှိနှိုင်းနေစရာ မလိုတော့ဘဲ စုစုစည်းစည်းရှိသောအဖွဲ့အဖြစ် ပါတီတစ်ခုနှင့် တစ်ခုကြား သဘောတူညီမှုဖြင့်သာ အစိုးရဖွဲ့နိုင်သည်။ ဒုတိယနည်းလမ်းမှာ အုပ်ချုပ်ရေးမဏ္ဍိုင်တည်ငြိမ်မှုကို ကူညီပေးသည်။ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးချင်း၏ မိမိတို့ ပါတီခေါင်းဆောင်မှုကို တာဝန်မဲ့စွာဆန့်ကျင်ပြီး မဲပေးခြင်း သို့မဟုတ် ဆန္ဒပြသည့်အနေဖြင့် ဆန့်ကျင်မဲပေးခြင်းတို့ကို တားဆီးပြီးသားဖြစ်စေသည်။ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးချင်းသည် အကြောင်းပြချက်ခိုင်မာပြီး မိမိတို့လုပ်ရပ်အတွက် တာဝန်ယူနိုင်မှ သာလျှင် ဆန့်ကျင်မဲပေးမည် ဖြစ်သည်။

## အချိန်အကန့်အသတ်များနှင့် အကြပ်အတည်းကျော်လွှားရေး ယန္တရားများ

ဖွဲ့စည်းပုံအခြေခံဥပဒေ အများစုတွင် အစိုးရဖွဲ့စည်းခြင်းအတွက် အချိန်အကန့်အသတ်တစ်ခု ထည့်သွင်းထားသည်။ အချိန်အကန့်အသတ်ကျော်သည်အထိ အစိုးရမဖွဲ့နိုင်ပါက (လွှတ်တော် ဖျက်သိမ်းခြင်း ကဲ့သို့သော) အကြပ်အတည်းကျော်လွှားရေး ယန္တရားများကို စတင်အသုံးပြုနိုင်သည်။ လွှတ်တော်ဖျက်သိမ်းရမည့် အန္တရာယ်သည် (ရွေးကောက်ပွဲတစ်ခုအပြီး သိပ်မကြာခင် နောက်ထပ် ရွေးကောက်ပွဲတစ်ခု ဝင်ရောက်ယှဉ်ပြိုင်ရန် တွန့်ဆုတ်နေကြသော၊ မလိုအပ်သော နှောင့်နှေးမှုများ သို့မဟုတ် မသေချာမှုများ ဖြစ်ပေါ်လာခြင်းအတွက် အပြစ်တင်မခံလိုကြသော) နိုင်ငံရေးပါတီများအား သဘောတူညီမှုရအောင်နှင့် အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်အောင် တွန်းအားပေးနိုင်သည်။

- စပိန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'ပထဆုံးအကြိမ် ရွေးကောက်တင်မြှောက်သည့် မဲခွဲ ဆုံးဖြတ်အပြီး နှစ်လအတွင်း လွှတ်တော်၏ထောက်ခံမှုကို မည်သည့် (ဝန်ကြီးချုပ်) ကိုယ် စားလှယ်လောင်းကမျှ မရရှိပါက အထက်လွှတ်တော် ဥက္ကဋ္ဌက ထပ်ဆင့်လက်မှတ်ရေးထိုး ထောက်ခံမှုဖြင့် ဘုရင်သည် လွှတ်တော်နှစ်ရပ်လုံးကိုဖျက်သိမ်းကာ ရွေးကောက်ပွဲခေါ်ယူ မည်" ဟု ဖော်ပြထားသည် (ပုဒ်မ ၉၉) ။

ယခုကဲ့သို့ အချိန်ကန့်သတ်ခြင်းသည် ရက်သတ္တပတ်အနည်းငယ်မှ လပေါင်းများစွာ ကြာမြင့်သည်အထိ အမျိုးမျိုးရှိတတ်သည်။ အချိန် စတင်သတ်မှတ်ရာတွင်လည်း ရွေးကောက်ပွဲ စတင်သည့်နေ့မှ စတင်သတ်မှတ်ခြင်းရှိသလို အစိုးရဟောင်း နုတ်ထွက်သွားသည့်နေ့မှ စတင် သတ်မှတ်သည်လည်းရှိသည်။ အချိန်ကန့်သတ်ရာတွင် အောက်ပါတို့ အပြန်အလှန်ဟန်ချက်ညီစေရန် လိုအပ်သည်။ (က) အားနည်းချက်များ မဖြစ်စေရန် လုပ်ငန်းစဉ်ကို မလိုအပ်ဘဲ မြန်မြန်အဆုံးမသတ်ခြင်းနှင့် ဝန်ကြီးချုပ် လစ်လပ်ကာလ ကြာချိန်ကြောင့် မတည်မငြိမ်ဖြစ်နိုင်မှု (ခ) တည်ငြိမ်ရှင်သန်နိုင်သော ညွန့်ပေါင်းအစိုးရ ဖြစ်ပေါ်လာရန် ညှိနှိုင်းရခြင်းသည် အချိန်ကြာသည် ဆိုသည့်အချက်နှင့် မလိုအပ်သော ကြာချိန်များကို ရှောင်ရှားသင့်သည် ဆိုသောအချက်။ အချိန်အကန့်သတ်သည် တိုလွန်းသော၊ တင်းကြပ်လွန်းသောကြောင့် အစိုးရဖွဲ့သည့် လုပ်ငန်းစဉ်ကို မြန်မြန်လုပ်ရမည်ဟူ၍လည်း အကြံမပြုသင့်ပေ။

အချို့သော အခြေအနေများတွင် အချိန်အတိအကျ ကန့်သတ်မထားပေ။ လွှတ်တော်ဖျက်သိမ်းမလား၊ မည်သည့်အချိန်တွင် ဖျက်သိမ်းမလဲ ဆိုသည့်မေးခွန်းကို နိုင်ငံတော်အကြီးအကဲ၏ လုပ်ပိုင်ခွင့်အဖြစ် ထားရှိနိုင်သည်။ ဤနည်းလမ်းသည် ပို၍ပျော့ပျောင်းသည်။ သို့သော်လည်း နိုင်ငံတော်အကြီးအကဲအား အလွန်အကျွံလွှမ်းမိုးခွင့် ပြုလိုက်သလို ဖြစ်နိုင်သည်။

- မော်လ်တာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'ဝန်ကြီးချုပ်ရာထူး လစ်လပ်လျှင်၊ သင့်တော်သော အချိန်အတွင်း အောက်လွှတ်တော်၏ အများစုထောက်ခံမှုကို ရရှိနိုင်သော လူပုဂ္ဂိုလ်တစ်ဦးအား ခန့်အပ်ရန်မဖြစ်နိုင်ဟု ယူဆပါက သမ္မတသည် လွှတ်တော်ကို ဖျက်သိမ်းနိုင်သည်' ဟု ဖော်ပြထားသည်။ ဤအာဏာသည် "သီးသန့်အခွင့်အာဏာ" ဖြစ်ပြီး သမ္မတမှ ၎င်းကိုယ်ပိုင်ဆန္ဒဖြင့် ဝန်ကြီးချုပ်၏ အကြံပြုချက်အတိုင်း လိုက်နာစရာမလိုဘဲ ကျင့်သုံးနိုင်သည်ဟု တိတိကျကျပြဋ္ဌာန်းထားခြင်း ဖြစ်သည် (ပုဒ်မ ၇၆) ။

ဖြစ်နိုင်ချေတစ်ခုမှာ နိုင်ငံတော်အကြီးအကဲမှ လိုအပ်လျှင် ထပ်တိုးပေးနိုင်သည့် အချိန်ကန့်သတ်ချက်တစ်ခုဖော်ပြရန်ဖြစ်သည်။ ဤနည်းသည် နိုင်ငံတော်အကြီးအကဲ၏ ဆန္ဒသဘောအတိုင်းပြုလုပ်ခြင်းကိုလည်း ကန့်သတ်ထားပြီး ပျော့ပျောင်းမှုလည်း အနည်းငယ် ရှိစေသည်။

- ခရိုအေးရှားတွင် သမ္မတက ဝန်ကြီးချုပ် အဆိုပြုသည်။ ဝန်ကြီးချုပ်သည် ရက်ပေါင်း ၃၀ အတွင်း အစိုးရဖွဲ့ရန်နှင့် လွှတ်တော်၌ ရွေးကောက်တင်မြှောက် မဲခွဲခြင်းခံယူရမည်။ ဤအကြိမ်တွင် မဲခွဲခြင်းမအောင်မြင်ခဲ့လျှင် သမ္မတသည် နောက်ထပ် ရက်ပေါင်း ၃၀ တိုးမြှင့်ပေးရန် ဆုံးဖြတ်နိုင်သည် (ပုဒ်မ ၁၀၉-၁၂)။

နောက်ထပ် ရွေးချယ်စရာနည်းလမ်းတစ်ခုမှာ အစိုးရဖွဲ့စည်းသည့် အချိန်ကန့်သတ်ချက်အစား အကြိမ်ရေ ကန့်သတ်ချက်ထည့်သွင်းခြင်း ဖြစ်သည်။ ဥပမာ လွှတ်တော်က ဝန်ကြီးချုပ်ရွေးကောက်တင်မြှောက်သည့် တိုင်းပြည်တစ်ခုတွင် မဲခွဲသည့်အကြိမ်ရေ ကန့်သတ်ထားနိုင်သည်။ ထိုအကြိမ်ရေ

အတွင်းမှ အများစုထောက်ခံသည့် ကိုယ်စားလှယ်လောင်း မရရှိလျှင် လွှတ်တော်ကိုဖျက်သိမ်းရန် လိုအပ်မည်။ ဤနည်းလမ်းသည် ပို၍ညင်သာ ပျော့ပျောင်းသည့် အချိန်ကန့်သတ်ချက်ကို ဖြစ်စေသည်။ နေ့ရက်ကန့်သတ်ချက်ထက် အကြိမ်ရေကိုသာ ရေတွက်သည်ဖြစ်ရာ အောင်မြင်မှုရှိနိုင်သည့် အချိန်အထိ အချိန်ယူခြင်းပြီးမှ မဲခွဲခြင်းမျိုး ရှိနိုင်သည်။

- ဆွီဒင်၌ 'လွှတ်တော်ဥက္ကဋ္ဌ၏ အဆိုပြုမှုကို လွှတ်တော်မှ လေးကြိမ်အထိ ပယ်ချပါက ဝန်ကြီးချုပ် ခန့်အပ်ခြင်း လုပ်ငန်းစဉ်အား ရပ်တန့်သည်။ လွှတ်တော်ရွေးကောက်ပွဲ ကျင်းပပြီးမှ ပြန်လည်ဆောင်ရွက်မည်။ သုံးလအတွင်း ကျင်းပမြဲ ရွေးကောက်ပွဲမရှိပါက အလားတူ အချိန်ကာလအတွင်း ထူးခြားရွေးကောက်ပွဲကျင်းပရမည်' ဟု ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည် (အခန်း ၆၊ ပုဒ်မ ၅)။

နောက်ဆုံး အကြပ်အတည်း ကျော်လွှားနည်းမှာ အစိုးရဖွဲ့စည်းသည့် ပုံစံတစ်ခုမှ နောက်တစ်ခုသို့ ပြောင်းလဲအသုံးပြုခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ကနဦးစည်းမျဉ်းမှာ လွှတ်တော်က ဝန်ကြီးချုပ်ရွေးကောက်တင်မြှောက်ခြင်းဖြစ်လျှင် ရွေးကောက်ပွဲကိုရှောင်လွှဲရန် နိုင်ငံတော်အကြီးအကဲအား ၎င်းဆန္ဒသဘောအတိုင်း ခန့်အပ်ခွင့်ပြုထားနိုင်သည်။ ပြောင်းပြန်အားဖြင့် နိုင်ငံတော်အကြီးအကဲမှ အဆိုပြုလိုက်သည့် ကိုယ်စားလှယ်လောင်းသည် လွှတ်တော်၏ အတည်ပြုချက်ကို လိုအပ်သောစည်းမျဉ်းများရှိလျှင် အကြပ်အတည်း ဖြေရှင်းရေးနည်းလမ်းအဖြစ် လွှတ်တော်သည် ၎င်းတို့ ကိုယ်တိုင် ကိုယ်စားလှယ်လောင်းတစ်ယောက် ရွေးချယ်ရန် ခွင့်ပြုခြင်း ဖြစ်သည်။

## အစိုးရဖယ်ရှားခြင်းအတွက် နောက်ထပ်စည်းမျဉ်းများ

### ဘက်ဂျက် သို့မဟုတ် ဥပဒေတစ်ခု အတည်ပြုမခံရခြင်းကြောင့် ဖယ်ရှားခြင်း

အစိုးရတစ်ရပ်အား ဖယ်ရှားရန် သမားရိုးကျ အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်ခြင်း အမြဲတမ်း မလိုအပ်ပေ။ ဖြစ်ရပ်များစွာတွင် အစိုးရတင်ပြလာသည့် ဘက်ဂျက်ဥပဒေကြမ်းကို လွှတ်တော်တွင် အတည်ပြုရန် ရှုံးနိမ့်ခြင်းမျှပင် (အများအားဖြင့် အစဉ်အလာ သဘောတူညီချက်များတွင် ဖြစ်ပြီး တခါတရံ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ တိကျသောစည်းမျဉ်းများအရ)အယုံအကြည်မရှိဟု ယူဆခံရနိုင်သည်။ အကြောင်းမှာ အခွန်ဘဏ္ဍာများကောက်ခံပြီး အရင်းမြစ်မရရှိနိုင်သော အစိုးရတစ်ရပ်သည် မအုပ်ချုပ်နိုင်သောကြောင့်ဖြစ်ပြီး ဖြစ်ရပ်အများစုတွင် စွမ်းဆောင်နိုင်သောအစိုးရအတွက် လမ်းဖွင့်ပေးရသည်။ ဤနည်းလမ်းများအားဖြင့် သမ္မတ-လွှတ်တော်စနစ်တွင် တွေ့ရသော (ဘဏ္ဍာငွေ မရှိသောကြောင့်) အစိုးရယန္တရား ရပ်ဆိုင်းခြင်းမျိုးကို ပါလီမန်ဒီမိုကရေစီစနစ်တွင် ရှောင်လွှဲနိုင်သည်။

- ဂျော်ဂျီယာ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် 'ဘဏ္ဍာနှစ်သစ် စပြီးပြီးချင်း နှစ်လအတွင်း နိုင်ငံတော်ဘက်ဂျက်ကို လွှတ်တော်မှ အတည်ပြုရန် ပျက်ကွက်လျှင်၊ ဤပျက်ကွက်မှုသည် အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်သင့်သလား ဟူသည့်မေးခွန်းကို ဖြစ်ပေါ်စေသည်။ (သတ်

မှတ် ထားသည့် အချိန်ကာလအတွင်း) လွှတ်တော်မှ အစိုးရအား အယုံအကြည်မရှိ မဲခွဲမဆုံးဖြတ်ပေးနိုင်လျှင် သမ္မတသည် ထိုသတ်မှတ်ကာလ ကုန်ဆုံးပြီး သုံးရက်ကြာသော အခါ လွှတ်တော်ကိုဖျက်သိမ်းနိုင်ပြီး ထူးခြားရွေးကောက်ပွဲ (extraordinary elections) ခေါ်ယူမည်' ဟု ဖော်ပြထား သည် (ပုဒ်မ ၉၃)။

အချို့သော ဖြစ်ရပ်များတွင် ယုံကြည်မှုရယူသည့်အနေဖြင့် ဥပဒေကြမ်းတစ်ခု သို့မဟုတ် မူဝါဒ ကြေငြာချက်တစ်ခုကို ကြေငြာနိုင်သည်။ ထိုဥပဒေကြမ်း သို့မဟုတ် မူဝါဒကို လွှတ်တော်မှ ငြင်းပယ် လျှင် ယုံကြည်ထောက်ခံမှုမရှိဟု အစိုးရမှယူဆမည်ဖြစ်သည်။ ဤပုံစံသည် အစဉ်အလာ သဘော တူညီမှုများတွင်သာ ပါဝင်မည်ဖြစ်သည်။ သို့သော်လည်း အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဖော်ပြထားသည်များလည်း ရှိသည်။

- ဥပမာအားဖြင့် အက်စတိုးနီးယား၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'သမ္မတနိုင်ငံတော် အစိုးရသည် လွှတ်တော်သို့ ၎င်းတို့တင်သွင်းသည့် ဥပဒေကြမ်းသည် အယုံအကြည်ရှိခြင်း ကိစ္စနှင့် စည်းနှောင်ထားရမည်။ ဥပဒေကြမ်းသည် အများစုထောက်ခံမှုရရှိမည်ဟု မျှော် လင့်နိုင်ပြီးနောက် ဒုတိယနေ့ထက်စောလျှင်၍ မဲခွဲခြင်းမပြုလုပ်ရ။ ဥပဒေကြမ်း အတည် မဖြစ်လျှင် အစိုးရနုတ်ထွက်ရမည်' ဟု ပြဋ္ဌာန်းထားသည် (ပုဒ်မ ၉၈) ။

## အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်ခြင်းအတွက် လိုအပ်သောအများစု

အစိုးရဖြုတ်ချရာတွင် ထောက်ခံမဲအမျိုးမျိုး လိုအပ်သလိုပင် အစိုးရဖွဲ့စည်းရာတွင် လိုအပ်သည့် အများစု ထောက်ခံမဲပမာဏသည် အမျိုးမျိုး ဖြစ်နိုင်သည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းများသည် အစိုးရဖယ်ရှားရန် အလွန်လွယ်ကူပါက မတည် ငြိမ်မှုကို ဖြစ်စေနိုင်သည်။ မတည်ငြိမ်မှု မဖြစ်ပေါ်စေရန် အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်ခြင်း ကို အလွန်တင်းကြပ်ပြီး သတ်မှတ်ထားသည့် နည်းလမ်းများဖြင့်သာ ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်အမျိုးမျိုး ထည့်သွင်းထားနိုင်သည်။ ကြိုတင် တရားဝင်အသိပေးကြေငြာပြီးမှ ဆောင်ရွက်ခြင်း၊ မဲခွဲရန် အနည်းဆုံး တက်ရောက်ရမည့် အရေအတွက်သတ်မှတ်ထားခြင်း၊ အမည်ခေါ်ခြင်းဖြင့် မဲပေးစေခြင်း၊ ထက်ဝက်ကျော်အများစုဆန္ဒမဲ (မဲပေးနိုင်သည့် အရေ အတွက်၏ ၅၀ ရာနှုန်းကျော်) ထောက်ခံရန်လိုအပ်စေခြင်း၊ ခေါင်းဆောင်ပြောင်းလဲရန်သာ အယုံအကြည်ရှိ မရှိ မဲခွဲဆုံးဖြတ်ခြင်း စသည်တို့ဖြစ်သည် (အောက်တွင်အသေးစိတ်ကြည့်)။
- အစိုးရ ဖယ်ရှားရေးသည် အလွန်ခက်ခဲပါက အစိုးရ၏ လွှတ်တော်သို့ တာဝန်ခံခြင်းသည် အားနည်းသွားမည်။ ထက်ဝက်ကျော် အများစုထောက်ခံခြင်းထက် ပို၍လိုအပ်ပါက ပါလီမန် ဒီမိုကရေစီစနစ်၏ အခြေခံမှုကို ဖောက်ဖျက်ခြင်းအဖြစ် ရှုမြင်နိုင်သည်။
- ယေဘုယျအားဖြင့် အစိုးရ ဖယ်ရှားရန်လွယ်ကူပြီး အစိုးရအသစ် ဖွဲ့စည်းရန် ခက်ခဲခြင်းကို ရှောင်ရှားသင့်သည်။ အဘယ်ကြောင့်ဆိုသော် ရှေ့မတိုး နောက်မဆုတ်သာ အခြေအနေ

နှင့် မတည်ငြိမ်မှုများကို ဖြစ်စေသောကြောင့် ဖြစ်သည်။ ဥပမာ - ဝန်ကြီးချုပ် အဆိုပြုရန် သာမန်အများစုဆန္ဒမဲ (ကန့်ကွက်မဲထက် ထောက်ခံမဲပိုများခြင်း) ရရှိရန် လိုအပ်ပြီး ဝန်ကြီးချုပ်ဖယ်ရှားရန် လိုအပ်ခြင်းသည် သဘာဝကျသည်။ သို့သော် ပြောင်းပြန်ဆိုလျှင်တော့ သဘာဝမကျတော့ဘဲ မတည်ငြိမ်မှု ဖြစ်စေနိုင်သည်။

## အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းအပေါ် ကန့်သတ်မှုများ

အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အယုံအကြည်မရှိ မဲခွဲခြင်းကို လုပ်ထုံးလုပ်နည်း အမျိုးမျိုးဖြင့် ကန့်သတ်ထားသည်။ ပထမဆုံးအချက်အဖြစ် အယုံအကြည်မရှိအဆို မဲမခွဲမီ အနည်းဆုံးကြိုတင် အသိပေးရန် သတ်မှတ်ရက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ လိုအပ်ခြင်းဖြစ်သည်။ ဘယ်ဂျီယံ (ပုဒ်မ ၄၆) တွင် 'အယုံအကြည် ရှိ၊ မရှိ မဲခွဲဆုံးဖြတ်ခြင်းကို အဆိုတင်သွင်းပြီး အနည်းဆုံး ၄၈ နာရီကြာပြီးမှ ပြုလုပ်ခွင့်ရှိသည်။' အီတလီ (ပုဒ်မ ၉၄) တွင်မူ 'အယုံအကြည်မရှိ မဲခွဲခြင်းကို အဆိုတင်သွင်းပြီး သုံးရက်ထက်စော၍ မပြုလုပ်ရ' ဟု ဖော်ပြသည်။ ဤပြဋ္ဌာန်းချက်များသည် လွှတ်တော်ကိုယ်စားလှယ်များမှ ကြိုတင်အသိမပေးဘဲ ရုတ်တရက်မဲခွဲခြင်းဖြင့် အစိုးရဖြုတ်ချ၍ မရနိုင်အောင် ကာကွယ်ပေးထားသည်။ ဤကဲ့သို့သော ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မပါဝင်လျှင်တောင်မှ လွှတ်တော်တည်မြဲအမိန့်များတွင် ပါဝင်ကြသည်သာ ဖြစ်သည်။

ဒုတိယ လုပ်ထုံးလုပ်နည်းတစ်ခုမှာ အယုံအကြည်မရှိ အဆိုတင်သွင်းရန် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်တစ်ခု စုပေါင်းပြီးမှတင်သွင်းခွင့်ရခြင်း ဖြစ်သည်။ ဤနည်းဖြင့် အယုံအကြည်မရှိ အဆို မဲခွဲခြင်းအတွက် လွှတ်တော်၏ ကျယ်ပြန့်သောထောက်ခံမှုရှိကြောင်း သက်သေပြနိုင်စေရန် ဖြစ်သည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် အနည်းငယ်လောက်က တာဝန်မဲ့စွာဖြင့် အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းကို မပြုလုပ်နိုင်ရန် ကန့်သတ်ပြီးသား ဖြစ်သွားသည်။ အီတလီတွင် လွှတ်တော်ကိုယ်စားလှယ် ဆယ်ပုံတစ်ပုံက အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းကို (ပုဒ်မ ၉၄ အရ) ထောက်ခံရမည်ဖြစ်ပြီး၊ ဘူဂေရီးယား (ပုဒ်မ ၈၉) တွင် ငါးပုံတစ်ပုံနှင့် ဆာဘီးယား (ပုဒ်မ ၁၃၀) တွင် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၅၀ အနက် ၆၀ မှ အသီးသီးထောက်ခံရန် လိုအပ်သည်။

တတိယ နည်းလမ်းမှာ အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်သည့် အကြိမ်ရေ ကန့်သတ်ခြင်းဖြစ်သည်။ အယုံအကြည်မရှိ အဆိုတင်သွင်းပြီး အတည်မဖြစ်ပါက သတ်မှတ်ကာလတစ်ခုအတွင်း နောက်ထပ် မပြုလုပ်နိုင်ရန် တားမြစ်ထားခြင်းဖြစ်သည်။ ထိုသို့တားမြစ်ခြင်းဖြင့် လက်တွေ့တွင် အစိုးရသည် လွှတ်တော်ထံတာဝန်ခံရခြင်းမှ ခေတ္တကင်းလွတ်ခွင့်ကာလ ရရှိစေသည်။ လူအများ အာရုံစိုက်မှုရရှိရန် သို့မဟုတ် လွှတ်တော်အတွင်း အများစုလွှမ်းမိုးသည့် အုပ်စုကို စိတ်အနှောင့်အယှက်ဖြစ်စေရန် အလို့ငှာ လူနည်းစုအုပ်စုများမှ အယုံအကြည်မရှိ မဲခွဲခွင့်ကို အလွဲသုံးစား မလုပ်စေခြင်းဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင် တည်ငြိမ်စေရန် ရည်ရွယ်သည်။

- ဘူဂေးရီးယားတွင် 'ဝန်ကြီးများ ကောင်စီအား အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်ခြင်းကို အမျိုးသားလွှတ်တော်မှ ငြင်းပယ်ပါက နောက်ထပ်ခြောက်လအတွင်း တူညီသော အကြောင်းပြချက်ဖြင့် အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်ခြင်းမပြုလုပ်စေရ' ဟု ဖော်ပြထားသည် (ပုဒ်မ ၈၉)။
- ခရိုအေးရှား၌လည်း 'အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်ခြင်းကို လွှတ်တော်မှ အတည်မပြုလျှင် အဆိုတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်များသည် ခြောက်လသက်တမ်း မကုန်မချင်း တူညီသောအဆို နောက်တစ်ကြိမ် တင်ခွင့်မရှိ' ဟု ပြဋ္ဌာန်းထားသည် (ပုဒ်မ ၁၁၆) ။

ဤကဲ့သို့ ပြဋ္ဌာန်းချက်များသည် အုပ်ချုပ်ရေးမဏ္ဍိုင် တည်ငြိမ်မှုကို အားကောင်းစေသော်လည်း နိုင်ငံရေးအရ တာဝန်ခံမှု ပျောက်ဆုံးနိုင်သည့် ဖြစ်နိုင်ချေ ဆိုးကျိုးကိုတော့ လစ်လျူမရှုသင့်ပေ။ အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်ခြင်းအား ကန့်သတ်ချက်များသည် အစိုးရသည် လွှတ်တော်အား တာဝန်ခံခြင်းကို ထိခိုက်စေကာ ပါလီမန်စနစ်ကို ပျက်ယွင်းစေနိုင်သည်။ ဥပမာ - နီပေါနိုင်ငံ၏ ၂၀၁၅ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဝန်ကြီးချုပ်ခန့်အပ်ပြီး ပထမ ၂ နှစ်ကာလအတွင်း သို့မဟုတ် ပထမ တစ်ကြိမ်မဲခွဲအပြီး တစ်နှစ်အတွင်းအယုံအကြည်မရှိ မဲခွဲဆုံးဖြတ်ခြင်းကို ခွင့်မပြုပေ။ ဤပြဋ္ဌာန်းချက်သည် အစိုးရတည်ငြိမ်အားကောင်းစေရန် ရည်ရွယ်သည်။ သို့သော် အစိုးရသည် လွှတ်တော်ရှိ အများစုကို အချိန်တိုင်း နိုင်ငံရေးအရ တာဝန်ခံနေရန်မလိုဟုလည်း ဆိုလိုသည်။ လက်တွေ့တွင် ပါလီမန်စနစ်အား "လွှတ်တော်-လွှတ်လပ်မှု" စနစ်တစ်ခုအဖြစ် အသွင်ပြောင်းကျင့်သုံးခြင်းဖြစ်သည် (ဤစနစ်တွင် အုပ်ချုပ်ရေးမဏ္ဍိုင်ကို လွှတ်တော်က ရွေးချယ်သည်။ သို့သော် ရွေးချယ်ခံရပြီးသည်နှင့် လွှတ်တော်ထောက်ခံမှုအပေါ် မှီခိုမထားပေ)။

## အစိုးရမှတောင်းဆိုသော အယုံအကြည်မရှိ မဲခွဲခြင်းများ

လွှတ်တော်၏ ထောက်ခံမှုရှိကြောင်း သက်သေပြရန်ကြိုးပမ်းချက်တစ်ရပ်အဖြစ် အယုံအကြည်ရှိမရှိ မဲခွဲဆုံးဖြတ်ရန် အစိုးရက စတင်တောင်းဆိုတတ်ကြသည်။ ၎င်းတို့၏ လုပ်ပိုင်ခွင့် အားကောင်းစေမည်ဟုယူဆ၍ ပြုလုပ်ခြင်းဖြစ်သည်။ လွှတ်တော်ရှေ့မှောက်သို့ အယုံအကြည် ရှိမရှိ မဲခွဲဆုံးဖြတ်ရန်တင်သွင်းခြင်းဖြင့် လွှတ်တော်က အစိုးရအားထောက်ခံရန် ဖိအားပေးခြင်း သို့မဟုတ် မထောက်ခံသည်ကို ပွင့်ပွင့်လင်းလင်း ကြေငြာစေခြင်းဖြစ်သည်။ ဤနည်းသည် အန္တရာယ်များသည့် နည်းနာဖြစ်သည်။ အယုံအကြည် ရှိမရှိအဆို ရှုံးနိမ့်ခဲ့လျှင် အစိုးရနုတ်ထွက်ရခြင်း၊ နောက်ဆုံး လွှတ်တော် ဖျက်သိမ်းရခြင်းနှင့် ရွေးကောက်ပွဲအသစ် ကျင်းပရခြင်းတို့အထိ ရောက်သွားနိုင်သည်။ သို့သော်လည်း အစိုးရ၏ သြဇာအာဏာနှင့် ဒီမိုကရေစီ လုပ်ပိုင်ခွင့်အား မေးခွန်းထုတ်လာကြသည့် အခြေအနေမျိုးတွင်(ဥပမာ အကြပ်အတည်းတစ်ခုအား တုံ့ပြန်ရာတွင် သို့မဟုတ် အရေးကြီးသည့် ဥပဒေ အတည်မပြုနိုင်သောအခါတွင်) ထောက်ခံမှုအား စုစည်းသည့် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်သည်။

## ခေါင်းဆောင်ပြောင်းလဲရန် အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်ခြင်း

ခေါင်းဆောင်ပြောင်းလဲရန် အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်ခြင်းသည် ဝန်ကြီးချုပ်တစ်ဦးအား ဖယ်ရှားပြီး နောက်တစ်ယောက် တပြိုင်နက်တည်းခန့်အပ်ခြင်း ဖြစ်သည်။ ဤနည်းဖြင့် လွှတ်တော် သက်တမ်းတစ်ခုအတွင်း အစိုးရအပြောင်းအလဲ ပြုလုပ်၍ရစေသည်။ ယာယီအစိုးရ ထားရခြင်း သို့မဟုတ် သက်တမ်းမကုန်ခင် လွှတ်တော်ဖျက်သိမ်းရခြင်း အန္တရာယ်လည်းကင်းစေသည်။ နောက်ထပ် ရွေးချယ်စရာအပေါ် သဘောတူညီမှုရှိမှသာ အစားထိုးခန့်အပ်၍ရသောကြောင့် အစွန်းရောက် အတိုက်အခံများ၏ ယာယီမဟာမိတ်ဖွဲ့ကာ အစိုးရဖြုတ်ချခြင်းကို ကာကွယ်ပေးသည်။ အုပ်ချုပ်ရေး မဏ္ဍိုင်ကို တည်ငြိမ်စေသည်။

- ဂျာမနီ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် 'အောက်လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် အများစု၏ ထောက်ခံမှုဖြင့် ရာထူးဆက်ခံမည့်သူကို ရွေးချယ်ပြီး ဖက်ဒရယ်သမ္မတထံ ဖက်ဒရယ်အဓိပတိအား ရာထူးထုတ်ပယ်ပေးရန် တောင်းဆိုသည့် နည်းလမ်းဖြင့်သာ ဖက်ဒရယ် အဓိပတိအား အယုံအကြည်မရှိကြောင်း ထုတ်ဖော်နိုင်သည်။ ဖက်ဒရယ်သမ္မတသည် တောင်းဆိုသည့်အတိုင်း လိုက်လျောကာရွေးကောက်ခံရသူကို ခန့်အပ်ပေးရမည်' ဟု ဖော်ပြထားသည် (ပုဒ်မ ၆၇)။

ခေါင်းဆောင်ပြောင်းလဲရန် အယုံအကြည်မရှိ မဲခွဲဆုံးဖြတ်ခြင်းအား အခြားသောတိုင်းပြည်များ တွင်လည်း အတုယူထည့်သွင်းကြသည်။ ၁၉၇၈ စပိန် ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၁၃)၊ ၁၉၉၄ ဘယ်ဂျီယံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၉၆) နှင့် ၂၀၀၁ ဟန်ဂေရီ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၂၁) တို့တွင် ပုံစံအမျိုးမျိုးဖြင့် တွေ့နိုင်သည်။

# ၅။ ပြည်စွက်စဉ်းစားနိုင်သော ဒီဇိုင်းများ

## ဝန်ကြီးချုပ်၏ သက်တမ်းအကန့်အသတ်

တချို့နိုင်ငံများတွင် ဝန်ကြီးချုပ်အတွက် 'သက်တမ်းကာလ' ဟုပြောရန် ပညာရပ်ပိုင်းအရ မှန်ကန်မည် မဟုတ်ပါ။ ပါလီမန်ရွေးကောက်ပွဲများ ၎င်းတို့သက်တမ်းအတွင်း မည်မျှပြောင်းလဲသွားစေကာမူ လွှတ်တော်၏ယုံကြည်မှုကို ရရှိထားသေးသ၍ ခန့်အပ်ခံရသည့်အချိန်မှ ဖြုတ်ချခံရသည့်အချိန်ထိ တာဝန်ထမ်းဆောင်ကြရသောကြောင့်ဖြစ်သည်။ အထူးသဖြင့် ဝန်ကြီးချုပ်ကို လွှတ်တော်မှ အထွေထွေရွေးကောက်ပွဲတစ်ခုပြီးတိုင်း တရားဝင်ရွေးကောက်တင်မြှောက်ရသော တချို့နိုင်ငံများတွင်တော့ ဝန်ကြီးချုပ်၏ သက်တမ်းကာလတစ်ခုအဖြစ် သတ်မှတ်ပြောဆိုရန် ဖြစ်နိုင်ပါသည်။ သို့သော်လည်း လွှတ်တော်မှ အယုံအကြည်မရှိအဆိုကို မဲခွဲဆုံးဖြတ်၍ နိုင်သွားလျှင်သော်လည်းကောင်း၊ သက်တမ်းမပြည့်မီ လွှတ်တော်ဖျက်သိမ်းခဲ့လျှင်သော်လည်းကောင်း ဝန်ကြီးချုပ်၏ သက်တမ်းသည်လည်း သတ်မှတ်ကာလမတိုင်မီ တာဝန်မှ ရပ်နားခံရမည်ဖြစ်သည်။

အလွန်နည်းပါးသော နမူနာများတွင်တော့ ဝန်ကြီးချုပ်သက်တမ်းကို ကာလတစ်ခု တိတိကျကျ သတ်မှတ်ထားသည့် ပုံစံမျိုးရှိသည်။ ဥပမာအနေဖြင့် ကေမန်ကျွန်းစုနိုင်ငံ (ပုဒ်မ ၄၉) တွင် 'အနည်းဆုံးသူ သို့မဟုတ် သူမ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း လွှတ်တော်သက်တမ်းတစ်ခု ကုန်ဆုံးသွားသည့်ကိစ္စမှအပ လွှတ်တော်သက်တမ်းနှစ်ခုဆက်တိုက်တွင် ဝန်ကြီးချုပ်ပြောင်းလဲ ရွေးချယ်ခန့်အပ်ခြင်းမရှိရ' ဟု ဖော်ပြထားသည်။ ၎င်း၏ဆိုလိုချက်မှာ ဝန်ကြီးချုပ်သက်တမ်းကို ရှစ်နှစ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့် မရှိခြင်းဖြစ်သည်။ ထို့နောက် လေးနှစ်အထိ တာဝန်ပြန်လည်မထမ်းဆောင်နိုင်ပေ။ ပြန်လည်ရွေးကောက်တင်မြှောက်ခံရန် ဤသို့ကန့်သတ်ထားခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးမှာ ဤမိတ်ဆက်စာတမ်း၏ သတ်မှတ်ဘောင်ထက် ကျော်လွန်လျက်ရှိပါသည်။ သို့သော် အကယ်၍ ဝန်ကြီးချုပ်သက်တမ်းကို ကန့်သတ်ထားသည့်ပုံစံမျိုးကို စတင်စဉ်းစားလိုလျှင် အနည်းဆုံးတော့ ဤဥပမာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဌာန်းချက်ဖြင့် မည်သို့ဆောင်ရွက်နိုင်ကြောင်းကို မှတ်သားနိုင်ပါသည်။

## ဝန်ကြီးများကို ခန့်အပ်ခြင်း

အချို့နိုင်ငံများ၌ အစိုးရအပေါ်တွင် လွှတ်တော်၏ယုံကြည်မှုသည် ဝန်ကြီးချုပ်အပေါ်တွင်သာ ဗဟိုပြုထားသည်။ ဝန်ကြီးချုပ်သည် အခြားသော ဝန်ကြီးများကို လွှတ်တော်၏ အတည်ပြုချက်မလိုဘဲ ခန့်အပ်ခြင်းနှင့် ဖြုတ်ချခြင်း ပြုလုပ်နိုင်သည်။

ဥပမာအနေဖြင့် ဂျာမနီနိုင်ငံတွင် အောက်လွှတ်တော်မှ ဝန်ကြီးချုပ်ကို တင်မြှောက်ခြင်းနှင့် ဖယ်ရှားခြင်းပြုလုပ်နိုင်သည်။ သို့သော် ဝန်ကြီးချုပ်သည် အခြားသောဝန်ကြီးများကို အောက်လွှတ်တော်၏ အတည်ပြုချက်မလိုအပ်ဘဲ လွတ်လပ်စွာခန့်အပ်ခြင်းနှင့် ဖြုတ်ချခြင်း ပြုလုပ်နိုင်သည်။ အလားတူပင် အောက်လွှတ်တော်မှ ဝန်ကြီးတစ်ဦးချင်းစီကို ဖြုတ်ချခြင်းမပြုလုပ်နိုင်ပေ။ ၎င်းတို့၏ တာဝန်ခံမှုသည် ဝန်ကြီးချုပ်ထံသာ တာဝန်ခံခြင်းဖြစ်၍ ဝန်ကြီးချုပ်၏ယုံကြည်မှုကို ရရှိနေသေးသ၍ ၎င်းတို့ ဆက်လက်တာဝန် ထမ်းဆောင်နိုင်ကြမည် ဖြစ်သည်။

အခြားနိုင်ငံများတွင် အစိုးရတစ်ဖွဲ့လုံးသည် လွှတ်တော်၏ အတည်ပြုချက်လိုအပ်သည်။ အယုံအကြည်ရှိမှုသည်လည်း ဝန်ကြီးချုပ်တစ်ဦးထဲအပေါ်တွင် မဟုတ်ဘဲ အစိုးရတစ်ဖွဲ့လုံးအပေါ်တွင် ဖော်ပြခြင်းဖြစ်သည်။

- ဥပမာအနေဖြင့် အိုင်ယာလန်တွင် ဝန်ကြီးများကို အောက်လွှတ်တော်၏ အတည်ပြုချက်ကို အလျင်ရယူပြီးမှသာ ခန့်အပ်နိုင်သည် (ပုဒ်မ ၁၃.၁.၂)။
- အီတလီတွင် အစိုးရအတွက် ရွေးကောက်တင်မြှောက်ရန် မဲခွဲဆုံးဖြတ်အတည်ပြုရာတွင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအဖွဲ့လိုက်အတွက် ဖြစ်သည် (ပုဒ်မ ၉၄)။

အခြေခံသဘောတရားအရ ဂျာမနီတွင် ကျင့်သုံးခဲ့သော ယခင်ဖွဲ့စည်းတည်ဆောက်မှုသည် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့အကြား ဆက်ဆံရေးမှာ အထက်အောက်ပိုဆန်၍ တာဝန်မျှဝေယူသော လုပ်ဖော်ကိုင်ဖက်ပုံစံ ပို၍နည်းပါးသည်။ နောက်ပိုင်းဖွဲ့စည်းမှုတွင်တော့ အိုင်ယာလန်နှင့် အီတလီ တို့၏ပုံစံကို နမူနာယူ၍ အစိုးရကို တာဝန်များမျှဝေဆောင်ရွက်ကြရသည့်ပုံစံမျိုး အသားပေးခဲ့သည်။ လက်တွေ့တွင် နိုင်ငံရေးအခြေအနေများပေါ်တွင် များစွာမူတည်လျက်ရှိသည်။ လျော့ရဲရဲ သဘော တူညီမှုရရှိထားသည့် ညွန့်ပေါင်းအစိုးရများသည် အစိုးရအဖွဲ့ကို ခန့်အပ်ရာတွင် ပါတီအသီးသီး၏ လိုအပ်ချက်များအပေါ်တွင် တုန့်ပြန်ဆောင်ရွက်ရန် ပို၍လိုအပ်သည်။ တစ်ပါတီအများစု ရရှိထား သည့်အစိုးရသည် အာဏာကိုဝန်ကြီးချုပ်၏လက်ထဲတွင် ဗဟိုပြုထားကြပါလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် ဝန်ကြီးချုပ်က လွှတ်တော်အတွင်း အများစုဖြစ်ရေးကို ထိန်းသိမ်းရန် ညွန့်ပေါင်းမိတ်ဖက်များ ပေါ်တွင်မှီခိုနေရပါက ၎င်းညွန့်ပေါင်းမိတ်ဖက်များက အစိုးရအဖွဲ့၏အစိတ်အပိုင်းအပေါ်တွင် ဆွေးနွေး ညှိနှိုင်းရာ၌ အားသာမှု ရနေနိုင်မည်ဖြစ်သည်။

# ဝန်ကြီးများသည် လွှတ်တော်အမတ်များ ဖြစ်သင့်ပါသလား။

## နည်းလမ်း ၁။ ဝန်ကြီးများသည် လွှတ်တော်အမတ် ဖြစ်ရမည်။

အချို့သော နိုင်ငံများတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးအားလုံးကို လွှတ်တော်အမတ်များထဲမှသာ ခန့်အပ်ရမည်ဟု စည်းမျဉ်းဥပဒေရှိကြသည်။ ဤသို့ ဖွဲ့စည်းမှုသည် ဩစတြေးလျ၊ ဘာဘေးဒိုးစ်၊ အိုင်ယာလန်နှင့် အခြားသော နေရာများကဲ့သို့ ဗြိတိသျှ ပါလီမန်ပုံစံ လွှမ်းမိုးမှုရှိသော နိုင်ငံများတွင် တွေ့ရလေ့ရှိသည်။

ဝန်ကြီးများ လွှတ်တော်အမတ်ဖြစ်ရန် လိုအပ်ခြင်းသည် ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေး မဏ္ဍိုင်အကြား ဆက်ဆံရေးကို နီးကပ်မှုရှိစေရန် အလေးထားပြီး ၎င်းနှစ်ရပ်စလုံး၏ ခေါင်းဆောင်မှုကိုလည်း အစိုးရအဖွဲ့တွင် အာရုံစိုက်မှုရှိစေခြင်း ဖြစ်သည်။ အနှစ်သာရအားဖြင့် အစိုးရအဖွဲ့သည် ဥပဒေပြုရေးမဏ္ဍိုင်၏ စီမံအုပ်ချုပ်ရေးကော်မတီကဲ့သို့ ဦးဆောင်ရသောအဖွဲ့ဖြစ်ပြီး တစ်ချိန်ထဲတွင် လွှတ်တော်တွင်းအများစုသို့ အမြဲတမ်းတာဝန်ခံရသည်။ ဝန်ကြီးများကို လွှတ်တော်အမတ်များထဲမှသာ ရွေးချယ်ခန့်အပ်ခြင်းသည် အစိုးရကို လွှတ်တော်နိုင်ငံရေးတွင် အမြဲတမ်း ထဲထဲဝင်ဝင်ရောက်ရှိနေစေရန် ထည့်သွင်းထားခြင်းမျိုးဖြစ်သည်။ ပုံမှန်အားဖြင့် ဝန်ကြီးများသည် ၎င်းတို့ ဝန်ကြီးဖြစ်မလာကြမီ လွှတ်တော်အတွေ့အကြုံ နှစ်ပေါင်းများစွာရှိခဲ့ကြသည်။ ထို့ကြောင့် လွှတ်တော်ဆိုင်ရာ နှုန်းစံများကို လေ့လာ၍ အကျွမ်းတဝင်ရှိခဲ့ကြပြီး ဖြစ်သည်။

ဤသို့ နီးစပ်စွာဆက်နွယ်မှုရှိခြင်းကို နေ့စဉ်အခြေခံလုပ်ငန်းများဖြင့် ထိန်းသိမ်းထားသည်။ ဝန်ကြီးများ လွှတ်တော်အစည်းအဝေးတက်၍ လွှတ်တော်အမတ်များမှ ၎င်းတို့၏ဆောင်ရွက်ချက်များ အပေါ်တွင် မေးခွန်းများမေးမြန်းခြင်းကို ရှင်းလင်းဖြေကြားခြင်းနှင့် ဆွေးနွေးငြင်းခုံမှုများတွင် ပါဝင်ခြင်းကဲ့သို့သော နေ့စဉ်လုပ်ငန်းများ ဖြစ်သည်။ ၎င်းအချက်သည် အစိုးရကို လွှတ်တော်လုပ်ငန်းလည်ပတ်မှုထဲတွင် ထည့်သွင်းပေါင်းစပ် ပေးထားသည်။ ဤနည်းဖြင့် မဲဆန္ဒနယ် ကိုယ်စားလှယ်လည်းဖြစ်သော ဝန်ကြီးများကို မဲဆန္ဒနယ်မှ စာဖြင့်ပေးပို့သော ပြည်သူလူထု သဘောထားများနှင့် အမှုကိစ္စရပ်များကို ထိတွေ့မှုရှိနေစေရန်ဖြစ်သည်။ လွှတ်တော်ပြင်ပ ပညာရှင်များနှင့် အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းကိုလည်း ကာကွယ်ပေးထားခြင်းဖြစ်သည်။

ဤပုံစံမျိုးကျင့်သုံးသော နိုင်ငံများတွင် လွှတ်တော်မဖျက်သိမ်းမီ လွှတ်တော်အမတ်ဖြစ်ခဲ့သော ပုဂ္ဂိုလ်များသည် အစိုးရရုံးအဖွဲ့ တာဝန်များကို အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်တာဝန်ထမ်းဆောင်နိုင်သည်။ ပုံမှန်အားဖြင့် နောက်ရွေးကောက်ပွဲကျင်းပပြီး လအနည်းငယ်ကြာအထိ ဖြစ်သည်။ ဤနည်းဖြင့် လွှတ်တော်မရှိသည့်အချိန်တွင် ဝန်ကြီးကို ခန့်အပ်ရန်လိုအပ်သော အခက်အခဲများကို ကာကွယ်ပြီးဖြစ်သကဲ့သို့ အစိုးရအနေဖြင့် အိမ်စောင့်အစိုးရကဲ့သို့ ဆက်လက်တာဝန်ထမ်းဆောင် နေနိုင်မည်ဖြစ်သည်။ ၎င်း၏အဖွဲ့ဝင်များ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့လျှင်ပင် အစိုးရသစ်တက်လာသည်အထိ ဆက်လက်တာဝန်ထမ်းဆောင် နေနိုင်စေရန်ဖြစ်သည်။

သို့သော်လည်း ဝန်ကြီးများကိုလွှတ်တော်အမတ်များထဲမှသာ ရွေးချယ်ခန့်အပ်ခြင်း၏ အားနည်းချက်မှာ ခန့်အပ်မည့်ဝန်ကြီးများ၏ ကျွမ်းကျင်မှုနယ်ပယ် အကန့်အသတ်ရှိခြင်း ဖြစ်သည်။ အောင်မြင်သော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် မဲဆန္ဒနယ်၏ ကိုယ်စားလှယ်ကောင်းတစ်ဦးဖြစ်ရန် လိုအပ်သော အရည်အသွေးသည် ဝန်ကြီးကောင်းတစ်ဦးဖြစ်ရန် လိုအပ်ချက်ဖြစ်ချင်မှ ဖြစ်လိမ့်မည်။ ထို့ကြောင့် ဝန်ကြီးရုံးများအတွက် ရွေးချယ်နိုင်သော ကိုယ်စားလှယ်များသည် အတော်ဆုံးများ ဖြစ်လိမ့်မည်မဟုတ်ပါ။ အလားတူပင် အရည်အချင်းပြည့်ဝသော ဝန်ကြီးတစ်ဦးသည် ၎င်းနေရာအတွက် မဲရှုံးသွားပြီး (ကြားဖြတ်ရွေးကောက်ပွဲကဲ့သို့သော) နည်းလမ်းတစ်ခုခုဖြင့် လွှတ်တော်ထဲသို့ ပြန်မဝင်နိုင်ခဲ့လျှင် လက်ရှိတာဝန်မှ ဖယ်ပေးရမည်ဖြစ်သည်။

ထို့ပြင် လွှတ်တော်နှင့် ဝန်ကြီးဌာနလုပ်ငန်းများ တစ်ပြိုင်တည်း ဆောင်ရွက်နေရခြင်း၊ မဲဆန္ဒနယ်၏ တာဝန်များကို အချိန်မီဆောင်ရွက်နေရခြင်း၊ ဝန်ကြီးများ၏ ခွန်အားနှင့် အရင်းအမြစ်များကို ၎င်း လုပ်ငန်းများအပေါ်တွင်အသုံးပြုနေရခြင်းတို့ကြောင့်၎င်းတို့အတွက်ဗျူဟာမြောက်ခေါင်းဆောင်မှုနှင့် မူဝါဒရေးဆွဲခြင်းလုပ်ငန်းများကို အတားအဆီးဖြစ်စေပြီး အစိုးရ၏ စွမ်းဆောင်ရည်ကို လျော့ကျစေသည်ဟု ထောက်ပြကြသည် (King and Crewe 2013)။

## နည်းလမ်း ၂။ ဝန်ကြီးများသည် လွှတ်တော်အမတ်များဖြစ်၍ မရပါ။

အခြားနိုင်ငံများတွင် ဝန်ကြီးရုံးများနှင့် လွှတ်တော်ရုံးများမှာ သီးခြားခွဲထုတ်ထားသည်။ ဝန်ကြီးများသည် (ယေဘုယျအားဖြင့်) လွှတ်တော်ပြင်ပမှသာ ခန့်အပ်သည်။ လွှတ်တော်အမတ်များထဲမှ ဝန်ကြီးခန့်အပ်ခံရလျှင် ၎င်းပုဂ္ဂိုလ်များသည် လွှတ်တော်အမတ်နေရာမှ နုတ်ထွက်ကြရသည်။ ဤသို့ ဖွဲ့စည်းတည်ဆောက်ပုံကို များသောအားဖြင့် နယ်သာလန်ကဲ့သို့ ပင်မဥရောပအစဉ်အလာမှ ဆင်းသက်လာသည့် လွှတ်တော်အဖွဲ့အစည်းများရှိသော နိုင်ငံများတွင် တွေ့ရလေ့ရှိသည်။

ဤသို့ဖွဲ့စည်းမှုသည် ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာအကြား တစ်စိတ်တစ်ပိုင်း ခွဲခြားထားမှုကို အနည်းငယ်ထိန်းသိမ်းထားသည်။ ပါလီမန်စနစ်တွင် အစိုးရသည် လွှတ်တော်၏ ယုံကြည်မှုကိုရရှိထားရန် လိုအပ်ပြီး လွှတ်တော်ကိုတာဝန်ခံရမည် ဖြစ်သည်။ လွှတ်တော်တွင်း အများစုနှင့် ဝန်ကြီးများကို နှောင်ဖွဲ့ထားသည့် ပါတီနှောင်ကြိုးသည် ခိုင်မာနေနိုင်သည်။ သို့သော် လည်း ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့၏ ပေါင်းစပ်နေမှုကို လူပုဂ္ဂိုလ်တစ်ဦးသည် အစိုးရအဖွဲ့ဝင်နှင့် လွှတ်တော်အမတ်နှစ်ခုစလုံးကို တစ်ချိန်ထဲတွင် ဖြစ်ခွင့်မရှိစေခြင်းဖြင့် ဟန့်တား ထားသည်။ ဤသို့ လူပုဂ္ဂိုလ်အရ ခွဲခြားထားခြင်းသည် နိုင်ငံရေးသမားများအတွက် ရွေးချယ်စရာ လုပ်ငန်းနယ်ပယ်နှစ်ခုကို လမ်းဖွင့်ပေးလိုက်သည်။ အုပ်ချုပ်ရေး ယန္တရားထဲသို့ဝင်ရန် လွှတ်တော်နှင့် ခပ်ခွာခွာနေရသည့် စီမံအုပ်ချုပ်ရေးလမ်းကြောင်းနှင့် ဥပဒေပြုရေးဦးဆောင်မှုနှင့် ကော်မတီလုပ်ငန်း များကို အာရုံစိုက်ရန် ဝန်ကြီးဌာနအလုပ်ကိုရှောင်ရသည့် လွှတ်တော်လမ်းကြောင်းတို့ ဖြစ်သည်။ ၎င်းသည် ဥပဒေပြုရေးမဏ္ဍိုင်ကို သီးခြားတည်ရှိ၍ အားကောင်းသည့် စုဖွဲ့မှုဖြစ်စေနိုင်သည်။ အပြန် အလှန်အားဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကိုလည်း လွှတ်တော်၏ယုံကြည်မှုရှိရမည့် အခြေခံမှုကို မထိခိုက်

စေဘဲ တစ်စိတ်တစ်ပိုင်း အာဏာကိုခွဲခြားထားခြင်းဖြင့် အလားတူ အားကောင်းစေမည်ဖြစ်သည်။ အထူးသဖြင့် အချိုးကျကိုယ်စားပြုသည့် ရွေးကောက်ပွဲစနစ်ဖြင့် ပေါင်းစပ်ထားသောအခါ ပို၍တက်ကြွသော ဥပဒေပြုရေးမဏ္ဍိုင်ကို ဖြစ်စေသည်။ တက်ကြွသော ဥပဒေပြုရေးမဏ္ဍိုင်တွင် အစိုးရနှင့် အတိုက်အခံတို့အကြား ပြတ်ပြတ်သားသား ပိုင်းခြားထားမှုကို လျော့နည်းစေပြီး ဥပဒေပြုရေးနှင့် စုံစမ်းစစ်ဆေးကြပ်မတ်ခြင်း အခန်းကဏ္ဍ ပို၍အားကောင်းလာသည်။ ဥပဒေပြုရေးမဏ္ဍိုင်ကို ပို၍ လှုပ်ရှားသက်ဝင်စေသည်။ သို့သော်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်၏ တည်ငြိမ်မှုကို ပျက်စေသည့် အကျိုးဆက်အချို့တော့ ရှိနိုင်သည်။

ဤဖွဲ့စည်းမှုသည် နိုင်ငံရေးထောက်ခံမှုနောက်ခံ ကင်းရှင်းသော ကျွမ်းကျင်ပညာရှင်များဖြင့် လွှတ်တော်ပြင်ပ အစိုးရအဖွဲ့ကိုဖွဲ့စည်းနိုင်မည်ဖြစ်သည်။ ဤနည်းလမ်းဖြင့် အစိုးရဖွဲ့စည်းရန် ခက်ခဲနိုင်သည့် နိုင်ငံရေးအကြပ်အတည်းမျိုးကို ပြေလည်ရန် အကူအညီပေးနိုင်မည်ဖြစ်သည်။ သို့သော်လည်း ပညာရှင်များကိုသာ အလွန်အားကိုးသောအခါ ပါတီများ၏အခန်းကဏ္ဍကို အားလျော့စေပြီး ရေရှည်တွင် ဒီမိုကရက်တစ်နိုင်ငံရေး တည်ငြိမ်မှုကို ထိခိုက်စေနိုင်မည့် အန္တရာယ် တစ်ချို့တော့ရှိသည် (Skach 2010)။

ဝန်ကြီးများသည် လွှတ်တော်အမတ်များ မဖြစ်ရသော်လည်း လွှတ်တော်သို့ တက်ရောက်ခြင်း၊ မဲပေးနိုင်ခြင်းမရှိဘဲ အဆိုတင်သွင်းခြင်းနှင့် မေးခွန်းများဖြေကြားခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

## နည်းလမ်း ၃။ ပေါင်းစပ်ထားသော နည်းလမ်း

နိုင်ငံတစ်နိုင်ငံအနေဖြင့် ကျင့်သုံးနိုင်သည့် ပေါင်းစပ်ထားသောနည်းလမ်း အမျိုးမျိုးရှိနိုင်သည်။ ဖြစ်နိုင်ချေ နည်းလမ်းတစ်ခုမှာ ဝန်ကြီးများကို လွှတ်တော်အမတ်များထဲမှ ခန့်အပ်နိုင်ရန် ခွင့်ပြုထားခြင်းဖြစ်သည်။ သို့သော် လွှတ်တော်အမတ်ဖြစ်ရမည်ဟု သတ်မှတ်ချက်ထည့်သွင်းမထားခြင်း ဖြစ်သည်။ ၎င်းသည် ပြောင်းလဲပြင်လွယ်ရှိနိုင်သော နည်းလမ်းဖြစ်၍ ရှိရင်းစွဲဝန်ကြီးခန့်အပ်မှုပုံစံ၊ အလေ့အထများအပေါ် မူတည်၍လည်း သက်ရောက်မှု ရှိနိုင်မည် ဖြစ်သည်။ အခြားသော ဖြစ်နိုင်ချေတစ်ခုမှာ ဝန်ကြီး အရေအတွက် တစ်ချို့ကို လွှတ်တော်ပြင်မှ ခန့်အပ်ခွင့်ပြုပြီး အခြားသော ဝန်ကြီးများကို လွှတ်တော်ထဲမှသာ ခန့်အပ်စေခြင်းဖြစ်သည်။

- ဂျပန်တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးအများစုသည် လွှတ်တော်အမတ်များဖြစ်ရမည် ဖြစ်ပြီး အနည်းစုကတော့ ဖြစ်ရန် မလိုအပ်ပေ (ပုဒ်မ ၆၈)။
- ဘင်္ဂလားဒေ့ရှ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီး ၁၀ ဦးတွင် ၉ ဦးကို လွှတ်တော်အမတ်များထဲမှ ခန့်အပ်ရန်လိုအပ်သည်။ သို့သော် ၁၀ ဦးတွင် တစ်ဦးကိုလွှတ်တော်ပြင်ပမှ ခန့်အပ်ရန် ခွင့်ပြုထားသည် (ပုဒ်မ ၅၆)။

ဥပမာနှစ်ခုစလုံးတွင် ဝန်ကြီးချုပ်သည် လွှတ်တော်အမတ်များထဲမှ ရွေးချယ်ရမည်ဖြစ်သည်။ ၎င်းသည် လွှတ်တော်ပြင်ပ ပညာရှင်များဖြင့်သာ အစိုးရဖွဲ့ခြင်းကို ဟန့်တားထားပြီး အစိုးရကို ဒီမိုကရက်တစ် တရားဝင်မှုနှင့် လွှတ်တော်ထဲရှိပါတီကို အခြေခံသည့်အစိုးရအဖြစ် တည်ရှိရန် စီစဉ်ထားခြင်းဖြစ်သည်။ သို့သော်လည်း အထူးလိုအပ်သော အရည်အချင်း၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့ကိုအခြေခံ၍ အစိုးရအဖွဲ့အတွင်း လွှတ်တော်ပြင်ပမှ အရေအတွက် တစ်ချို့ကိုခန့်အပ်ရန် ခွင့်ပြုထားသည်။

## ဝန်ကြီးအရေအတွက်

ဝန်ကြီးများကို လွှတ်တော်အမတ်များထဲမှ ခန့်အပ်နိုင်သောအခါ အစိုးရသည် လွှတ်တော်အမတ်အရေအတွက် အတော်များများကို ဝန်ကြီးခန့်အပ်ခြင်းဖြင့် လွှတ်တော်ကို လွှမ်းမိုးလာနိုင်သော အန္တရာယ်ရှိသည်။ စုပေါင်းတာဝန်ယူမှု၏ အယူအဆမှာ ဝန်ကြီးများသည် လွှတ်တော်ထဲတွင် အစိုးရကို ကန့်ကွက်မဲပေး၍မရပေ (ခြွင်းချက်အနေဖြင့် ၎င်းတို့သည် ဝန်ကြီးဌာနများမှ နုတ်ထွက်ရန် ဆန္ဒမရှိလျှင်)။

အစိုးရထောက်ခံမဲ (payroll vote) (ဝန်ကြီးများသည် အစိုးရ၏လစာကို ယူထားသောကြောင့် ပေးရသောမဲ) သည် လွှတ်တော်အတွင်း အစိုးရရာထူးကြီး မရယူထားသောသူများ၏ သစ္စာခံမှုနှင့် လိုက်နာမှုတို့ကိုလွှမ်းမိုးနိုင်သည်။ အစိုးရသည် အစိုးရထောက်ခံမဲ၏ လွှမ်းမိုးမှုကိုပိုမိုတိုးချဲ့ရန်အတွက် အစိုးရဝန်ကြီးအဖွဲ့ကို လိုအပ်သည်ထက် ပိုကြီးသည့်အဖွဲ့အဖြစ်ခန့်ထားခြင်း သို့မဟုတ် အငယ်တန်း ဝန်ကြီးအရေအတွက် တော်တော်များများ ခန့်အပ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။ ဤနည်းလမ်းသည် လွှတ်တော်ကို အားနည်းသွားစေနိုင်သလို ဖောင်းပွ၍ထိရောက်မှုမရှိသော အစိုးရလည်း ဖြစ်သွားစေနိုင်သည်။ ဤအခြေအနေကိုကာကွယ်ရန် အချို့သောဖွဲ့စည်းပုံအခြေခံဥပဒေများတွင် မည်သည့်အချိန်တွင်မဆို ခန့်အပ်တာဝန်ပေးနိုင်သည့် ဝန်ကြီးအရေအတွက်ကို ကန့်သတ်ထားပါသည်။ ဥပမာအနေဖြင့် အိန္ဒိယ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၇၅) တွင် ဝန်ကြီးအရေအတွက်ကို အောက်လွှတ်တော်အမတ် စုစုပေါင်းအရေအတွက်၏ ၁၅ ရာခိုင်နှုန်းအထိသာ ခန့်အပ်နိုင်ရန် ကန့်သတ်ထားသည်။

အစိုးရထောက်ခံမဲသည် အထူးသဖြင့် အရွယ်အစားသေးငယ်သော လွှတ်တော်အတွက် ပြဿနာတစ်ခု ဖြစ်ပါသည်။ ဥပမာအားဖြင့် ဂျီဘရော်လ်တာ၏ လွှတ်တော်တွင် အမတ် ၁၇ ဦးသာရှိပြီး ၎င်းတို့အထဲမှ ၁၀ ဦးမှာ ဝန်ကြီးများဖြစ်ကြသည်။ ဤအခြေအနေတွင် ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင် လုပ်ငန်းများအကြား ခြားနားခြင်းမှာပျောက်ဆုံးသွားပြီး လက်တွေ့တွင် လွှတ်တော်သည် ဝန်ကြီးများကို ထိထိရောက်ရောက် ထိန်းချုပ်ကြီးကြပ်နိုင်သော အဖွဲ့အစည်းတစ်ခုအဖြစ် မကျင့်သုံးနိုင်တော့ပေ။ ဤအချက်ကိုကာကွယ်ရန် ဘလိဇ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၄၀ (၂)) တွင် အောက်လွှတ်တော်ရှိ အများစုနေရာရရှိထားသော ပါတီအမတ်အရေအတွက်၏ သုံးပုံနှစ်ပုံရှိ အရေအတွက်ကိုသာ ဝန်ကြီးခန့်အပ်ရန် ကန့်သတ်ထားသည်။

# အစိုးရအဖွဲ့တွင် လူမှုအသိုင်းအဝိုင်းစုံကို ကိုယ်စားပြုခြင်း

လူမှုအသိုင်းအဝိုင်းကွဲပြားမှုကို အခြေခံသည့် အာဏာခွဲဝေခြင်း ယန္တရားမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုများကို စီမံခန့်ခွဲမည်ဟု ဆုံးဖြတ်လျှင် ၎င်းအာဏာခွဲဝေမှုသည် အစိုးရအဖွဲ့အတွင်း ခန့်အပ်မှုအချိုးအစားတွင် ထင်ဟပ်နေရမည်ဖြစ်သည်။ ထို့ကြောင့် အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းလုပ်ငန်းစဉ်တွင်လည်း ထင်ဟပ်ရမည်။

- ဥပမာအနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အစိုးရအဖွဲ့၌ ဒတ်ချ်စကားပြော ဝန်ကြီးအရေအတွက်နှင့် ပြင်သစ်စကားပြော ဝန်ကြီးအရေအတွက် တန်းတူပါဝင်ရမည်ဟု ပြဋ္ဌာန်းထားသည် (ပုဒ်မ ၉၉)။

- ဘော့စနီးယားနှင့် ဟာဇီဂိုဗီနားတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းပြည်၏ အစုအဖွဲ့ကြီးနှစ်ခုရှိသည့်အနက် အစုအဖွဲ့တစ်ခုမှ အစိုးရအဖွဲ့ဝန်ကြီး သုံးပုံနှစ်ပုံထက် ပို၍ခန့်အပ်ခွင့်မရှိကြောင်းနှင့် ကျန်သည့် သုံးပုံတစ်ပုံကို အခြားသောအစုအဖွဲ့တစ်ခုမှ ခန့်အပ်ရမည်ဟု ပြဋ္ဌာန်းထားသည် (ပုဒ်မ ၅.၄)။

- မြောက်ပိုင်း အိုင်ယာလန်၏ အာဏာခွဲဝေထားသော အုပ်ချုပ်ရေးမဏ္ဍိုင်တွင် လွှတ်တော်သည် ဝန်ကြီးချုပ်တစ်ဦးနှင့် ဒုဝန်ကြီးချုပ်တစ်ဦးကို တင်မြှောက်သည်။ ၎င်းတို့သည် မတူညီသော လူမှုအသိုင်းအဝိုင်းများကို ကိုယ်စားပြုသည်။ အကယ်၍ ဝန်ကြီးချုပ်သည် ပရိုတက်စ်တန့်ဘာသာကို ကိုးကွယ်သောအသိုင်းအဝိုင်းမှ လာသောသူဖြစ်လျှင် ဒုဝန်ကြီးချုပ်သည် ကက်သလစ်ဘာသာကို ကိုးကွယ်သောအသိုင်းအဝိုင်းမှ ဖြစ်ရမည် (ဤနည်းအတိုင်း အပြန်အလှန်ဖြစ်သည်)။ (မြောက်ပိုင်းအိုင်ယာလန် ဥပဒေ ၁၉၉၈ (ယူကေ)၊ ပုဒ်မ ၁၆ က)။

- တောင်အာဖရိက၏ ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၄ - ၉၆) တွင် အနည်းဆုံး ၅ ရာခိုင်နှုန်းမဲအနိုင်ရရှိသော မည်သည့်ပါတီမဆို အစိုးရအဖွဲ့တွင်ပါဝင်ခွင့်ရှိရမည်ဟု ပြဋ္ဌာန်းထားသည်။ ၎င်းသည် အနည်းစု လူဖြူအသိုင်းအဝိုင်း အပါအဝင် လူမျိုးရေးအရ ကွဲပြားနေသော လူ့အဖွဲ့အစည်းများကို အစိုးရအဖွဲ့တွင် ဘက်ပေါင်းစုံမှ ကိုယ်စားပြုမှုရရှိစေရန် ဆောင်ရွက်ထားခြင်းဖြစ်သည် (ပုဒ်မ ၈၈) ။

ဤပြဋ္ဌာန်းချက်များသည် အားနည်းချက်များစွာ ရှိနိုင်ပါသည်။ ဥပမာအနေဖြင့် အထက်ပါအချက်များသည် အစိုးရဖွဲ့စည်းခြင်းအတွက် ပို၍အခက်အခဲများဖြစ်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အစိုးရဖွဲ့စည်းရန်အတွက် လွှတ်တော်အတွင်း အများစု၏ထောက်ခံမှုကို လိုအပ်ရုံတင်မက ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုမှုရှိစေရန်လည်း အာရုံစိုက်ရမည်ဖြစ်သည်။ သို့မဟုတ် ၎င်းပြဋ္ဌာန်းချက်များသည် အရွယ်အစားကြီးမား၍ လူတန်းစားများစွာပါဝင်သော ညွန့်ပေါင်းအစိုးရ ထွက်ပေါ်လာရန် ဦးတည်စေသည်။ အစီအစဉ်များကို စနစ်တကျအကောင်အထည်ဖော်နိုင်သည့် ထိရောက်သော

အစိုးရဖြစ်လာစေရန် အဟန့်အတား ဖြစ်စေနိုင်ပါသည်။ ဤသို့ လူမှုအသိုင်းအဝိုင်းအတွင်း ကွဲပြားမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းထည့်သွင်း၍ စီမံထားခြင်းသည် ၎င်းကွဲပြားမှုကို ပို၍ လျော့နည်းစေခြင်းမရှိဘဲ ပို၍သိသာထင်ရှားစေနိုင်သည်။ စည်းလုံးညီညွတ်မှုရှိသည့် အမျိုးသား အမှတ်လက္ခဏာတစ်ခု ဖြစ်ပေါ်လာရန်အတွက် အဟန့်အတားဖြစ်စေနိုင်သည်ဟု ဆွေးနွေးငြင်းဆိုချက်လည်း ရှိသည်။ နိုင်ငံကို အကွဲကွဲအပြားပြား ဖြစ်စေနိုင်သော သို့မဟုတ် လူမှုအသိုင်းအဝိုင်းအကြား ပဋိပက္ခများဖြစ်စေနိုင်သော အခြားနည်းလမ်းများထက်စာလျှင် ဤအားနည်းချက်များသည် လက်သင့်ခံနိုင်စရာရှိပါသည်။

၎င်းအခြေအနေများတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲသူများအတွက် ထည့်သွင်းစဉ်းစားနိုင်သော အခြားသော ရွေးချယ်စရာနည်းလမ်းတစ်ခုမှာ ကိုယ်စားပြုမှုအတွက် အနိမ့်ဆုံး သတ်မှတ်ချက်ကို အနည်းဆုံးဖြစ်အောင်ထားခြင်းနှင့် အားကောင်းသော အချိုးကျကိုယ်စားပြုသည့် ရွေးကောက်ပွဲစနစ်ကိုကျင့်သုံးရန် ရွေးချယ်ခြင်းဖြစ်သည်။ ဤနည်းဖြင့် လူနည်းစုများသည် လွှတ်တော်တွင် ကိုယ်စားပြုမှု ရရှိလာနိုင်မည်ဖြစ်သည်။ သို့သော် အစိုးရအဖွဲ့တွင် ၎င်းလူနည်းစုများ ပါဝင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ချက်တော့ ရှိမည်မဟုတ်ပေ။ ဤနည်းလမ်းဖြင့်ဆောင်ရွက်ခြင်းသည် (တင်းကြပ်သောပြဋ္ဌာန်းသတ်မှတ်ချက်များထက်) ပို၍ လိုက်လျောညီထွေ၊ ပြုလွယ် ပြောင်းလွဲရှိသော အာဏာခွဲဝေခြင်း နည်းလမ်းဖြစ်နိုင်ပါသည်။ အထူးသဖြင့် သဘာဝအတိုင်း လူများစု တစ်ဖွဲ့မှမရှိသော အခြေအနေ၊ မတူညီသော လူမှုအသိုင်းအဝိုင်းများအကြား ပိုင်းခြားထားချက်မှာ ပုံသေမရှိဘဲ ပြောင်းလဲနိုင်သော အခြေအနေတို့တွင် ဖြစ်သည်။ ဥပမာအားဖြင့် နယ်သာလန်နှင့် အစ္စရေးတို့တွင် ဤချဉ်းကပ်မှုသည် ဘာသာရေးနှင့် လောကီပိုင်းခြားထားခြင်းကို တံတားထိုးပိုးထားနိုင်သော၊ အများပူးပေါင်းပါဝင်နိုင်သော ပါတီစုံအစိုးရတစ်ရပ် ဖြစ်ပေါ်လာစေပါသည်။ သို့သော်လည်း ၎င်းသည် လွှတ်တော်ရွေးကောက်ပွဲ ရလဒ်နှင့် အစိုးရဖွဲ့စည်းခြင်းအကြား (ရွေးကောက်ပွဲအလွန် ဆွေးနွေးညှိနှိုင်းရမှုများသည် အစိုးရဌာနများအတွက် အဓိကသော့ချက် ဖြစ်နေသောကြောင့်) ရှင်းလင်းတိကျသော အဆက်အစပ်မရှိခြင်း ကဲ့သို့သော ပြဿနာများသို့ဦးတည်စေပါသည်။ လွှတ်တော်ရွေးကောက်ပွဲနှင့် အစိုးရဖွဲ့စည်းခြင်းလုပ်ငန်းစဉ်အကြား နှောင့်နှေးကြန့်ကြာတတ်သည်။ လွှတ်တော်တွင် အပိုင်းပိုင်းကွဲနေခြင်းသည် ရှေ့ဆက်ရန် ခက်ခဲမှုကို ဖြစ်စေနိုင်သည်။

## ကျားမ ပူးပေါင်းပါဝင်မှု

ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သို့မဟုတ် ဥပဒေအပေါ်အခြေခံ၍ ကျားမ ဟန်ချက်ညီညီ ဥပဒေပြုရေးမဏ္ဍိုင်တွင် ပါဝင်မှုကိုမြှင့်တင်ရန် ပြဋ္ဌာန်းချက်များ ရေးဆွဲထားကြသည်။ ဥပမာအားဖြင့် ကိုယ်စားလှယ်လောင်းအရေအတွက် သို့မဟုတ် လွှတ်တော်အမတ်နေရာ လျာထားသတ်မှတ်ပေးထားခြင်းတို့ဖြစ်သည်။ အချို့အစိုးရများသည် အစိုးရအဖွဲ့တွင် ကျားမ ဟန်ချက်ညီမှု အခြေခံမူတစ်ခုအနေဖြင့် လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ကြသည် (ဥပမာအနေဖြင့် ဂျပ်စတင် ထရူးဒူးလက်ထက် ကနေဒါနိုင်ငံ)။ အစိုးရအဖွဲ့တွင် ကျားမ ပူးပေါင်း

ပါဝင်မှုကို အခြေခံအဖြစ်ထည့်သွင်း၍ ဖွဲ့စည်းရန် လိုအပ်ခြင်းသည် အထက်တွင် ဆွေးနွေးခဲ့သည့် အတိုင်း လူမှုအသိုင်းအဝိုင်းစုံကို ကိုယ်စားပြုခြင်း၏ သေးငယ်သောအဆင့်တစ်ခု ဖြစ်ပါသည် (ဥပမာ အနေဖြင့် အစိုးရအဖွဲ့တွင် သုံးပုံတစ်ပုံထက်မပိုသော အဖွဲ့ဝင်များသာ အမျိုးသားများ သို့မဟုတ် အမျိုးသမီးများ ဖြစ်နေစေရန်ဖြစ်သည်)။

## အစိုးရ အပြောင်းအလဲများ

ပါလီမန်စနစ်သည် အစိုးရနုတ်ထွက်ခြင်း သို့မဟုတ် ဖြုတ်ချခြင်းနှင့် နောက်အစိုးရ ပြန်လည် ဖွဲ့စည်းခြင်းတို့အကြား အပြောင်းအလဲကာလမျိုးနှင့် ကြုံရနိုင်ပါသည်။ အလားတူ အပြောင်းအလဲ ကာလမျိုးသည် အထွေထွေရွေးကောက်ပွဲအပြီး နောက်လွှတ်တော်သက်တမ်း ပြီးဆုံးခြင်းနှင့် အစိုးရ ဖွဲ့စည်းခြင်း ပြီးမြောက်သည့် ကာလအကြားတွင်လည်း ရှိတတ်ပါသည်။

ဤကာလ အတောအတွင်း (ရက်အနည်းငယ်မှသည် သီတင်းပတ်၊ သို့မဟုတ် လပေါင်းများ အထိပင် ကြာတတ်သည်) နိုင်ငံတွင် အစိုးရမရှိ ဖြစ်နေသည်ဟု ဆိုနိုင်ပေမည်။ တကယ်တမ်းတွင် ဤကဲ့သို့မဟုတ်ပေ။ နိုင်ငံတော်သည် ဆက်လက်လည်ပတ်နေပြီး နိုင်ငံ၏စီမံအုပ်ချုပ်ရေးသည်လည်း ဆက်လက် လည်ပတ်နေပါသည်။ ဤအခြေအနေမျိုးတွင် ကျင့်သုံးလေ့ရှိသည့်ပုံစံမှာ နုတ်ထွက်သွား သော သို့မဟုတ် ဖယ်ရှားခံရသောဝန်ကြီးများသည် အစိုးရသစ်ဖွဲ့စည်းပြီးချိန်အထိ အိမ်စောင့်အစိုးရ အခန်းကဏ္ဍမျိုးဖြင့် ဆက်လက်တာဝန်ယူပေးထားရသည်။ ဖြစ်ရပ်အတော်များများတွင် သဘော တူညီချက်မျိုးဖြစ်သော်လည်း သံသယများကင်းရှင်းစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်း ဖော်ပြနိုင်ပါသည်။

- ဥပမာအနေဖြင့် ဆွီဒင်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် 'အစိုးရအဖွဲ့ဝင်အားလုံး ဖယ်ရှား ခံရလျှင် ၎င်းတို့သည်အစိုးရသစ်တာဝန်ယူသည့်အချိန်ထိ ၎င်းတို့ရာထူးများကို ဆက်လက် ဆောင်ရွက်ရမည်။ ဝန်ကြီးချုပ်မှလွဲ၍ အခြားသောဝန်ကြီးတစ်ဦးဦးသည် ၎င်း၏ကိုယ်တိုင် တောင်းဆိုမှုအရ ရာထူးမှနုတ်ထွက်လျှင် ဝန်ကြီးချုပ်၏တောင်းဆိုမှုအရ တာဝန်ယူမည့် သူ ရောက်မည့်အချိန်ထိ ရာထူးကိုဆက်လက်တာဝန်ယူထားရမည်" ဟု ဖော်ပြထားသည် (အစိုးရ၏ ယန္တရား - အခန်း ၇၊ ပုဒ်မ ၁၁)။
- ဘူဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ဝန်ကြီးအဖွဲ့နုတ်ထွက်လျှင် သို့မဟုတ် အယုံအကြည်မရှိမဲဖြင့် ဖယ်ရှားခံရလျှင် လက်ရှိဝန်ကြီးအဖွဲ့မှ အဖွဲ့ဝင်များသည် အသစ် တက်လာသူများ ရောက်ရှိလာသည်အထိ ဆက်လက်တာဝန်ယူထားရမည်ဟု" ဖော်ပြ ထားသည်" (ပုဒ်မ ၁၁၁.၃)။

သို့သော်လည်း ဤဝန်ကြီးများမှာ လွှတ်တော်၏ ယုံကြည်မှုမရှိတော့သောကြောင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများမှာ ပုံမှန်အားဖြင့်အကန့်အသတ်ရှိပြီး အရေးပေါ်ကိစ္စရပ်များကိုသာ ဆောင် ရွက်ကြရသည်။ အိမ်စောင့်အစိုးရ တာဝန်ယူပေးထားရသောဝန်ကြီးများသည် မူဝါဒအသစ် သို့မဟုတ်

ဥပဒေအသစ်ပြဋ္ဌာန်းရန် ကြိုးစားခြင်း ပြုလုပ်၍ရမည် မဟုတ်ပေ။ မဖြစ်မနေလိုအပ်လာပါက ၎င်းတို့သည် ဝန်ကြီးချုပ်ဖြစ်လာရန် အလားအလာရှိသော ပုဂ္ဂိုလ်ထံမှ သဘောတူညီမှုကိုရယူရန် လိုအပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အိမ်စောင့်အစိုးရများအတွက် ဤသို့ကန့်သတ်ချက်များကို တရားဥပဒေဆိုင်ရာ အသုံးအနှုန်းများဖြင့် ရှင်းလင်းစွာဖော်ပြထားခြင်းမျိုး တွေ့ရခဲသည်။ ဤစည်းမျဉ်းများသည်ပုံမှန်အားဖြင့် ရေးသားပြဋ္ဌာန်းထားလေ့မရှိသော၊ သဘောတူညီချက်များ အပေါ်မူတည်သော၊ ဥပဒေအရ ကြပ်မတ်အကောင်အထည်ဖော်၍ မရသောပုံစံမျိုးဖြင့် ရှိတတ်သည်။ အိမ်စောင့်တာဝန်ယူထားရသော အစိုးရများအား ယုံကြည်မှုကိုအခြေခံ၍ ၎င်းတို့၏ အခန်းကဏ္ဍထက် ကျော်လွန်၍မဆောင်ရွက်ကြစေရန် မျှော်လင့်ကြသည်။ သို့သော်လည်း အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အထူးသဖြင့် လွှတ်တော်သက်တမ်း ကုန်ဆုံးခြင်းနှင့် အထွေထွေရွေးကောက်ပွဲများရှိလျှင် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူထားရသောကာလတွင် တည်ငြိမ်မှုကို ထိန်းသိမ်းထားရန် ကြိုးစားဆောင်ရွက်ထားသည်များရှိသည်။ ထိုသို့ဆောင်ရွက်ကြခြင်း၏ အကြောင်းအရင်း တစ်စိတ်တစ်ပိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများအနေဖြင့် လက်ရှိအစိုးရများသည် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူထားရသောကာလတွင် နိုင်ငံတော်ကို မျှမျှတတစီမံအုပ်ချုပ်လိမ့်မည်ဟု ယုံကြည်ရန် စိုးထိတ်ကြသောကြောင့်ဖြစ်သည်။ ဤကာလ၌ ၎င်းတို့တွင်ရှိသော အခွင့်အာဏာကို အသုံးချ၍ အတိုက်အခံကို ခြိမ်းခြောက်ခြင်း၊ ထောက်ခံသူများကို အခွင့်အရေးပေးခြင်းနှင့် ၎င်းတို့အာဏာဆက်လက်ရရှိရေးကို တည်ဆောက်ကြလိမ့်မည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

သိသာထင်ရှားသော စမ်းသပ်ဆောင်ရွက်ချက်တစ်ခုကို ဘင်္ဂလားဒေ့ရှ်တွင် ကျင့်သုံးဆောင်ရွက်ခဲ့သည်။ မကြာသေးမီက ပြင်ဆင်ပြဋ္ဌာန်း သတ်မှတ်ချက်များမပြုလုပ်ခင် အချိန်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်တစ်ခုရှိခဲ့သည်။ ၎င်းပြဋ္ဌာန်းချက်တွင် မည်သည့်ပါတီဝင်မှမဟုတ်သည့် အိမ်စောင့်အစိုးရတစ်ရပ်ကို အကြီးတန်းအကြံပေးမှူးတစ်ဦးက ဦးဆောင်ရမည်ဖြစ်ပြီး ၎င်းအကြံပေးမှူးသည် အငြိမ်းစားတရားသူကြီးဖြစ်ရမည်၊ သမ္မတ၏ ခန့်အပ်ခြင်းခံရမည်၊ (အဆောင်အယောင်ရာထူးမျှသာ ဖြစ်သည့်) သမ္မတကို တာဝန်ခံရမည်ဟု ဖော်ပြထားပါသည်။ အိမ်စောင့်အစိုးရ၏ လုပ်ငန်းတာဝန်များမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျဖော်ပြထားသည်။ (ပုဒ်မ ၅၈ ဃ။ ယခုဖျက်သိမ်းလိုက်ပြီဖြစ်သည်) ၎င်းတွင် 'ကြားဖြတ်အစိုးရအဖြစ် ၎င်းတို့၏တာဝန်များကို ဆောင်ရွက်ရမည်'၊ 'ပုံမှန်လည်ပတ်နေရသော လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်'၊ 'မဖြစ်မနေလိုအပ်သည်မှလွဲ၍ မူဝါဒဆုံးဖြတ်ချက်များ မချရ'၊ 'လွှတ်တော်အမတ်များအတွက် ငြိမ်းချမ်းစွာ၊ မျှတစွာနှင့် ဘက်လိုက်မှုမရှိစွာ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်ကို လိုအပ်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်' ဟု ဖော်ပြထားသည်။ ဤသို့စီစဉ်ဆောင်ရွက်ချက်သည် နိုင်ငံရေးအရ အငြင်းပွားဖွယ်ဖြစ်ခဲ့ပြီး ယခုအခါတွင် ဖျက်သိမ်းလိုက်ပြီဖြစ်သည်။ သို့သော်လည်း ၎င်းသည် ဘင်္ဂလားဒေ့ရှ်တွင် ဒီမိုကရေစီခိုင်မာမှုရှိရန် တည်ဆောက်ရေးအတွက် အပေါင်းလက္ခဏာရှိသည့် အခန်းကဏ္ဍမှပါဝင်ခဲ့ပြီး ၎င်းပြဋ္ဌာန်းချက်ကို ဖျက်သိမ်းခဲ့ခြင်းသည် ရွေးကောက်ပွဲအကြမ်းဖက်မှုများ ပြန်လည်ပေါ်ပေါက်လာမှု၊ ရွေးကောက်ပွဲများအား သပိတ်မှောက်ခြင်းနှင့် တစ်ပါတီလွှမ်းမိုးခြင်း အခြေအနေများဖြစ်ပေါ်လာမှုနှင့် တိုက်ဆိုင်မှုရှိခဲ့သည် (Riaz 2014)။

## စဉ်းစားရန် အချက် (၃)

အစိုးရဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်းတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် ရှင်းလင်းတိကျမှု၊ အလုံးစုံခြုံငုံနိုင်မှုနှင့် ရှေ့နောက်ညီညွတ်မှုရှိပါသလား။ မည်သည့်အချိန်တွင်မဆို (ယာယီအိမ်စောင့် တာဝန်ယူထားရသည့် အချိန်တွင်ပင်) တာဝန်ထမ်းဆောင်နေသော အစိုးရတစ်ရပ်ရှိနေရန် သေချာအောင်ဆောင်ရွက်ထားပါသလား။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းရေးဆွဲထားသည့် လုပ်ငန်းစဉ်အားလုံးမှာ တရားမျှတမှုနှင့် ဥပဒေအရ အကောင်အထည်ဖော်နိုင်မှု ရှိပါသလား။ မလိုလားအပ်သော ကြန့်ကြာမှု၊ အငြင်းပွားမှုနှင့် ရှေ့ဆက်မတိုးနိုင်သော အကြပ်အတည်းများ ဖြစ်ပေါ်စေနိုင်မှု ရှိနေပါသလား။

# ၆။ ဆက်စပ်အခြေအနေများကိုထည့်သွင်းစဉ်းစားခြင်း

## ပါတီစနစ်နှင့် ရွေးကောက်ပွဲဥပဒေ

ပါလီမန်ဒီမိုကရေစီတွင် နိုင်ငံရေးပါတီများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြသည်။ ၎င်းတို့၏ အခြားသော လုပ်ငန်းဆောင်တာများနှင့်အတူ နိုင်ငံရေးပါတီများသည် အစိုးရဖွဲ့စည်းခြင်းလုပ်ငန်းကိုလည်း တည်ဆောက်ကြသည်။ ဥပမာအနေဖြင့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းခြင်းသည် ပါတီများအကြား ဖွဲ့စည်းခြင်းဖြစ်သည်၊ တစ်ဦးတစ်ယောက်ခြင်းအကြား ဖွဲ့စည်းခြင်းမဟုတ်ပေ။ အချို့သော ဖြစ်ရပ်များတွင် ညွန့်ပေါင်းအတွက် သဘောတူညီမှုကို (သဘောတူညီချက်များအပေါ်တွင် ကျင့်သုံးဆောင်ရွက်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရမဟုတ်) နောက်ဆုံး အပြီးသတ်ခြင်း မတိုင်မီ ပါတီအစည်းအဝေး သို့မဟုတ် ပါတီညီလာခံဖြင့် သဘောတူညီမှုရယူကြခြင်းဖြစ်သည်။ ပါတီစည်းမျဉ်းသည် အစိုးရနှင့် လွှတ်တော်အကြား ဟန်ချက်ညီသည့် ဆက်ဆံရေးဖြစ်စေရန် အရေးကြီးသည်။ ပါတီစည်းမျဉ်းစည်းကမ်းများမရှိဘဲ အစိုးရသည် အစီအစဉ်ကျသော မူဝါဒများကိုချမှတ်နိုင်ခြင်း၊ ဘတ်ဂျက်ရေးဆွဲတင်သွင်းနိုင်ခြင်းနှင့် ကတိကဝတ်ကြေညာချက်များကို အကောင်အထည်ဖော်ခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်မည် မဟုတ်ပါ။

နိုင်ငံရေးပါတီများ အားနည်းသော သို့မဟုတ် မရှိသော (ကနေဒါ၏ နူနာဗတ် သို့မဟုတ် ဆိုလိုမွန်ကျွန်းများကဲ့သို့ နယ်မြေများ) အခြေအနေများတွင် အစိုးရဖွဲ့စည်းခြင်းယန္တရားကို လူများစုလွှမ်းမိုးသည့်ပါတီမှ ခေါင်းဆောင်ဖြစ်လိမ့်မည်ဟု အခြေခံစဉ်းစားခြင်းသည် သင့်တော်တော့မည်မဟုတ်ပါ။ လွှတ်တော်ထဲတွင် ဝန်ကြီးချုပ်ရာထူးအတွက် ရွေးကောက်ပွဲအကြိတ်အနယ် ယှဉ်ပြိုင်ရခြင်းများလိုအပ်လာပါလိမ့်မည် (ဤသို့သော ရွေးကောက်ပွဲတွင် အမတ်များသည် တစ်ဦးချင်းအနေဖြင့် မဲပေးကြပြီး ပါတီဝင်အဖြစ် မဲပေးကြခြင်းမဟုတ်ပါ)။

အစိုးရဖွဲ့စည်းခြင်း လုပ်ငန်းစဉ်၏ ရှုပ်ထွေးမှုနှင့် ခက်ခဲမှုတို့သည် ပါတီစနစ် တည်ဆောက်ပုံအပေါ်တွင် များစွာမူတည်လျက်ရှိသည်။ လွှတ်တော်တွင်းရွေးကောက်ပွဲမှတစ်ဆင့် ပါတီတစ်ခုတည်းက လွှတ်တော်ထဲတွင်နေရာ အများစုရယူထားသည့် ရလဒ်ထွက်ပေါ်လာပါက အစိုးရဖွဲ့စည်းခြင်းလုပ်ငန်းစဉ်သည် ပါတီခေါင်းဆောင်ကိုသာ ဝန်ကြီးချုပ်ခန့်အပ်ခြင်းထက်ပိုသော တရားဝင်လုပ်ငန်းစဉ်ဖြစ်နိုင်မည် မဟုတ်ပါ။ ဤသို့သောအခြေအနေတွင် ရှေ့မတိုးနောက်မဆုတ် အကြပ်အတည်းအခြေအနေများ၊ အချိန်အကန့်အသတ်များ၊ ရွေးကောက်တင်မြှောက်ရန် မဲခွဲဆုံးဖြတ်ခြင်း၊ အယုံအကြည်ရှိ

မရှိ မဲခွဲဆုံးဖြတ်ခြင်း၊ သို့မဟုတ် အခြားသောရှုပ်ထွေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဌာန်းများဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း အစရှိသည့်ကိစ္စရပ်များ အနည်းငယ်မျှသာ လိုအပ်မည်ဖြစ်သည်။ သို့သော်လည်း ပါတီစုံစနစ်ရှိသောအခါ၊ မည်သည့်ပါတီမှ လွှတ်တော်ထဲတွင် အများစုနိုင်ရန် ခက်ခဲသောအခါ၊ အစိုးရဖွဲ့စည်းခြင်းလုပ်ငန်းစဉ်၏ နိုင်ငံရေးအခြေအနေများမှာ ပို၍ရှုပ်ထွေးကာ အချိန်ကြာနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ယန္တရားများသည်လည်း ဤလုပ်ငန်းစဉ်ကို ထိန်းကျောင်းနိုင်ရန် လိုက်လျောညီထွေ တည်ဆောက်ထားရန် လိုအပ်သည်။ ထို့ကြောင့် အစိုးရဖွဲ့စည်းခြင်းလုပ်ငန်းစဉ်သည် အများစုကိုယ်စားပြု ရွေးကောက်ပွဲစနစ်အောက်တွင် ပို၍အလုပ်ဖြစ်သည်။ အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးသောအခါ အလုပ်သိပ်ဖြစ်မည် မဟုတ်ဘဲ၊ အပြောင်းအလဲများပြုလုပ်ရန် လိုအပ်ပေလိမ့်မည်။

အကယ်၍ ပါတီစနစ်သည် ပါတီငယ်များစွာရှိသောကြောင့် အကွဲကွဲအပြားပြားများ သိသိသာသာဖြစ်လာသောအခါ အစိုးရဖွဲ့စည်းခြင်းလုပ်ငန်းစဉ်သည်လည်းပို၍ ခက်ခဲလာပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အများစုထောက်ခံမှုဖြင့် အစိုးရဖြစ်ရန်အလို့ငှာ ပါတီခေါင်းဆောင်အများကြားတွင် သဘောတူညီချက် လိုအပ်သောကြောင့်ဖြစ်သည်။ ပါတီငယ်များစွာပါဝင်သော အစိုးရသည် ထိရောက်သောမူဝါဒ အစီအစဉ်များကို ချမှတ်ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်သလို ပါတီငယ်တစ်ခုမဟုတ် တစ်ခုထက်ပိုသော ညွှန့်ပေါင်းပါတီများမှ ထောက်ခံမှုပြန်လည်ရုတ်သိမ်းသွားသောအခါ အစိုးရအနေဖြင့် ပုံမှန်ထက်စော၍ ပြိုကွဲခြင်းအန္တရာယ်လည်း ရှိနိုင်ပါသည်။ ဤသို့သော အခြေအနေအောက်တွင် ပါလီမန်ဒီမိုကရေစီသည် ရှေ့မတိုးနိုင် နောက်မဆုတ်နိုင် အခြေအနေမျိုး၊ အကြပ်အတည်း ကာလဟုခေါ်နိုင်သော အခြေအနေ ဖြစ်လာမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှေ့ဆက်ရန်ခက်ခဲသောအခြေအနေနှင့် ကြုံတွေ့ရသောကြောင့်ဖြစ်သည်။ ဤသို့သော အခက်တွေ့ရသည့် အခြေအနေများသည် အချို့သောခေါင်းဆောင်များကို (လူအများစုအကြား ကျော်ကြားသော ခေါင်းဆောင်ဖြစ်စေ သို့မဟုတ် ဒီမိုကရေစီကို ဆန့်ကျင်သော အာဏာရှင်ခေါင်းဆောင်ဖြစ်စေ) လွှတ်တော်အဖွဲ့အစည်းမှ ရှောင်လွှဲ၍ အားကောင်းသောသမ္မတအစိုးရကဲ့သို့ အခြားသောရွေးချယ်စရာနည်းလမ်းကို ရှာဖွေရန် တွန်းအားပေးလိမ့်မည်ဖြစ်သည်။ ဤသို့သော အလွန်အမင်း ကွဲပြဲမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် အစိုးရဖွဲ့စည်းခြင်းလုပ်ငန်းစဉ်ကို လွယ်ကူစွာရှိရန်နှင့် အစိုးရကိုဖယ်ရှားရန် ခက်ခဲမှုရှိရန် ထည့်သွင်းရန် တောင်းဆိုမှုများရှိလာနိုင်သည်။ ဥပမာအနေဖြင့် ဂျာမနီနိုင်ငံ၏ဝီမာသမ္မတနိုင်ငံကာလ (၁၉၁၉ - ၃၃) တွင် အလွန်အမင်း ကွဲပြဲမှုများသည် ဒီမိုကရေစီပြိုကွဲမှုကို ဖြစ်စေခဲ့သည်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဝန်ကြီးချုပ်အတွက်ရွေးကောက်ပွဲကို သာမန်အများစုမဲဖြင့် ခွင့်ပြုထားပြီး ဝန်ကြီးချုပ်ကို ဖယ်ချရန် အယုံအကြည်ရှိမရှိ အဆိုတင်သွင်း မဲခွဲခြင်းပြုလုပ်ရန် လိုအပ်သည်။

အလွန်အမင်း ကွဲပြဲခြင်း အန္တရာယ်ကို ရွေးကောက်ပွဲစနစ်တွင် မဲရရှိမှု အနိမ့်ဆုံးသတ်မှတ်အဆင့်များဖြင့်လည်း လျှော့ချနိုင်လိမ့်မည်ဖြစ်သည်။ ဂျာမနီနိုင်ငံတွင် ရွေးကောက်ပွဲဥပဒေအရ ပါတီတစ်ခုသည် တစ်နိုင်ငံလုံးအတိုင်းအတာ ရွေးကောက်ပွဲတွင်အနည်းဆုံး ၅ ရာခိုင်နှုန်းမဲရရှိရန် လိုအပ်ပြီး လွှတ်တော်နေရာအတွက် အနည်းဆုံး မဲဆန္ဒနယ်သုံးခုတွင် အများစုအနိုင်ရရှိရန် လိုအပ်သည်။

ဤစည်းမျဉ်းသည် ပါတီအသေးများ အဖြစ် ခွဲထုတ်မည့် ပါတီများအတွက် အမတ်နေရာ အနိုင်ရရှိရန် ခက်ခဲမည်ဖြစ်သဖြင့် မက်လုံးလျော့ကျနိုင်ပြီး ပါတီငယ်များအတွက် ၎င်းသတ်မှတ်ချက်အဆင့်ကို ကျော်လွှားရန် ပါတီကြီးများအဖြစ်သို့ စုပေါင်းဖွဲ့စည်းလာရန်သာ မက်လုံးပေးနိုင်လိမ့်မည် ဖြစ်သည်။

# ၇။ ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် မေးခွန်းများ

၁။ တစ်ဖက်တွင် အစိုးရဖွဲ့စည်းသည့်လုပ်ငန်းစဉ် လွယ်ကူစေရန်နှင့် အုပ်ချုပ်ရေးယန္တရား အတိုင်းအတာတစ်ခုအထိ တည်ငြိမ်မှုရှိနေစေရန်၊ အခြားတစ်ဖက်တွင် အစိုးရမှ လွှတ်တော်သို့ ဆက်လက်တာဝန်ခံမှု ရှိနေစေရန်၊ ထိုနှစ်ခုအကြား မျှချေကို မည်မျှအထိ ထားချင်ပါသနည်း။ လက်ရှိ သို့မဟုတ် အဆိုပြုသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရေးသားဖော်ပြထားချက်များသည် လိုလားသောမျှချေကို မည်သို့ထိရောက်စွာ ပံ့ပိုးပေးနိုင်ပါသနည်း။

၂။ ရွေးကောက်ပွဲစနစ်နှင့် ပါတီစနစ်တို့မှာ မည်သို့သောစနစ်များ ဖြစ်သနည်း။ အစိုးရဖွဲ့စည်းရန် ယေဘုယျအနေဖြင့် လွယ်ကူခြင်း သို့မဟုတ် ခက်ခဲခြင်းမှာ နိုင်ငံရေးအရ မည်သို့ရှိသနည်း။ ပါတီများမည်မျှအထိ စည်းမျည်းစည်းကမ်း ခိုင်မာကြသနည်း။ အစိုးရဖွဲ့စည်းပြီးလျှင် လွှတ်တော်သက်တမ်းကာလတစ်ခုလုံး တာဝန်ယူထားနိုင်ရန် ယေဘုယျအားဖြင့် မျှော်လင့်ထားပါသလား။ (အကြပ်အတည်းအခြေအနေကို ဖြေရှင်းပေးနိုင်မည့် ယန္တရားကဲ့သို့သော) အစိုးရဖွဲ့စည်းခြင်းကို ပံ့ပိုးပေးမည့်ယန္တရား သို့မဟုတ် (အယုံအကြည် ရှိမရှိ အဆိုတင်သွင်း မဲခွဲခြင်းကဲ့သို့သော) အုပ်ချုပ်ရေးတည်ငြိမ်မှုကို ပံ့ပိုးပေးမည့်ယန္တရားများကို သေချာစွာထည့်သွင်းစဉ်းစားထားပါသလား။

၃။ နိုင်ငံရေးစနစ်တွင်နိုင်ငံတော်အကြီးအကဲ၏အခန်းကဏ္ဍကိုမည်သို့ရည်ရွယ်ထားသနည်း။ အကယ်၍ စစ်မှန်သောပါလီမန် ဒီမိုကရေစီစနစ်ကို တည်ဆောက်မည်ဟု ရည်ရွယ်လျှင် နိုင်ငံတော်အကြီးအကဲသည် ဘက်လိုက်မှုမရှိသော အဆောင်အယောင်ရာထူး အခန်းကဏ္ဍမျှသာ ဖြစ်မည်။ ဤနေရာတွင် (က)နိုင်ငံတော်အကြီးအကဲကို အစိုးရဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်းလုပ်ငန်းတို့တွင် ပုဂ္ဂိုလ်ရေးဩဇာသုံး၍ လွှမ်းမိုးနိုင်မှုမရှိစေရန် ကာကွယ်ထားခြင်း၊ (ခ) နိုင်ငံတော်အကြီးအကဲ၏ သမာသမတ်ကျမှုကို မေးခွန်းထုတ်ခံရသည့် နိုင်ငံရေးအရ ညှိနှိုင်းဆွေးနွေးမှုရယူရသော အခြေအနေမှဝင်းကိုကာကွယ်ခြင်းအစရှိသော ကိစ္စရပ်များအတွက် လုံလောက်သော ပြဋ္ဌာန်းချက်များ ထားရှိပါသလား။

၄။ ပါလီမန်ဒီမိုကရေစီ ကျင့်သုံးဖူးသော အတွေ့အကြုံရှိသည့် နိုင်ငံတွင် အစိုးရဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်းတို့အတွက် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေများကို ပြန်လည်

ထည့်သွင်းစဉ်းစားထားပါသလား။ ၎င်းဥပဒေများ မည်သို့အလုပ်ဖြစ်ခဲ့သနည်း။ ၎င်းတို့သည် ခက်ခဲမှု သို့မဟုတ် ကြပ်တည်းမှု တစ်စုံတစ်ရာကို ဖြစ်စေခဲ့ပါသလား။ လက်ရှိအခြေအနေအရ ပြောင်းလဲမှုများသည် ၎င်းဥပဒေများကိုလည်း ပြောင်းလဲရန်လိုအပ်ပါသလား။

၅။ အစိုးရအဖွဲ့အတွင်း လူမှုအသိုက်အဝန်းစုံကို ကိုယ်စားပြုမှု အာမခံချက်ပေးရန် ကွဲပြားသည့် လူ့အဖွဲ့အစည်းမှ တောင်းဆိုသည့်အပေါ် အခြေအနေအလိုက် ထည့်သွင်းစဉ်းစားမှုများရှိပါသလား။ ဤသို့ စီစဉ်ဆောင်ရွက်မှုအတွက် ဆိုးကျိုးများရှိလာနိုင်ပါသလား။ ၎င်းဆိုးကျိုးများသည် လက်ခံနိုင်စရာ ရှိပါသလား။ အစိုးရဖွဲ့စည်းခြင်းကို သက်ရောက်မှုမရှိဘဲ အခြားသောမည်သည့်နည်းလမ်းများဖြင့် လူမှုအသိုင်းအဝိုင်းများ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန် စဉ်းစားနိုင်ပါသနည်း (ဘာသာစကားဆိုင်ရာ အခွင့်အရေးကို အာမခံပေးခြင်း၊ နယ်မြေပိုင်းခြားထားမှုမရှိသော အခွင့်အာဏာများ၊ ပုဂ္ဂိုလ်တစ်ဦးချင်း၏ အဆင့်အတန်းနှင့်ဆိုင်သော ဥပဒေများ၊ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်း၊ လူနည်းစု၏ ဗီတိုအာဏာ အစရှိသဖြင့်)။

၆။ အစိုးရဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်းဆိုင်ရာယန္တရားများတွင် ခိုင်မာမှု၊ ပြည့်စုံမှု လုံလောက်စွာ ရှိပါသလား။ ၎င်းလုပ်ငန်းစဉ်များအကြား လစ်ဟာမှုမရှိသည်မှာ သေချာပါသလား (ဥပမာအနေဖြင့် အကြပ်အတည်းကို ဖြေရှင်းရန် ယန္တရားလည်းမရှိ၊ အစိုးရလည်း မဖွဲ့စည်းနိုင်ဖြစ်နေသော အချိန်၊ သို့မဟုတ် အစိုးရနုတ်ထွက်ပြီး ယာယီအိမ်စောင့် အစိုးရတာဝန် ယူထားရန်မရှိသော အချိန်တို့ဖြစ်သည်)။

၇။ အစိုးရဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်းဥပဒေများသည် လွှတ်တော် ဖျက်သိမ်းခြင်း ဥပဒေများနှင့် ကိုက်ညီနေမှုရှိပါသလား။ ၎င်းတို့သည် ရှေ့နောက်ကျိုးကြောင်းဆီလျော်ကိုက်ညီနေမှုများ ရှိပါသလား။

# ၈။ ဥပမာများ

## အားနည်းသော ပါလီမန်စနစ်

ဇယား ၇.၁ - ဘင်္ဂလားဒေ့ရှ်။ ယုံကြည်မှုကိုအခြေခံ၍ ခန့်အပ်ရန် အခွင့်အာဏာရှိသော အားနည်းသော ဖွဲ့စည်းခြင်း စည်းမျဉ်း

| | |
|---|---|
| အစိုးရဖွဲ့စည်းခြင်း စည်းမျဉ်းများ | 'သမ္မတသည် ဝန်ကြီးချုပ်ကို လွှတ်တော်အမတ်များထဲမှ အများစု ထောက်ခံမှု ရရှိနိုင်မည့်သူကို ရွေးချယ်ခန့်အပ်နိုင်သည်။' |
| ရှေ့မတိုးနောက်မဆုတ်သာ အကြပ်အတည်းဖြေရှင်းခြင်း ယန္တရား | ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းများ မရှိပါ (သို့သော်လည်း လွှတ်တော်သက်တမ်း ဖျက်သိမ်းခြင်းအတွက် ပြဋ္ဌာန်းချက်ရှိသည်)။ |
| အစိုးရဖယ်ရှားခြင်း ဥပဒေ | 'အစိုးရအဖွဲ့သည် လွှတ်တော်သို့ အဖွဲ့လိုက် တာဝန်ခံရသည်။ ဝန်ကြီးချုပ်သည် လွှတ်တော်အမတ်အများစု၏ ထောက်ခံမှု ဆက်လက်မရရှိတော့လျှင် ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် သမ္မတထံသို့ လွှတ်တော်ကိုဖျက်သိမ်းရန် စာရေးသား အကြံပေးခြင်း ပြုလုပ်နိုင်သည်။ အကယ်၍ ဝန်ကြီးချုပ်က ဤသို့ အကြံပြုလျှင်၊ လွှတ်တော်အမတ်အများစု၏ ထောက်ခံမှုကို မည်သည့် လွှတ်တော်အမတ်မှ ရရှိနိုင်ခြင်းမရှိတော့သည်ကို လက်ခံလျှင် သမ္မတသည် လွှတ်တော်ကို ဖျက်သိမ်းရမည် ဖြစ်သည်။' |
| ဝန်ကြီးများကိုခန့်အပ်ခြင်း | 'ဆယ်ပုံတွင် ကိုးပုံထက်မနည်းသော [ဝန်ကြီးများ] ကို လွှတ်တော်အမတ်များထဲမှ ခန့်အပ်ရမည်။ ဆယ်ပုံ တစ်ပုံထက်မပိုသော အရေအတွက်ကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရန် အရည်အချင်းနှင့် ကိုက်ညီသော ပုဂ္ဂိုလ်များထဲမှ ရွေးချယ်နိုင်သည်။' 'အကယ်၍ လွှတ်တော် ဖျက်သိမ်းခြင်းနှင့် နောက်အထွေထွေလွှတ်တော် အမတ်ရွေးကောက်ပွဲ အကြား အကြောင်းအရာတစ်ရပ်ရပ် [ဝန်ကြီးအဖွဲ့ခန့်အပ်ခြင်း] ပေါ်ပေါက်လာခဲ့လျှင် ဖော်ပြပါ လွှတ်တော်မဖျက်သိမ်းမီ နောက်ဆုံးအဖွဲ့ဝင် ဖြစ်ခဲ့သောပုဂ္ဂိုလ်တို့အား ဤပုဒ်မအရ အဖွဲ့ဝင်များဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်သည်။' ဝန်ကြီးအရေအတွက်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ စည်းမျဉ်းများ မရှိပေ။ |

| | |
|---|---|
| ယာယီအိမ်စောင့်တာဝန်အတွက် ပြဋ္ဌာန်းချက် | ဝန်ကြီးချုပ်၏ နေရာအတွက် ဆက်ခံမည့်သူ ရောက်ရှိလာမည့် အချိန်အထိ ဝန်ကြီးချုပ် ဆက်လက်တာဝန်ယူ ထားခြင်းကို ပိတ်ပင်တားဆီးထားသော အချက်မရှိပေ။ |
| အထွေထွေမှတ်ချက်များ | ဘင်္ဂလားဒေ့ရှ်သည် အားနည်းသော ပါလီမန်စနစ်၏ ဥပမာတစ်ခုဖြစ်သည်။ အစိုးရဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော်တွင် ရွေးကောက်ပွဲ ပြုလုပ်ခြင်း၊ ရွေးကောက်တင်မြှောက်ရန် မဲခွဲဆုံးဖြတ်ခြင်း၊ အယုံအကြည်ရှိ မဲခွဲခြင်းတို့အတွက် မည်သည့် လိုအပ်ချက်မျှမရှိပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ သမ္မတသည် လွှတ်တော်ကိုယ်စားလှယ်အများစု၏ ယုံကြည်မှုကို အရရှိနိုင်ဆုံး ကိုယ်စားလှယ်တစ်ဦးကို ဝန်ကြီးချုပ်ခန့်အပ်နိုင်သည်။ ဤအချက်သည် အကြပ်အတည်း ဖြေရှင်းခြင်းယန္တယားတိတိကျကျ မရှိခြင်းမှာ အရေးမကြီးတော့ကြောင်းကို ဆိုလိုသည်။ သမ္မတသည် အမြဲတမ်း ဝန်ကြီးချုပ်ကို ခန့်အပ်နိုင်ပြီး ဝန်ကြီးချုပ်သည် မိမိလွှတ်တော်တွင် မရှုံးနိမ့်မီ သမ္မတထံ လွှတ်တော်ကို ဖျက်သိမ်းရန် အကြံပြုလာရုံမျှဖြင့် ရွေးကောက်ပွဲအသစ် ကျင်းပနိုင်မည် ဖြစ်သည်။ |

## အားကောင်းသော ပါလီမန်စနစ်

### ဇယား ၇.၂ - အိုင်ယာလန်။ ပါလီမန်ဆုံးဖြတ်ချက်ဖြင့် ဝန်ကြီးချုပ်ကို အဆိုပြုခြင်း

| | |
|---|---|
| အစိုးရဖွဲ့စည်းခြင်း စည်းမျဉ်းများ | 'သမ္မတသည် ဒွိုင်အဲရန် [အောက်လွှတ်တော်] ၏ အဆိုပြုခြင်းအပေါ်တွင် တီးရှစ် [ဝန်ကြီးချုပ်] ကို ခန့်အပ်သည်။' |
| ရှေ့မတိုးနောက်မဆုတ်သာ အကြပ်အတည်းဖြေရှင်းခြင်း ယန္တရား | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းများ မရှိပေ။ |
| အစိုးရဖယ်ရှားခြင်း ဥပဒေ | 'သမ္မတသည် တီးရှစ် [ဝန်ကြီးချုပ်]၏ အကြံပြုချက်ဖြင့် မည်သည့် အစိုးရ အဖွဲ့ဝင်ကိုမဆို ဖယ်ရှားခြင်း သို့မဟုတ် နုတ်ထွက်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။'<br>'ဝန်ကြီးချုပ်၏ ဖျက်သိမ်းရန် အကြံပြုချက်ဖြင့်  သမ္မတက ဒွိုင်အဲရန်ကို ဖျက်သိမ်းပြီးနောက် ပြန်လည် ကျင်းပသည့် ဒွိုင်အဲရန်တွင် ဝန်ကြီးချုပ်သည် အများစု၏ ထောက်ခံမှုကိုရရှိသည့် အနေအထားမှအပ  ဝန်ကြီးချုပ်သည် ဒွိုင်အဲရန်မှ အများစု၏ထောက်ခံမှုကို မရရှိတော့သောအခါ နုတ်ထွက်ရမည်။' |
| ဝန်ကြီးများကိုခန့်အပ်ခြင်း | ဝန်ကြီးချုပ်၊ ဒုဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဌာနကို ကွပ်ကဲသည့် အစိုးရအဖွဲ့ဝင်တို့သည် ဒွိုင်အဲရန်၏ ကိုယ်စားလှယ်များ ဖြစ်ရမည်။ အခြားသော အစိုးရ အဖွဲ့ဝင်များသည် ဒွိုင်အဲရန် သို့မဟုတ်  ရှနန်အဲရန် [အထက်လွှတ်တော်]၏ ကိုယ်စားလှယ်များ ဖြစ်ရမည်။ သို့သော် ရှနန်အဲရန်၏ ကိုယ်စားလှယ်သည် နှစ်ဦးထက်ပိုခွင့်မရှိပါ။ အစိုးရအဖွဲ့သည် ခုနစ်ဦးထက် မလျော့နည်းဘဲ ဆယ့်ငါးဦးထက်လည်း မများဘဲ ပါဝင်ဖွဲ့စည်းရမည်။ |

| | |
|---|---|
| ယာယီအိမ်စောင့်တာဝန်အတွက် ပြဋ္ဌာန်းချက် | အကယ်၍ မည်သည့်အချိန်တွင်မဆို ဝန်ကြီးချုပ်နုတ်ထွက်လျှင် အခြားသော အစိုးရအဖွဲ့ဝင်များလည်း နုတ်ထွက်ရန် စဉ်းစားရမည်။ သို့သော် ဝန်ကြီးချုပ်နှင့် အခြားသော အစိုးရအဖွဲ့ဝင်များသည် နောင်ဆက်ခံမည့်သူများ ခန့်အပ်ပြီးချိန်အထိ ၎င်းတို့၏ တာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။ ဒွိုင်အဲရန် ဖျက်သိမ်းသည့် နေ့အထိ တာဝန်ယူလျက်ရှိသော အစိုးရအဖွဲ့ဝင်များသည် ၎င်းတို့၏ နေရာကို ဆက်ခံမည့်သူများ ခန့်အပ်ပြီးချိန်အထိ ဆက်လက်တာဝန် ထမ်းဆောင်ရမည်။ |
| အထွေထွေမှတ်ချက်များ | အိုင်ယာလန်သည် ဝန်ကြီးချုပ်ကို လွှတ်တော်မှ အဆိုပြုရသည့် ဥပမာတစ်ခုဖြစ်ပြီး ဝန်ကြီးချုပ်ခန့်အပ်ခြင်းနှင့် အစိုးရအဖွဲ့ဝင်များကို ခန့်အပ်ခြင်းတို့တွင် လွှတ်တော်၏ အတည်ပြုချက်လိုအပ်သည်။ အစိုးရသည် လွှတ်တော်၏ ယုံကြည်မှုကိုဆုံးရှုံးလျှင် နုတ်ထွက်ရမည်ဖြစ်သည်။ |

## ဇယား ၇.၃ - ဂျာမနီ။ နိုင်ငံတော်အကြီးအကဲ၏ ကနဦးအဆိုပြုချက်ဖြင့် လွှတ်တော်မှ ရွေးကောက်ပွဲပြုလုပ်ခြင်း

| | |
|---|---|
| အစိုးရဖွဲ့စည်းခြင်း စည်းမျဉ်းများ | 'ဖက်ဒရယ်ဝန်ကြီးချုပ်ကို ဘွန်းဒက်စတတ်ဂ် [ဖက်ဒရယ်လွှတ်တော်] မှ ဖက်ဒရယ်သမ္မတ၏ အဆိုပြုချက် အပေါ်တွင် ဆွေးနွေးငြင်းခုံမှုမရှိဘဲ ရွေးချယ်တင်မြှောက်ရသည်။ ဘွန်းဒက်စတတ်ဂ်၏ ကိုယ်စားလှယ်အများစု ထောက်ခံမဲ ရရှိသူကို ရွေးချယ်တင်မြှောက်ရမည်။ ရွေးချယ်တင်မြှောက်ခံရသူကို ဖက်ဒရယ်သမ္မတမှ ခန့်အပ်ရမည်။ |
| ရှေ့မတိုးနောက်မဆုတ်သာ အကြပ်အတည်းဖြေရှင်းခြင်း ယန္တရား | ဖက်ဒရယ်သမ္မတမှ အဆိုပြုသောသူ ရွေးကောက်တင်မြှောက်ခြင်း မခံရလျှင် ဘွန်းဒက်စတတ်ဂ်သည် ၁၄ ရက်အတွင်း ၎င်း၏ ကိုယ်စားလှယ်ထောက်ခံမဲ ထက်ဝက်ကျော် ရရှိသူအား ဖက်ဒရယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ရမည်။ ဤကာလအတွင်း မည်သည့် ဖက်ဒရယ် ဝန်ကြီးချုပ်မှ ရွေးချယ်တင်မြှောက်ခြင်း မခံရလျှင် ကြန့်ကြာနှောင့်နှေးမှုမရှိဘဲ ဝန်ကြီးချုပ် ရွေးကောက်ပွဲ အသစ်တစ်ခု ကျင်းပရမည်ဖြစ်ပြီး ၎င်းရွေးကောက်ပွဲတွင် မဲအရေအတွက် အများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်ရမည်။ ရွေးချယ်တင်မြှောက်ခံရသူသည် ဘွန်းဒက်စတတ်ဂ်၏ ထောက်ခံမဲအများစုကိုရရှိလျှင် ဖက်ဒရယ် သမ္မတသည် ရွေးကောက်ပွဲပြီးနောက် ခုနစ်ရက်အတွင်း ရာထူးခန့်အပ်ရမည်။ ရွေးချယ်တင်မြှောက်ခံရသူသည် ဤသို့ မဲအများစု မရရှိလျှင် ခုနစ်ရက်အတွင်း ဖက်ဒရယ်သမ္မတသည် ၎င်းကို ခန့်အပ်ခြင်း သို့မဟုတ် ဘွန်းဒက်စတတ်ဂ်ကို ဖျက်သိမ်းခြင်းတစ်ခုခု ပြုလုပ်နိုင်သည်။ |

| | |
|---|---|
| **အစိုးရဖယ်ရှားခြင်း ဥပဒေ** | *အယုံအကြည်ရှိမှု မဲခွဲရှုံးနိမ့်ခြင်းဖြင့် ဖယ်ရှားခြင်း*<br>ဖက်ဒရယ်ဝန်ကြီးချုပ်အား အယုံအကြည်ရှိမဲပေးရန် အဆိုပြုချက်ကို ဘွန်းဒက်စတတ်ဂ်၏ ကိုယ်စားလှယ်အများစုမှ မထောက်ခံလျှင် ဖက်ဒရယ်ဝန်ကြီးချုပ်၏ အဆိုပြုချက်ဖြင့် သမ္မတမှ ဘွန်းဒက်စတတ်ဂ်ကို ၂၁ ရက်အတွင်း ဖျက်သိမ်းခြင်း ပြုလုပ်နိုင်လိမ့်မည်။ ဖျက်သိမ်းနိုင်ခြင်း အခွင့်အရေးသည် ဘွန်းဒက်စတတ်ဂ်မှ နောက်ထပ် ဖက်ဒရယ်ဝန်ကြီးချုပ်တစ်ဦးကို မဲအများစုဖြင့် ရွေးကောက်တင်မြှောက်ပြီးသည်နှင့် ဆက်လက် အကျုံးဝင်တော့မည်မဟုတ်ပါ။ အဆိုပြုချက်နှင့် မဲပေးခြင်းအကြား ၄၈ နာရီ အချိန်ခြားထားရမည်ဖြစ်သည်။<br><br>*အယုံအကြည်ရှိမရှိ မဲခွဲဆုံးဖြတ်ခြင်းဖြင့် အစားထိုးခြင်းနှင့် ဖယ်ရှားခြင်း*<br>ဘွန်းဒက်စတတ်ဂ်သည် နောက်ထပ်ရာထူးဆက်ခံမည့် ပုဂ္ဂိုလ်တစ်ဦးကို ၎င်းတို့၏ ကိုယ်စားလှယ်အများစုထောက်ခံမဲဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြင့် လက်ရှိဖက်ဒရယ်ဝန်ကြီးချုပ်အပေါ် အယုံအကြည်ကင်းမဲ့မှုကို ဖော်ထုတ်ပြနိုင်သည်။ ထို့နောက် ဝန်ကြီးချုပ်အား ဖြုတ်ချပေးရန် ဖက်ဒရယ်သမ္မတကို တောင်းဆိုနိုင်သည်။ ဖက်ဒရယ်သမ္မတသည်တောင်းဆိုမှုကို လိုက်နာပြီး ရွေးကောက်ခံရသူကို ခန့်အပ်ရမည်။ အဆိုပြုချက်နှင့် ရွေးကောက်ပွဲအကြား ၄၈ နာရီ အချိန် ခြားထားရမည်ဖြစ်သည်။ |
| **ဝန်ကြီးများကိုခန့်အပ်ခြင်း** | ဖက်ဒရယ်ဝန်ကြီးချုပ်၏ အဆိုပြုတင်သွင်းခြင်း အပေါ်တွင် သမ္မတမှ ခန့်အပ်ရမည်။ လွှတ်တော်၏ အတည်ပြုချက် မလိုအပ်ပါ။ |
| **ယာယီအိမ်စောင့်တာဝန်အတွက် ပြဋ္ဌာန်းချက်** | ဖက်ဒရယ်သမ္မတ၏ တောင်းဆိုမှုဖြင့် ဖက်ဒရယ်ဝန်ကြီးချုပ်သည်လည်းကောင်း၊ ဖက်ဒရယ်ဝန်ကြီးချုပ်၏ တောင်းဆိုမှုဖြင့် သို့မဟုတ် ဖက်ဒရယ် သမ္မတ၏ တောင်းဆိုမှုဖြင့် ဖက်ဒရယ်ဝန်ကြီးသည် ၎င်း၏ တာဝန်ကို နောင်ဆက်ခံမည့်သူ ခန့်အပ်ပြီးသည့် အချိန်အထိ ဆက်လက် ထမ်းဆောင်ရမည်။ |
| **အထွေထွေမှတ်ချက်များ** | ဂျာမနီ၏ အစိုးရဖွဲ့စည်းခြင်းစနစ်ကို တခါတရံ 'ဝန်ကြီးချုပ်-ဒီမိုကရေစီ ဟု ညွှန်းဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် (အစိုးရ၏ ကျန်ရှိသူများမပါဘဲ) ဝန်ကြီးချုပ်ကိုသာလျှင် လွှတ်တော်မှအတည်ပြုရသောကြောင့် ဖြစ်သည်။ |

## ဇယား ၇.၄ - ဂရိ။ ညွှန်ကြားချက်များဖြင့် ဖွဲ့စည်းခြင်းစည်းမျဉ်းများ (အမတ်နေရာရရှိမှု အရေအတွက် အပေါ်အခြေခံ၍ ပါတီအကြီးဆုံး၏ခေါင်းဆောင်)

| | |
|---|---|
| **အစိုးရဖွဲ့စည်းခြင်း စည်းမျဉ်းများ** | 'လွှတ်တော်တွင် အမတ်နေရာ အများစု [ထက်ဝက်ကျော်] ရရှိသော ပါတီ၏ ခေါင်းဆောင်ကို ဝန်ကြီးချုပ်ခန့်အပ်ရမည်။ အကယ်၍ မည်သည့်ပါတီမှ ထောက်ခံမဲ အများစုမရရှိလျှင် နိုင်ငံတော်သမ္မတသည် နေရာအများစု ရရှိထားသည့် ပါတီခေါင်းဆောင်အား  လွှတ်တော်၏ယုံကြည်မှုကိုရရှိပြီး အစိုးရဖွဲ့စည်းနိုင်ရန် ဖြစ်နိုင်ချေရှိမရှိ လေ့လာဖော်ထုတ်နိုင်ခွင့်ကို ပေးအပ်ရမည်။ အကယ်၍ ဤနည်းလမ်းအတိုင်း မအောင်မြင်နိုင်လျှင် သမ္မတသည် ဤလုပ်ပိုင်ခွင့်ကို လွှတ်တော်တွင် ဒုတိယမဲ အများဆုံးရရှိသည့် ပါတီကို ပေးအပ်ရမည်။ အကယ်၍ မအောင်မြင်လျှင် လွှတ်တော်တွင် တတိယ မဲအများဆုံးရရှိသည့် ပါတီခေါင်းဆောင်ကို ပေးအပ်ရမည်။ လေ့လာဖော်ထုတ်နိုင်မှု လုပ်ပိုင်ခွင့် တစ်ခုစီသည် သုံးရက်အကြာ ကျင့်သုံးခွင့်ရမည် ဖြစ်သည်။ |
| **ရှေ့မတိုးနောက်မဆုတ်သာ အကြပ်အတည်းဖြေရှင်းခြင်း ယန္တရား** | 'အကယ်၍ လေ့လာဖော်ထုတ်နိုင်ခွင့် အားလုံးမအောင်မြင်လျှင် နိုင်ငံတော် သမ္မတသည် ပါတီခေါင်းဆောင်အားလုံးကို ဆင့်ခေါ်ရမည်။ အကယ်၍ လွှတ်တော်၏ ယုံကြည်မှုကိုရရှိသည့် အစိုးရဖွဲ့စည်းရန် မဖြစ်နိုင်သည်မှာ သေချာလျှင် နိုင်ငံတော်သမ္မတသည် လွှတ်တော်ရွေးကောက်ပွဲကျင်းပရန် ရည်ရွက်ချက်ဖြင့် လွှတ်တော်တွင်းရှိ ပါတီအားလုံး ပါဝင်သော အစိုးရအဖွဲ့ ဖွဲ့စည်းရန် ကြိုးစားရမည်။ အကယ်၍ ဤနည်းလမ်း မအောင်မြင်လျှင် နိုင်ငံတော်သမ္မတသည် စီမံအုပ်ချုပ်ရေး တရားလွှတ်တော်ချုပ် သို့မဟုတ် တရားမမှုနှင့် ရာဇဝတ်မှု တရားလွှတ်တော်ချုပ် သို့မဟုတ် စာရင်းစစ်ရုံး၏ အကြီးအကဲကို ရွေးကောက်ပွဲ အမြန်ဆုံး ကျင်းပနိုင်ရန် အများလက်ခံ နိုင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းခိုင်းရမည်။ ထို့နောက် လွှတ်တော်ကို ဖျက်သိမ်းရမည်။' |

**အစိုးရဖယ်ရှားခြင်း ဥပဒေ**

‘နိုင်ငံတော်သမ္မတသည် အစိုးရအဖွဲ့ နုတ်ထွက်လျှင် သို့မဟုတ် လွှတ်တော်မှ ယုံကြည်မှုကို ပြန်လည်ရုတ်သိမ်းလျှင် အစိုးရအဖွဲ့ကို ၎င်းတို့၏ တာဝန်များမှ ဖယ်ရှားရမည်။’

‘အစိုးရသည် လွှတ်တော်၏ ယုံကြည်မှုကို ရရှိရမည်။ ဝန်ကြီးချုပ်ကျမ်းသစ္စာ ကျိန်ဆိုပြီး ၁၅ ရက်အတွင်း လွှတ်တော်မှ အစိုးရအဖွဲ့အပေါ်တွင် ယုံကြည်မှု ရှိမရှိ မဲခွဲရန် တောင်းဆိုနိုင်သည်။ အခြားမည်သည့် အချိန်တွင်မဆိုလည်း ဤသို့ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ အကယ်၍ အစိုးရဖွဲ့စည်းလိုက်သော အချိန်တွင် လွှတ်တော်လုပ်ငန်းများကို ရပ်ဆိုင်းထားလျှင် အယုံအကြည်ရှိ အဆိုကို ဖြေရှင်းရန် ၁၅ ရက်အတွင်း အစည်းအဝေးခေါ် ယူရမည်ဖြစ်သည်။

လွှတ်တော်သည် အစိုးရအဖွဲ့ကို သို့မဟုတ် အစိုးရအဖွဲ့ဝင်များကို ၎င်း၏ ယုံကြည်မှုအား ပြန်လည် ရုတ်သိမ်းရန် ဆုံးဖြတ်နိုင်သည်။ စွပ်စွဲပြစ်တင်ခြင်း အဆိုကို လွှတ်တော်မှ ပယ်ချထားပြီး ၆ လမပြည့်မီ ဤသို့သော အဆိုကို ပြန်လည်တင်သွင်းခြင်း မပြုနိုင်ပေ။

စွပ်စွဲပြစ်တင်ခြင်းကို လွှတ်တော်ကိုယ်စားလှယ် အရေအတွက်၏ ၆ ပုံ ၁ ပုံမှ အနည်းဆုံး လက်မှတ်ထိုးရမည်။ ဆွေးနွေးငြင်းခုံမှု ပြုလုပ်ရမည့် အကြောင်း အရာကိုလည်း ရှင်းလင်းစွာ တင်ပြရမည်။

ချွင်းချက်အနေဖြင့် စွပ်စွဲပြစ်တင်ခြင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် အားလုံးအနက် အများစုက လက်မှတ်ရေးထိုးလျှင် ၆ လမပြည့်မီ တင်သွင်း နိုင်သည်။

အစိုးရမှ ချက်ချင်းဆောင်ရွက်ပေးရန် တောင်းဆိုမှု မရှိလျှင် စွပ်စွဲပြစ်တင်ခြင်း သို့မဟုတ် အယုံအကြည်ရှိမှု အဆိုကို ဆွေးနွေးငြင်းခုံမှုအား အဆိုတင်သွင်း ပြီးနောက် နှစ်ရက်အကြာတွင် ဆွေးနွေးရမည်။ အမှုကိစ္စအားလုံးတွင် သုံးရက်ထက်ပိုကြာ၍ ဆွေးနွေးငြင်းခုံမှုများ မဆောင်ရွက်ရ။ အယုံအကြည် ရှိမှုအဆို သို့မဟုတ် စွပ်စွဲပြစ်တင်ခြင်း အဆိုအား မဲခွဲခြင်းကို ဆွေးနွေးငြင်းခုံ မှုပြီးနောက် ချက်ချင်းပြုလုပ်ရမည်။ သို့သော် အစိုးရမှ တောင်းဆိုမှုရှိခဲ့လျှင် ၄၈ နာရီ ဆိုင်းငံ့ထားနိုင်သည်။

အယုံအကြည်ရှိမှု အဆိုကို တက်ရောက်လာသော လွှတ်တော် ကိုယ်စားလှယ်၏ ထက်ဝက်ကျော်မှ ထောက်ခံမှု မရှိလျှင် ၎င်းအဆိုကို လက်ခံနိုင်မည်မဟုတ်ပါ။ သို့သော် တက်ရောက်လာသည့် လွှတ်တော် ကိုယ်စားလှယ် အရေအတွက်သည် စုစုပေါင်း ကိုယ်စားလှယ် အရေအတွက်၏ ၅ ပုံ ၂ ပုံအောက် လျော့ကျ၍လည်း မရပါ။

| | |
|---|---|
| ဝန်ကြီးများကိုခန့်အပ်ခြင်း | ‘နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်ကို ခန့်အပ်ပြီး ဝန်ကြီးချုပ်၏ အကြံပြုချက်ဖြင့် အခြားသော အစိုးရအဖွဲ့ဝင်များနှင့် အရာရှိများကို ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းတို့သည် ဥပဒေက သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။’ |
| ယာယီအိမ်စောင့် တာဝန်အတွက် ပြဋ္ဌာန်းချက် | ‘ဝန်ကြီးချုပ် နုတ်ထွက်လျှင်၊ ဆုံးပါးသွားလျှင် သို့မဟုတ် ကျန်းမာရေးကြောင့် ဆက်လက် တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင် သမ္မတသည် လွှတ်တော် အတွင်း ဝန်ကြီးချုပ်ရှိခဲ့သော ပါတီအဖွဲ့မှ အဆိုပြုသောသူကို ဝန်ကြီးချုပ် ခန့်အပ်ရမည်။ လွှတ်တော်မှ ယတိပြတ် အများစု ထောက်ခံသည်ဟု မှတ်ယူရမည်။’ ဝန်ကြီးချုပ်အသစ် ခန့်အပ်ပြီးချိန်အထိ ဝန်ကြီးချုပ်၏ တာဝန်များကို ဒုဝန်ကြီးချုပ်မှ ထမ်းဆောင်ရမည်။ ဒုဝန်ကြီးချုပ် ခန့်အပ်ထားခြင်း မရှိခဲ့လျှင် ဝန်ကြီးအဖွဲ့မှ ရာထူး/ဝါ အစဉ်အလိုက် ပထမဆုံးဝန်ကြီးမှ ထမ်းဆောင်ရမည်။ |
| အထွေထွေမှတ်ချက်များ | ဂရိဖွဲ့စည်းပုံ အခြေခံဥပဒေသည် အစိုးရဖွဲ့စည်းခြင်းနှင့် ပတ်သက်သော ညွှန်ကြားချက်များ အသေးစိတ်ပါဝင်မှု အတိုင်းအတာတွင် တမူထူးခြားသည်။ ထက်ဝက်ကျော်နိုင်သော ပါတီ၏ ခေါင်းဆောင်ကို အစိုးရအဖွဲ့ ခေါင်းဆောင် ရာထူးပေးခြင်းနှင့်အတူ၊ သို့မဟုတ် ဤကဲ့သို့ အခြေအနေ မရှိလျှင် လွှတ်တော်တွင် မဲအများစု ရရှိထားသော ပါတီခေါင်းဆောင်ကို ၎င်းရာထူးပေးအပ်ခြင်းစသည့် အချက်နှစ်ချက် တို့ကြောင့်ဖြစ်သည်။ ဂရိ၏ နမူနာနှင့် ပတ်သက်၍ မှတ်သားသင့်သည်မှာ အစိုးရဖွဲ့ခြင်း လုပ်ငန်းစဉ်ကို ရွေးကောက်ပွဲစနစ်ဖြင့် ပိုအားကောင်းအောင် ဆောင်ရွက်ထားခြင်းဖြစ်သည်။ အထွေထွေရွေး ကောက်ပွဲတွင် မဲအများအပြား အနိုင်ရသော ပါတီမှ နေရာများများရနိုင်သည့် စနစ်ဖြစ်သည်။ |

## ဇယား ၇.၅ - ဆွီဒင်။ လွှတ်တော်မှ အတည်ပြုရခြင်း

| | |
|---|---|
| အစိုးရဖွဲ့စည်းခြင်း စည်းမျဉ်းများ | ‘ဝန်ကြီးချုပ်ကို ခန့်အပ်သောအခါ လွှတ်တော်ဥက္ကဋ္ဌသည် ရစ်ဒတ်ဂ် [လွှတ်တော်] တွင်ရှိသော ပါတီတစ်ဖွဲ့ချင်းစီမှ ဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်များကို ဆင့်ခေါ်ရမည်။ ဥက္ကဋ္ဌသည် ရစ်ဒတ်ဂ်သို့ အဆိုပြုလွှာ မတင်မီ ဒုဥက္ကဋ္ဌနှင့် ဆွေးနွေးရမည်။ ရစ်ဒတ်ဂ်သည် ကော်မတီတွင် ကြိုတင်ပြင်ဆင်ခြင်းမရှိဘဲ လေးရက်အတွင်း အဆိုပြုချက်ကို မဲပေးရမည်။ ရစ်ဒတ်ဂ်၏ ထက်ဝက်ကျော်မှ အဆိုပြုလွှာကို ကန့်ကွက်မဲပေးလျှင် ၎င်းအဆိုကို ပယ်ချခံရမည်။ ထိုသို့မဟုတ်သော အခြေအနေတွင် အတည်ပြုကြသည်။’ |

| | |
|---|---|
| ရှေ့မတိုးနောက်မဆုတ်သာ အကြပ်အတည်းဖြေရှင်းခြင်း ယန္တရား | 'ရစ်ဒတ်ဂ်မှ ဥက္ကဋ္ဌ၏ အဆိုကို ပယ်ချလျှင် အထက်ပါ လုပ်ငန်းစဉ်အတိုင်း ထပ်မံဆောင်ရွက်သည်။ အကယ်၍ ရစ်ဒတ်ဂ်မှ ဥက္ကဋ္ဌ၏ အဆိုကို လေးကြိမ် တိတိပယ်ချလျှင် ဝန်ကြီးချုပ်ခန့်အပ်ခြင်း လုပ်ငန်းကို ရပ်ဆိုင်းရသည်။ လွှတ်တော် ရွေးကောက်ပွဲ ကျင်းပပြီးမှသာ ပြန်လည်ဆောင်ရွက်ရမည်။ သုံးလအတွင်း သာမန်ရွေးကောက်ပွဲများ မကျင်းပဖြစ်ခဲ့လျှင် ထူးခြား ရွေးကောက်ပွဲကို သက်တမ်းကာလ တစ်ခုထဲတွင် ကျင်းပရမည်။' |
| အစိုးရဖယ်ရှားခြင်း ဥပဒေ | 'ရစ်ဒတ်ဂ်မှ ဝန်ကြီးချုပ် သို့မဟုတ် ၎င်းအစိုးရအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဦးကို အယုံအကြည်မရှိကြောင်း ကြေညာလျှင် ဥက္ကဋ္ဌသည် သက်ဆိုင်ရာ ဝန်ကြီးကို အနားပေးရမည်။ သို့သော်လည်း အစိုးရသည် အယုံအကြည်မရှိ ကြေညာပြီး တစ်ပတ်အတွင်း ထူးခြား လွှတ်တော်ရွေးကောက်ပွဲကျင်းပရန် အမိန့်ပေးလျှင် ဝန်ကြီးသည် အနားပေးခံရမည် မဟုတ်ပေ။'<br><br>'အစည်းအဝေးခေါ်ယူပြီး နှစ်ပတ်ထက် နောက်မကျဘဲ အသစ်ရွေးကောက် ခံရသူများနှင့် ဖွဲ့စည်းထားသော ရစ်ဒတ်ဂ်သည် ဝန်ကြီးချုပ်အပေါ် လုံလောက်သော ထောက်ခံမှုရှိမရှိ မဲခွဲဆုံးဖြတ်ရမည်။ အကယ်၍ ရစ်ဒတ်ဂ်၏ ထက်ဝက်ကျော်မှ ကန့်ကွက်မဲပေးလျှင် ဝန်ကြီးချုပ်သည် ဖြုတ်ချခံရမည်။ ဝန်ကြီးချုပ်ကို ဖြုတ်ချပြီး ဖြစ်ခဲ့လျှင် မဲခွဲဆုံးဖြတ်စရာ မလိုအပ်တော့ပေ။' |
| ဝန်ကြီးများကိုခန့်အပ်ခြင်း | 'ရစ်ဒတ်ဂ်မှ ဝန်ကြီးချုပ်အသစ် ခန့်အပ်ခြင်းအတွက် အတည်ပြုပြီးသောအခါ ဝန်ကြီးချုပ်သည် ဖြစ်နိုင်သမျှ အမြန်ဆုံး ဝန်ကြီးများ၏အမည်ကို ရစ်ဒတ်ဂ်သို့ အကြောင်းကြားရမည်။ နိုင်ငံတော် အကြီးအကဲ၏ ရှေ့မှောက်တွင် သို့မဟုတ် နိုင်ငံတော်အကြီးအကဲ မရှိခဲ့လျှင် လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက် တွင် အစိုးရသည် နိုင်ငံတော်ကောင်စီ၌ အာဏာလွှဲပြောင်းယူရမည်။ လွှတ်တော်ဥက္ကဋ္ဌသည် ဤကောင်စီသို့ တက်ရောက်ရန် အမြဲတမ်း ဆင့်ခေါ် ခြင်းခံရမည်။ လွှတ်တော်ဥက္ကဋ္ဌသည် ရစ်ဒတ်ဂ်၏ကိုယ်စား ဝန်ကြီးချုပ် ခန့်အပ်လွှာကို ထုတ်ပေးရမည်။'<br><br>'ဝန်ကြီးတစ်ဦးက ကိုယ်တိုင် တောင်းဆိုခဲ့လျှင် ၎င်းအား အနားပေးရမည်။ ဤသို့ အခြေအနေမျိုးတွင် ဝန်ကြီးချုပ်ဆိုလျှင် လွှတ်တော်ဥက္ကဋ္ဌမှ အနားပေး ရမည်။ အခြားသော ဝန်ကြီးများဆိုလျှင် ဝန်ကြီးချုပ်မှ အနားပေးရမည်။ ဝန်ကြီးချုပ်သည် အခြားသော အခြေအနေများတွင်လည်း မည်သည့် ဝန်ကြီးကိုမဆို အနားပေး နိုင်သည်။'<br><br>'ဝန်ကြီးချုပ် အနားပေးခံထားရလျှင် သို့မဟုတ် ဆုံးပါးခဲ့လျှင် အခြားသော ဝန်ကြီးများကို လွှတ်တော်ဥက္ကဋ္ဌမှ အနားပေးခြင်း ပြုလုပ်နိုင်သည်။' |

| | |
|---|---|
| ယာယီအိမ်စောင့် တာဝန်အတွက် ပြဋ္ဌာန်းချက် | 'အစိုးရအဖွဲ့ဝင်အားလုံး အနားပေးခြင်းခံရလျှင် အစိုးရအသစ် တာဝန်ယူသည့် အချိန်အထိ ၎င်းတို့၏ တာဝန်များကို ဆက်လက် ထမ်းဆောင်ရမည်။ ဝန်ကြီးချုပ်မှလွဲ၍ ဝန်ကြီးတစ်ဦးဦးမှ ၎င်း၏ တောင်းဆိုချက်အရ အနားပေးခြင်းခံသောအခါ ဝန်ကြီးချုပ်မှ တောင်းဆိုခဲ့လျှင် ၎င်း၏တာဝန်ကို ဆက်ခံမည့်သူ ရောက်ရှိသည့် အချိန်ထိ ဆက်လက်တာဝန်ယူပေးရမည်။' |
| အထွေထွေမှတ်ချက်များ | ဆွီဒင်သည် နည်းလမ်းနှစ်ခုတွင် ပုံမှန်မဟုတ်ပေ။ (က) အားကောင်းသော အစိုးရဖွဲ့စည်းခြင်း စည်းမျဉ်းများရှိသည်။ (အစိုးရကိုမခန့်အပ်မီ လွှတ်တော်၏ အတည်ပြုချက်ကို ရရှိရန် လိုအပ်သည်) သို့သော် 'အများစု' ဖြစ်ရန် အလွန်နည်းသည့် သတ်မှတ်ချက်သာ လိုအပ်သည်။ လူနည်းစု အစိုးရဖွဲ့စည်းရန် လွယ်ကူသည်။ (ခ) အဆိုပြုလာသော ကိုယ်စားလှယ်လောင်းကို လွှတ်တော်မှ အတည်ပြုခြင်းအား လွှတ်တော်ဥက္ကဋ္ဌမှ ဆောင်ရွက်သည်။ ဘုရင်မှ ဆောင်ရွက်ခြင်းမဟုတ်ပါ။ ဤနည်းဖြင့် ဘုရင်၏ နိုင်ငံရေးဘက်မလိုက်မှုကို ထိန်းသိမ်းထားသည်။ |

## ဇယား ၇.၆ - ဗနွားတူ။ ဝန်ကြီးချုပ်အတွက် ရွေးကောက်ပွဲကို လွှတ်တော်မှဆောင်ရွက်ခြင်း

| | |
|---|---|
| အစိုးရဖွဲ့စည်းခြင်း စည်းမျဉ်းများ | 'လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဝန်ကြီးချုပ်ကို လွှတ်တော်တွင် လျှို့ဝှက်မဲဖြင့် ရွေးကောက် တင်မြှောက်သည်။ လွှတ်တော် ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော်ထောက်ခံမှုရရှိသော ကိုယ်စားလှယ်သည် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။' |
| ရှေ့မတိုးနောက်မဆုတ်သာ အကြပ်အတည်းဖြေရှင်းခြင်း ယန္တရား | 'အကယ်၍ မည်သည့်ကိုယ်စားလှယ်လောင်းမှ [ထက်ဝက်ကျော်မဲဖြင့်] ရွေးကောက်မခံရလျှင် ဒုတိယအကြိမ်မဲပေးခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။ သို့သော် ပထမအကြိမ်တွင် အနည်းဆုံးမဲ ရရှိသောသူကို ထုတ်ပယ်ရမည်။ ဒုတိယအကြိမ်မဲပေးခြင်းတွင် [ထက်ဝက်ကျော်မဲ] ရရှိသူ မရှိလျှင် နောက်တစ်ကြိမ် ပြန်လည်မဲပေးရမည်။ [ထက်ဝက်ကျော်မဲ] ထောက်ခံမှု ရရှိသူ ပေါ်ထွက်လာသည်အထိ အကြိမ်တိုင်းတွင် အနည်းဆုံးမဲ ရရှိသူကို ထုတ်ပယ်သွားရမည်။ သို့မဟုတ် မဲအများစု ရရှိသည့် ကိုယ်စားလှယ် နှစ်ဦးသာ ကျန်ရှိသည့်အချိန်ထိ ဆောင်ရွက်သွားရမည်။' |
| အစိုးရဖယ်ရှားခြင်း ဥပဒေ | 'ဝန်ကြီးများကောင်စီသည် လွှတ်တော်သို့ အဖွဲ့လိုက် တာဝန်ခံရသည်။ လွှတ်တော်သည် ဝန်ကြီးချုပ်ကို အယုံအကြည်မရှိအဆို တင်နိုင်သည်။ အနည်းဆုံး တစ်ပတ် ကြိုတင်၍ ဤအဆိုကို လွှတ်တော်ဥက္ကဋ္ဌထံ တင်သွင်းနိုင်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ၆ ပုံ ၁ ပုံမှ လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်မှ အဆိုကို ထောက်ခံလျှင် ဝန်ကြီးချုပ်နှင့် အခြားသော ဝန်ကြီးများသည် ၎င်းတို့၏ တာဝန်ကို ချက်ချင်းရပ်ဆိုင်းရမည်။ သို့သော် ဝန်ကြီးချုပ် အသစ်တက်လာသည်အထိ ၎င်းတို့၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်။' |

| | |
|---|---|
| ဝန်ကြီးများကိုခန့်အပ်ခြင်း | 'ဝန်ကြီးချုပ်သည် အခြားသော ဝန်ကြီးများကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ခန့်အပ်ရမည်။ ၎င်းတို့ထဲမှ တစ်ဦးကို ဒုဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရမည်။ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဝန်ကြီးခန့်အပ်ခံရသူများသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းဆောင်နိုင်သည်။' |
| ဝန်ကြီးအရေအတွက် | 'ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီးအရေအတွက်သည် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်၏ ၄ ပုံ ၁ ပုံထက် မကျော်လွန်ရ။' |
| ယာယီအိမ်စောင့်တာဝန်အတွက် ပြဋ္ဌာန်းချက် | 'ဝန်ကြီးအဖွဲ့ကောင်စီသည် မည်သည့်အချိန်တွင်မဆို ဝန်ကြီးချုပ်နုတ်ထွက်ခြင်း သို့မဟုတ် ဆုံးပါးသွားသောအခါ ၎င်းတို့ရာထူး တာဝန်များကို ရပ်ဆိုင်းရမည်။ သို့သော် ဝန်ကြီးချုပ်အသစ် ရွေးကောက်တင်မြှောက်ပြီးချိန်အထိ ၎င်းတို့၏ လုပ်ငန်းများကို ဆက်လက်ထမ်းဆောင်ရမည်။ ဝန်ကြီးချုပ်ဆုံးပါးသွားသည့် အခြေအနေတွင် ဒုဝန်ကြီးချုပ်မှ သို့မဟုတ် ဒုဝန်ကြီးချုပ်မရှိသည့် အချိန်တွင် သမ္မတမှ ခန့်အပ်သော ဝန်ကြီးမှ ဝန်ကြီးချုပ်အသစ် ရွေးကောက် တင်မြှောက်ပြီးချိန်အထိ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ရမည်။' |
| အထွေထွေမှတ်ချက်များ | ဗနွားတူသည် လွှတ်တော်မှ ရွေးကောက်ပွဲ ယှဉ်ပြိုင်မှုဖြင့် ဝန်ကြီးချုပ်ကို တရားဝင် ရွေးကောက်တင်မြှောက်သော ပါလီမန် စနစ်၏ ဥပမာဖြစ်သည်။ သို့သော်လည်း ဤရွေးကောက်ပွဲသည် ပါတီများအကြား ညွန့်ပေါင်းသဘောတူညီမှုများကို ကာကွယ်ရန် လျှို့ဝှက်မဲပေးခြင်းဖြင့် ကျင်းပသည်မှာမူ သမားရိုးကျ မဟုတ်ပေ။ |

# အကိုးအကားများ

**စာတမ်းထဲတွင် ရည်ညွှန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရှာဖွေရန်**

ဤစာစဉ်တွင် ရည်ညွှန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာသားများအား မည်သည့် ရင်းမြစ်မှ ကောက်ယူသည်ဟု ဖော်ပြမထားခဲ့လျှင် Constitute Project ၏ Website ဖြစ်သည့် https://www.constituteproject.org/ မှ ကောက်နုတ်ဖော်ပြထားသည်ဟု မှတ်ယူနိုင်သည်။


Coakley, J. and Gallagher, M., *Politics in the Republic of Ireland*, 5th edn (London: Routledge, 2009)

Harris, B., *A New Constitution for Australia* (London: Cavendish Publishing, 2002)

King, A. and Crewe, I., *Blunders of Our Governments* (London: One World Publishing, 2013)

Palmer, G. and Palmer, M., *Bridled Power: New Zealand's Constitution and Government*, 4th edn (Oxford: Oxford University Press, 2004)

Riaz, A., 'Shifting Tides in South Asia: Bangladesh's Failed Election', *Journal of Democracy*, 25/2 (2014), pp. 119–30

Saunders, C., *The Constitution of Australia: A Contextual Analysis* (Oxford: Hart Publishing, 2011)

Skach, C., *Borrowing Constitutional Designs: Constitutional Law in Weimar Germany and the French Fifth Republic* (Princeton, NJ: Princeton University Press, 2010)

Webber, J., *The Constitution of Canada: A Contextual Analysis* (Oxford: Hart Publishing, 2015)

# နောက်ဆက်တွဲ

## စာရေးသူအကြောင်း

**Elliot Bulmer** သည် International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်ခြင်း အစီအစဉ်မှ အကြီးတန်းအစီစဉ်အရာရှိ တစ်ဦးဖြစ်သည်။ University of Glasgow မှ ပါရဂူဘွဲ့ရ တစ်ဦးဖြစ်ပြီး University of Edinburgh မှ မဟာဝိဇ္ဇာဘွဲ့ ရရှိထားသည်။ International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဖွဲ့စည်းတည်ဆောက်ခြင်းစာစဉ်၏အယ်ဒီတာတစ်ဦးဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်းပုံစံ၊ အင်စတီကျူးရှင်း ဒီဇိုင်းပုံစံတို့ကို နှိုင်းယှဉ်လေ့လာသောဘာသာရပ်ကို အထူးပြုလေ့လာသည်။

## International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် အစိုးရချင်းချိတ်ဆက်လုပ်ကိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ခွင် ရေရှည်တည်တံ့သော ဒီမိုကရေစီရရှိရေးအတွက် ပံ့ပိုးကူညီသည်။ International IDEA သည် အသိပညာများ၊ နှိုင်းယှဉ်လေ့လာမှုများ ပံ့ပိုးပေးခြင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် ပံ့ပိုးကူညီခြင်း၊ မူဝါဒများနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရာတွင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ရေရှည်တည်တံ့သည့် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲမှုများဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။

<https://www.idea.int>

## MyConstitution အစီအစဉ်အကြောင်း

International IDEA ၏ MyConstitution Programme သည် လုပ်ဖော်ဆောင်ဖက် သက်ဆိုင်သူများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းဆိုင်ရာ အသိပညာများကို မြှင့်တင်ပေးခြင်းဖြင့် အလုံးစုံခြုံငုံ စဉ်းစားဆုံးဖြတ်နိုင်သော၊ အများပါဝင်မှုရှိသော၊ ပြည်တွင်းဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

# ဤစာစဉ်နှင့် စပ်လျဉ်း၍

International IDEA မှ ထုတ်ဝေလျက်ရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း" စာတမ်းတိုင်းသည်ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သူများ၏လက်တွေ့ကျကျကြုံတွေ့ရသော ရွေးချယ်မှုများအပေါ်တွင် အကြောင်းအရာအလိုက် စနစ်တကျခွဲခြားတင်ပြခြင်းဖြင့် ရှုပ်ထွေးပွေလီ လှသော အခြေခံဥပဒေဆိုင်ရာ ပြဿနာများကို လွယ်ကူရှင်းလင်းသော နည်းလမ်းများဖြင့် ရှင်းပြနိုင် ရန် ရေးရှုသည်။

၁။ အခြေခံဥပဒေဆိုသည်မှာ အဘယ်နည်း။ အခြေခံ သဘောတရားများနှင့် အယူအဆများ။ *

၂။ ဥပဒေပြုလွှတ်တော် နှစ်ရပ်ထားရှိခြင်း (သို့) Bicameralism*

၃။ တိုက်ရိုက် ဒီမိုကရေစီ စနစ်။ *

၄။ တရားရေးဆိုင်ရာ ရာထူးရွေးချယ် ခန့်အပ်မှုများ။ *

၅။ တရားရေးဆိုင်ရာ ရာထူးများ၏ တည်မြဲပိုင်ခွင့်၊ ထုတ်ပယ်ခြင်း၊ အထူးကင်းလွတ်ခွင့်များနှင့် တာဝန်ခံမှု။ *

၆။ ပါလီမန်စနစ်သုံး ဒီမိုကရေစီနိုင်ငံများရှိ အုပ်ချုပ်ရေးအာဏာ မကျင့်သုံးသော သမ္မတများ။ *

၇။ ပါလီမန်စနစ်သုံး ဒီမိုကရေစီနိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အာဏာကန့်သတ်ထားသော ဧကရာဇ်များ။

၈။ ဘာသာရေးနှင့် နိုင်ငံအကြား ဆက်စပ်မှု။

၉။ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ။ *

၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ထုံးလုပ်နည်းများ။ *

၁၁။ ကန့်သတ်ချက် (ဥပဒေ) အပိုဒ်ငယ်များ။

၁၂။ ဖက်ဒရယ် စနစ်။ *

၁၃။ ဒေသန္တရ ဒီမိုကရေစီစနစ်။ *

၁၄။ သမ္မတလက်ဝယ်ရှိ ဗီတိုအာဏာများ။

၁၅။ သမ္မတလက်ဝယ်ရှိ ဥပဒေပြုရေး အာဏာများ။

၁၆။ ပါလီမန် ဖျက်သိမ်းခြင်း။

၁၇။ အစိုးရ ဖွဲ့စည်းခြင်းနှင့် ဖယ်ရှားခြင်း ယန္တရားများ။ *

၁၈။ အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ။ *

၁၉။ ထိန်းညှိခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ လွတ်လပ်သော (စတုတ္ထမဏ္ဍိုင်) အင်စတီကျူးရှင်းများ။*

၂၀။ နိုင်ငံရေးပါတီများအား ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အသိအမှတ်ပြုခြင်း

၂၁။ သမ္မတစနစ်နှင့် တစ်ပိုင်းသမ္မတစနစ်ကျင့်သုံးသော ဒီမိုကရေစီနိုင်ငံများတွင် သမ္မတရွေးကောက်တင်မြှောက်ခြင်း

* မြန်မာဘာသာဖြင့် ရရှိနိုင်သည်။

ဤ စာတမ်းများကို ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ် <http://www.idea.int/publications> တွင် ရယူနိုင်ပါသည်။ နောက်ဆုံးအဆင့် ပြင်ဆင်ထားသောစာတမ်းများကို ဤဝဘ်ဆိုဒ် <http://constitutionnet.org/primers> တွင်လည်း ရယူနိုင်ပါသည်။

ယခု စာတမ်းအား ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ခြင်းကို နော်ဝေးနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် လူဇင်ဘာ့ခ်နိုင်ငံ အစိုးရတို့မှ ထောက်ပံ့ကူညီသည်။

Norwegian Embassy | GRAND DUCHY OF LUXEMBOURG | Ministry for Foreign Affairs of Finland | Sweden Sverige

International IDEA မှ ထုတ်ဝေလျက်ရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း" စာတမ်းများကို နိုင်ငံတစ်ဝှမ်းဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် ကောင်းမွန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် ရည်ရွယ်ရေးသားထုတ်ဝေသည်။ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ အစိုးရဝန်ထမ်းများ၊ လွှတ်တော်ဥပဒေပြုသူများ၊ နိုင်ငံသားများအတွက် အထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်။

ဤစာတမ်းတစ်ခုချင်းစီသည် နိုင်ငံရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာ အထူးကျွမ်းကျင်သူများမဟုတ်သော သာမန်စာဖတ်သူများအတွက် အကြောင်းအရာခေါင်းစဉ်များအလိုက် မိတ်ဆက်စာအနေဖြင့်လည်း ရေးသားထားသည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးနယ်ပယ်၌ ဗဟုသုတ၊ အတွေ့အကြုံရှိပြီးသူတို့ပြန်လည်နှီးနှောဖတ်ရှုနိုင်ရန်အတွက်လည်း အသုံးဝင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သူများ၏ လက်တွေ့ကျကျကြုံတွေ့ရသော ရွေးချယ်မှုများအပေါ်တွင် အကြောင်းအရာအလိုက် စနစ်တကျခွဲခြားတင်ပြခြင်းဖြင့် ရှုပ်ထွေးပွေလီလှသော အခြေခံဥပဒေဆိုင်ရာ ပြဿနာများကို လွယ်ကူရှင်းလင်းသောနည်းလမ်းများဖြင့် ရှင်းပြနိုင်ရန်ရေးရှုသည်။

INTERNATIONAL IDEA INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

**International IDEA**
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

**International IDEA**
မြန်မာနိုင်ငံအခြေစိုက်ရုံး
၆၈(ဘီ)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်၊ မြန်မာနိုင်ငံ။
ဖုန်းနံပါတ် - +၉၅ ၉ ၂၆၃ ၁၂၈၁၀၄
အီးမေးလ် - info-myanmar@idea.int
ဝဘ်ဆိုဒ် - www.idea.int
my.constitution@idea.int

ISBN: 978-91-7671-317-4 (Print)
ISBN: 978-91-7671-318-1 (PDF)
DOI: ‹https://doi.org/10.31752/idea.2020.31›